# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 15 March 2017 (၈၈၆၆)


# မော်လမြိုင်မြို့နှင့် ဘီလူးကျွန်း(ချောင်းဆုံမြို့) ဆက်သွယ်ထားသည့် သံလွင်မြစ်ကူးတံတားအား ဝိသေသထူးခြားသည့်အတွက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမဖြင့် တံတားအမည်ဂုဏ်ပြုသတ်မှတ်ရန် ပြည်သူ့လွှတ်တော်အတည်ပြု

နေပြည်တော် မတ် ၁၄

**တံတားများသည် အများအားဖြင့် ပြည်သူများအကြားတွင် အထင်ကရ အဆောက်အအုံများအဖြစ် တည်ရှိနေသည့်အားလျော်စွာ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ လွယ်ကူစွာမှတ်သားလမ်းညွှန်အသုံးပြုနိုင်ရေးအတွက် တံတားအမည်များကို လိုအပ်သလိုသတ်မှတ်ပေးလျက်ရှိပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။**


စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒


# ကော်မတီ(၁၅)ခု၏ တစ်နှစ်တာဆောင်ရွက်ချက်၊ လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို အမျိုးသားလွှတ်တော်၌ ဖတ်ကြားတင်သွင်း

**နေပြည်တော် မတ် ၁၄**

ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ကော်မတီ (၁၅) ခုတို့၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်၊ လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်နှင့် ရှေ့လုပ်ငန်းစဉ်များပါဝင်သောအစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ က **"အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ"** ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအနေဖြင့် ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၁)ခုတင်သွင်းခဲ့ပါကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို (တတိယ) အကြိမ် ပြင်ဆင်သည့်ဥပဒေ (မူကြမ်း) အား ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းပြီးဖြစ်ပါကြောင်း။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ပုဒ်မ (၅၄)ခု ပါဝင်ကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေအား (၂၀၀၃) ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ပြင်ဆင်ချက် (၁၉)ချက် ပါဝင်ကြောင်း၊ ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကို


**စာမျက်နှာ ၅ ကော်လံ ၁ သို့ ■**


**ပြည်သူများထံမှ ပေးပို့တင်ပြလာသည့် တိုင်ကြားစာများ၊ အသနားခံစာများကို အစွမ်းကုန် ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈) မျက်နှာဖြင့် ဖော်ပြထားပါသည်။

# မြန်မာနိုင်ငံတွင် ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေး နည်းပညာနှင့်အထောက်အပံ့ ယူရိုငွေ ၂၂ သန်းကျော် ကျခံဆောင်ရွက်မည်



**နေပြည်တော် မတ် ၁၄**

မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အရ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျာမန်လယ်ယာကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (The Deutsche Gesellshafd for Internationale Zusammenarbeit-GIZ)တို့၏စီမံကိန်းအကောင်အထည်ဖော်မှုဆိုင်ရာ မြန်မာနိုင်ငံတွင် ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအစီအစဉ် (MYSAP) စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၄ ရက် နံနက်ပိုင်းက နေပြည်တော် Horizon Lake View Resort ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်အမှာစကားပြောသည်။

ပြည်ထောင်စုဝန်ကြီးက EU-GIZ အနေဖြင့် အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများ၏ ကုန်သွယ်ရေးစနစ်နှင့် EU ဈေးကွက်ရေရှည်စေရေး


**စာမျက်နှာ ၃ ကော်လံ ၄ သို့ ✪**





# ကြေးမုံ

## ပြည်သူ့အကျိုးအတွက် တရားရေးမဏ္ဍိုင်

တရားရုံးများသည် နိုင်ငံ၏တရားရေးမဏ္ဍိုင်ဖြစ်သည်။ ပြည်သူ့အခွင့်အရေးများကို ထိပါးခြင်းရှိလျှင် တရားရုံးများက မှုခင်းများကိုလက်ခံ၍ ဥပဒေအရ လိုအပ်သောပြင်ဆင်ခြင်း၊ တရားစီရင်ခြင်းများပြုပေးရသည်။ ပြည်သူအချင်းချင်း အမှုအခင်းများဖြစ်ပွားလျှင်လည်း ဥပဒေနှင့်လျော်ညီစွာ အဆုံးအဖြတ်ပေးရသည်။ ရာဇဝတ်ပြစ်မှုကျူးလွန်သူများကို ဥပဒေအရ အရေးယူ၍ ပြစ်မှုထင်ရှားလျှင် ထိုက်သင့်သောပြစ်ဒဏ်ပေးရသည်။

ဥပဒေမဲ့သူကို အရေးယူ၍ ဥပဒေလိုက်နာကျင့်သုံးသော ပြည်သူများကို အကာအကွယ်ပေးရသည်။ ဥပဒေအထက်တွင် မည်သူမျှ မရှိစေရချေ။ ဆင်းရဲချမ်းသာ၊ ရာထူးနိမ့်မြင့်မရွေး၊ လူတန်းစားမရွေး အားလုံးသော ပြည်သူတို့အတွက် ညီမျှသော တရားဥပဒေတစ်မျိုးတစ်စားတည်းသာလျှင် ရှိသည်။ တရားဥပဒေသည် ဖြောင့်မှန်ဖြူစင်သော ပြည်သူကို ကာကွယ်မည်။ ကောက်ကျစ်ညစ်ညမ်းသောသူကို ပြစ်ဒဏ်ခတ်မည်။ တရားဥပဒေကို ဝယ်ယူ၍မရချေ။ ထိုညီမျှသောသဘောတို့သည် ဒီမိုကရေစီနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ တရားရေးမဏ္ဍိုင်ကို ကြံ့ခိုင်စေသည်။

မြန်မာနိုင်ငံသည် တရားဥပဒေစိုးမိုးသောနိုင်ငံဖြစ်သည်။ တရားဥပဒေကို ပြည်သူတိုင်း လေးစားရိုသေလိုက်နာကြရသည်။ စောင့်ထိန်းကြရသည်။ သို့မှသာလျှင် တရားဥပဒေက တုံ့ပြန်သမှုပြု၍ ပြည်သူကို တရားမဲ့ စော်ကားသူများရန်မှ ထိရောက်စွာကာကွယ်နိုင်မည်။ တရားဥပဒေကို စောင့်သိရိုသေခြင်းသည် ပြည်သူတို့၏ အလေ့အထအကျင့်တစ်ခုဖြစ်နေရမည်။ တစ်ခါတစ်ရံမှ လေးစားရိုသေရုံနှင့်မပြီး နေ့စဉ်နှင့်အမျှ ပြည်သူ့နှလုံးတွင် ကိန်းဝပ်နေပြီး ဖြစ်ရမည်။

ဤသည်မှာ ပြည်သူများဘက်က တရားဥပဒေနှင့်ပတ်သက်၍ သိရှိထားသင့်သော အချက်အချို့ဖြစ်သည်။ တရားရေးမဏ္ဍိုင်ဘက်ကလည်း လူထု၏ယုံကြည်ကိုးစားမှုကို မြှင့်တင်ပေးနိုင်ရမည်။ အများပြည်သူ၏ တရားမျှတမှုအား လက်လှမ်းမီရေးကို ကာကွယ်စောင့်ရှောက်ပေးရမည်။ လူထု၏အသိအမြင်ကို မြှင့်တင်ပေးရမည်။ တရားစီရင်ရေး၏ လွတ်လပ်မှုနှင့်တာဝန်ယူဆောင်ရွက်မှုကို မြှင့်တင်ပေးရမည်။ တရားစီရင်ရေး၏ သာတူညီမျှမှုနှင့် ဂုဏ်သိက္ခာကို အာမခံနိုင်သည့် ကတိကဝတ်များအား ထိန်းသိမ်းရန်နှင့် အမှုများစစ်ဆေးစီရင်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု အားကောင်းရမည်။

ယခုအခါ အစိုးရသစ်၏တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ တရားရေးမဏ္ဍိုင်အား ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိရာ အစိုးရသစ်၏ ငါးနှစ်သက်တမ်းကာလအတွင်း တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းတွင် အဆိုပါအချက်များ ပါဝင်ပြီးဖြစ်နေရာ တရားရေးမဏ္ဍိုင်မှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအား အလုပ်အကျွေးပြုကြရမည်ဖြစ်သည်။

တရားရုံးများတွင်အမှုများ မှန်မှန်နှင့်မြန်မြန် စစ်ဆေးပေးနိုင်ရေးမှာ ပြည်သူများအတွက် အထူးလိုအပ်သည်။ ထိုလိုအပ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် အမှုသွားအမှုလာ စီမံခန့်ခွဲမှုကို တရားရုံးများတွင် ရှေ့ပြေး စမ်းသပ်ဆောင်ရွက်နေရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပူးပေါင်းပံ့ပိုးပေးနေခြင်းသည် အမှုကိစ္စများကို ဆောင်ရွက်ကြသော ပြည်သူများ အချိန်ကုန်လူပန်း၊ ငွေကုန်သက်သာအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ကြန့်ကြာနေသောအမှုများအား လျှော့ချနိုင်ခဲ့ခြင်းသည် တစ်နှစ်တာအတွင်း အောင်မြင်မှုဟု ဆိုရမည်ဖြစ်သည်။ ထို့အပြင် အမှုရင်ဆိုင်နေရသူများအတွက်သာမက ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများ အခွင့်အရေးအပြည့်အဝရရှိစေရေး အတွက်လည်း ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှတရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားသူကြီးချုပ်တို့က အကျဉ်းထောင်၊ ရဲဘက်စခန်း၊ အချုပ်ခန်းများအထိ ကွင်းဆင်းစစ်ပေးနိုင်ခြင်းမှာလည်း ကောင်းမွန်သော လုပ်ဆောင်ချက်ပင် ဖြစ်သည်။

တစ်နှစ်တာကာလအတွင်း စစ်ဆေးတွေ့ရှိချက်အရ နှစ်ဖက်အမှုသည်၊ ၎င်းတို့၏အကျိုးဆောင်ရှေ့နေ၊ ဥပဒေရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အခြားဆက်စပ်အဖွဲ့အစည်းများက တရားရုံးများအပေါ် ပူးပေါင်းဆောင်ရွက်မှုအားကောင်းသဖြင့် တရားရုံးသို့ ရောက်ရှိကြသူများ၏ ကျေနပ်မှု ၆၆ ရာခိုင်နှုန်းအထိရှိသဖြင့် သိသာသော တိုးတက်မှုများဟု ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တရားရုံးများသို့ ဥပဒေကို သိလျက်နှင့် ဖြစ်စေ၊ မသိလျက်နှင့်ဖြစ်စေရောက်ရှိလာတတ်ကြသည်။ ပြည်သူများအနေဖြင့် မရောက်သင့်သောအရပ်ဖြစ်သည်။ ထို့ကြောင့် တရားရေးမဏ္ဍိုင်တည့်မတ်ခိုင်မာမှုတစ်ခုဖြင့် တရားရုံးသို့ရောက်ရှိသူမည်သူ့ကိုမဆို ကျေနပ်လက်ခံမှုရှိအောင် တိုးတက်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## မူခင်းအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပေါင် မတ် ၁၄**

ပေါင်မြို့နယ် မုတ္တမကျေးရွာ ရေးစုရပ်ကွက် သံလွင်တံတားအောက်ဘက်ခြမ်းရှိ ပြည်သူများအား မူခင်းကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးမှုကို ပေါင်မြို့နယ် ဒု-ရဲမှူး ဝင်းထိန်၊ ရပ်ကွက်/ကျေးရွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မုတ္တမကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ဒု-ဥက္ကဋ္ဌ ခေတ္တနယ်မြေစခန်းမှူး(မုတ္တမ) ရဲအုပ် မြင့်ကြိုင်နှင့် တပ်ဖွဲ့ဝင်များက မတ် ၉ ရက် နံနက် ၉ နာရီခွဲက မူခင်းပညာပေးယာဉ်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

သထုံခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်နှင့် ပေါင်မြို့မရဲစခန်းမှူးနှင့် မုတ္တမနယ်မြေ ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မုတ္တမကျေးရွာ ရေးစုရပ်ကွက် သံလွင်တံတားအောက်ဘက်ခြမ်းတွင် ပြည်သူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များအား အသိပညာပေးရှင်းလင်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဝက်နားရွက်ပြာရောဂါကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၁၄**

ကြက်ငှက်တုပ်ကွေးရောဂါ (H9N2)နှင့် ဝက်နားရွက်ပြာရောဂါ (PRRS) ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဒေါက်တာ ခင်ဇော်က မြန်မာနိုင်ငံအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) နှင့် ပတ်သက်၍ မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အပျော့စား ကြက်ငှက်တုပ်ကွေးရောဂါ (H9N2) နှင့် ပတ်သက်၍လည်း တိကျသောမူဝါဒများ ချမှတ်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံအတွင်းရှိ ဝက်မွေးမြူရေးလုပ်ငန်းအများစုသည်လည်း မိရိုးဖလာ တစ်ပိုင်တစ်နိုင် မွေးမြူကြသည့်အတွက် ဝက်နားရွက်ပြာရောဂါ (PRRS) ကဲ့သို့ ကူးစက်ရောဂါများ ဖြစ်ပွားလာလျှင် ထိန်းချုပ်ရန်ခက်ခဲသည့် စိန်ခေါ်မှုများရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က (H5N1) ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရန် ကာကွယ်ဆေးသုံးစွဲခြင်းဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းပြောကြားပြီး အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများ၊ ကျော်လွှားနိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ညှိနှိုင်းအဖြေရှာ ဆွေးနွေးကြသည်။

နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများစွာရှိသည့်အနက် ကြက်ငှက်တုပ်ကွေးရောဂါနှင့် ဝက်နားရွက်ပြာရောဂါတို့သည် မြန်မာနိုင်ငံရှိ မွေးမြူထုတ်လုပ်သူများ၏ မွေးမြူရေးကဏ္ဍနှင့် လူမှုစီးပွားကို များစွာထိခိုက်စေပြီး ပြည်သူ့ကျန်းမာရေးကိုပါ ခြိမ်းခြောက်လျက်ရှိသည်။

H9N2 ရောဂါပိုးသည် အပျော့စား ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပြီး အတ္တလန္တိတ်သမုဒ္ဒရာမှ အရှေ့တောင်တရုတ် ပင်လယ်တစ်လျှောက်ရှိ နိုင်ငံများတွင် အများဆုံးဖြစ်ပွားသော ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး ကူးစက်မှုနှုန်းနှင့် သေနှုန်းမှာ ခန့်မှန်းရခက်ခဲကာ ကူးစက်ခံရသောကြက်နှင့် ရောဂါပိုး၏ အနေအထားပေါ်မူတည်၍ ကြက်ဥထုတ်လုပ်မှုနှုန်း ကျဆင်းစေပြီး အဆိုပါရောဂါ ဝင်ရောက်ပါက နောက်ဆက်တွဲရောဂါများနှင့် အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါများကို ဆက်လက်ဝင်ရောက်ဖြစ်ပေါ်စေနိုင်သည်။

Biosecurity ဖြင့် ရောဂါဆက်လက် မပြန့်ပွားစေရန် ဆောင်ရွက်သည့်အပြင် ကာကွယ်ဆေးထိုးခြင်းကို ခွင့်ပြုသင့်က ကာကွယ်ဆေးတွင်လည်း Modified Live Vaccine (MLV) သည်သာ ထိရောက်မှုရှိကြောင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ်လ ၁၄**

ရန်ကုန်(ရွှေဈေး) ၈၈၃၅၀၀ - ၈၈၃၅၀၀၊ မန္တလေး(ရွှေဈေး) ၈၈၃၅၀၀ - ၈၈၃၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၅/၇၇၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၁၀/၇၃၅ ကျပ်၊ | ၈၀၀/၈၁၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၂၀/၇၄၅ ကျပ်၊ | ၇၇၀/၇၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**၆-၃-၂၀၁၇ ရက်နေ့မှ ၁၀-၃-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၅၇ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၇၀ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၁.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆.၉၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈.၅၉၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆.၂၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၅၈၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၈၅.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၆၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၀.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၃.၀၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဗေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# တစ်နိုင်ငံလုံးရှိ ကျေးလက်ကျန်းမာရေးဌာန ၁၇၇၈ ခုရှိသည့်အနက် ၇၅ ရာခိုင်နှုန်းကျော် ပြည်သူလူထုအခြေပြုဆေးခန်းများ ဖွင့်လှစ်ထား

**နေပြည်တော် မတ် ၁၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မတ် ၁၃ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ CHATRIUM Hotel ၌ ကျင်းပသော Myanmar Diabetes Care Program 2017-2020 between the Ministry of Health and Sports and Novo Nordisk A/S ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Peter Lysholt Hansen က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် Director Novo Nordisk South East Asia Mr. Henrik Bendix Dahl မှ Myanmar Diabetes Care Program အကြောင်းကို တင်ပြခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ဆီးချိုရောဂါသည် ဖြစ်ပွားမှုများပြားလျက်ရှိပြီး ဆီးချိုဝေဒနာဖြစ်ပွားပါက သွေးတိုးရောဂါပါ တွဲလျက်ဖြစ်ပွားတတ်ကြောင်း၊ ဆီးချိုရောဂါကို ကောင်းမွန်စွာ ဆေးကုသမှုမခံယူပါက နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ မျက်စိကွယ်ခြင်း၊ လေဖြတ်ခြင်းစသည်တို့ကို ခံစားရတတ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးရှိ ကျေးလက်ကျန်းမာရေးဌာန ၁၇၇၈ ခုရှိသည့်အနက် ၇၅ ရာခိုင်နှုန်းကျော်တွင် ပြည်သူလူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ ဖွင့်လှစ်ထားရှိပြီး ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယခုစီမံချက်အနေဖြင့်လည်း အဆိုပါဆေးခန်းများနှင့် ပိုမိုပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးနှင့်မြန်မာနိုင်ငံဆိုင်ရာ Danish Ambassador H.E.Mr. Peter Lysholt Hansen တို့က Myanmar Diabetes Care Program 2017-2020 ပူးပေါင်းဆောင်ရွက်မှု၊ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး လဲလှယ်ခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသော Stakeholders Consultation on Nursing and Midwifery Curriculum အပြီးသတ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားရာ ဝန်ကြီးဌာန၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် သူနာပြု/သားဖွားများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည်ဖြစ်၍ သူနာပြု/သားဖွားကဏ္ဍတိုးတက်ရေးအတွက် အထူးဦးစားပေး၍ ဆောင်ရွက်နေပါကြောင်း။

သူနာပြု/သားဖွားများအနေဖြင့် မိမိတို့ သူနာပြု/သားဖွားလောက တိုးတက်စေရေးအတွက် မိမိတို့ကိုယ်တိုင် ပြုလုပ်ကြရမည်ဖြစ်ကြောင်း၊ သူနာပြုတက္ကသိုလ်များသည် နိုင်ငံတကာအဆင့်မီတိုးတက်စေရေးအတွက် သုတေသနပြုလုပ်ရန်အထူးလိုအပ်ပါကြောင်း၊ ရန်ကုန်နှင့် မန္တလေးသူနာပြုတက္ကသိုလ်များတွင် သုတေသနဌာနခွဲတစ်ခုစီ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာမြတ်သန္တာနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းတို့က သူနာပြုတက္ကသိုလ်များတွင် သင်တန်းများ ဖွင့်လှစ်နေမှုကို ရှင်းလင်းတင်ပြကြသည်။ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌနှင့် သူနာပြုတက္ကသိုလ်မှ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဘူလ်ဂေးရီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ဦးမျိုးအေးအား ပူးတွဲခန့်အပ်

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘူလ်ဂေးရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း ၎င်း၏ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၁၅**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စိုးဝင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ဟနွိုင်းမြို့၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာကျန်းဒိုက်ကွမ်းထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ဆေးဝါးစက်ရုံ(အင်းစိန်)မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဌာနသို့ ဩစတြေးလျနိုင်ငံ‌ဧည့်အဖွဲ့ လေ့လာ

**ရန်ကုန် မတ် ၁၄**

စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံ (အင်းစိန်)တွင် WHO GMP နှင့်အညီ ဩစတြေးလျနိုင်ငံ၏ နည်းပညာအကူအညီဖြင့် ပူးပေါင်းဆောင်ရွက်အောင်မြင်နေသည့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုကို ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာကြသည်။

ဧည့်သည်ဝန်ကြီးနှင့် အဖွဲ့ကို စက်ရုံမှူး ဦးကိုကိုအောင်က ဆေးဝါးစက်ရုံ(အင်းစိန်)တွင် ဆေးဝါးများ ထုတ်လုပ်မှုအခြေအနေ DFAT-GPFD Myanmar Snakebite Project နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းပြပြီး ဆက်လက်ဆောင်ရွက်မည့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုအစီအစဉ်များကို ဆွေးနွေး ကြသည်။

ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး H.E. Concetta. Fierravanti-Wells က မြွေဆိပ်ဖြေဆေးများကို နည်းပညာအဆင့်မြင့်မားစွာဖြင့် ထုတ်လုပ်နေမှုကို တွေ့ရှိရသဖြင့် များစွာ ဝမ်းမြောက်မိပါကြောင်း၊ ဩစတြေးလျနိုင်ငံအနေဖြင့်လည်း ဆက်လက်၍ နည်းပညာပိုင်းဆိုင်ရာများ ဆက်လက်ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဧည့်သည်ဝန်ကြီးနှင့်အဖွဲ့သည် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဌာနအတွင်း မြွေဆိပ်ဖြေဆေးများကို WHO GMP နှင့်အညီထုတ်လုပ်နေမှု၊ မြွေကန်အဆောက်အအုံအတွင်း မြွေဆိပ်ညှစ်နေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ဆေးဝါးစက်ရုံ(အင်းစိန်)အနေဖြင့် မြွေဆိပ်ဖြေဆေးများကို ကမ္ဘာ့အဆင့်မီ ထုတ်လုပ်လျက်ရှိရုံသာမက ထုတ်လုပ်မှုနည်းပညာများကိုလည်း ဩစတြေးလျနိုင်ငံ DFAT- GPFD Myanmar Snakebite Project မှ ပညာရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဘရာဇီးနိုင်ငံ Instituto Butantan တို့ဖြင့်လည်း မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဆိုင်ရာ နည်းပညာကို ၂၀၁၄ ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် ယခုဘဏ္ဍာနှစ်တွင် ဆေးဝါးစက်ရုံ (အင်းစိန်) အနေဖြင့် မြွေဆိပ်ဖြေဆေးများကို လိုအပ်ချက်ထက်ပင် ပိုမိုထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**






**❂ မြန်မာနိုင်ငံမှ**

ကုန်သွယ်မှုတိုးတက်ရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

EU-GIZ နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနတို့ နည်းပညာပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံတွင် ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအစီအစဉ် (MYSAP) စီမံကိန်းကို နည်းပညာကျွမ်းကျင်မှုများနှင့် ခိုင်မာသေချာသောစီမံချက်များ ချမှတ်လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရေသတ္တဝါမွေးမြူရေး ရေရှည်ဖွံ့ဖြိုး တိုးတက်လာစေရန် ခေတ်မီနည်းပညာများဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးများရရှိရေး အကူအညီများ လိုအပ်လျက်ရှိရာ ဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများ၊ ဒေသတွင်းနှင့် ပြည်တွင်း INGOs၊ NGOs များ၏ နည်းပညာဆိုင်ရာ ပူပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် EU သံရုံးမှကောင်စစ်ဝန် Ms.Delphine နှင့် GIZ မှ Ms. Petra Schill တို့က မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံတွင် ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအစီအစဉ် (MYSAP) စီမံကိန်းသည် မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်သည့် ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ရန်ပုံငွေ ကူညီထောက်ပံ့ရေး၊ စီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာများ သဘောတူညီချက်များ ထားရှိဆောင်ရွက်သည့်စီမံကိန်းဖြစ်ပြီး လုပ်ငန်းသုံးပစ္စည်း၊ နည်းပညာနှင့် အထောက်အပံ့ စုစုပေါင်း ယူရိုငွေ ၂၂ ဒသမ ၂၅ သန်း ကျခံဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ ဆင်းရဲမှုလျှော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရဓာတ်ရရှိမှု တိုးတက်ကောင်းမွန်ရေးအပါအဝင် ရေသတ္တဝါမွေးမြူမှုရေရှည်တည်တံ့ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တောရိပ်ခိုနေ အပန်းပြေ၏

# မော်တော်ယာဉ်များ၏ ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးစည်းမျဉ်းများ ဖြေလျှော့ပေးရေး သမ္မတ ထရန့် ကြေညာမည်



**ဝါရှင်တန် မတ် ၁၄**
အမေရိကန်ပြည်ထောင်စု၌ မော်တော်ယာဉ်များ၏ ဓာတ်ငွေ့ထုတ်လွှတ်ခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ပြန်လည်သုံးသပ်ရန် သမ္မတ ဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့က မကြာမီ တရားဝင်ထုတ်ပြန်ကြေညာရန် ပြင်ဆင်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

မော်တော်ယာဉ်များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရခြင်းမှ ထိန်းချုပ်ရန် ရည်ရွယ်သော စည်းမျဉ်းများကို ပြန်လည်ဖြေလျှော့ပေးရန် သမ္မတထရန့်သည် ယခုရက်သတ္တပတ်အတွင်း မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများ၏ အကြီးအကဲများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ယခင်သမ္မတ ဘာရက်အိုဘားမား အစိုးရအဖွဲ့၏ ရာထူးသက်တမ်းမကုန်ဆုံးမီ နောက်ဆုံးအချိန်တွင် ထုတ်ပြန်ခဲ့သော မော်တော်ယာဉ်များ၏ ဓာတ်ငွေ့ထုတ်လွှတ်ခြင်းဆိုင်ရာ စည်းမျဉ်းများကို ဖြေလျှော့ပေးရန် မကြာမီ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ သမ္မတအိုဘားမား၏ စွမ်းအင်ချွေတာရေး စံချိန်စံညွှန်းများအရ မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီများအနေဖြင့် စက်သုံးဆီကို အထိရောက်ဆုံး အသုံးပြုနိုင်မည့် မော်တော်ယာဉ်ထုတ်လုပ်ရေးနည်းပညာကို အားပေးမြှင့်တင်ရမည်ဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှု မရှိစေရေးအတွက် လျှပ်စစ်ကားများနှင့် စွမ်းအင်နှစ်မျိုး အသုံးပြုသော ကားပုံစံသစ်များ ထုတ်လုပ်ရန် ဦးတည်ခဲ့သည်။

ကမ္ဘာကြီး ပူနွေးမှုကို ဖြစ်ပေါ်စေသော ဓာတ်ငွေ့ထုတ်လွှတ်မှုနည်းနိုင်သမျှ နည်းစေရေးအတွက် မော်တော်ယာဉ် ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာ လိုအပ်ချက်များ ပြည့်မီရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်မှာ ဝန်ထုပ်ဝန်ပိုးသဖွယ် ကြီးလေးလှသည်ဟု အမေရိကန်ရှိ မော်တော်ယာဉ် ထုတ်လုပ်ရေးဆိုင်ရာ အကြီးဆုံးသော ကုမ္ပဏီများက သမ္မတထရန့်အား တိုက်တွန်းပြောကြားခဲ့ကြသည်။

သမ္မတထရန့်သည် မတ် ၁၅ ရက်တွင် ဒက်ထရွိုက်မြို့ရှိ မော်တော်ယာဉ် စမ်းသပ်ရေးဌာနသို့ သွားရောက်မည်ဖြစ်ပြီး အမေရိကန် မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီ အကြီးအကဲများနှင့် တွေ့ဆုံရန် စီစဉ်ထားသည်။

မော်တော်ယာဉ်များ၏ ဓာတ်ငွေ့ထုတ်လွှတ်မှု ကန့်သတ်ရေးစည်းမျဉ်းများနှင့် ပတ်သက်၍ ပြန်လည်ဖြေလျှော့ပေးရန် သုံးသပ်လေ့လာမှု ပြုလုပ်သင့်သည်ဟု သမ္မတ ထရန့်၏ အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ **ရိုက်တာ။**

# ၂၀၁၂ ခုနှစ်နောက်ပိုင်း ကုန်သွယ်ရေကြောင်းသင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများ ပထမဆုံးအကြိမ် ပြန်ပေးဆွဲ

**နိုင်ရိုဘီ မတ် ၁၄**
ဆိုမာလီပင်လယ်ဓားပြများသည် သီရိလင်္ကာသင်္ဘောသားများလိုက်ပါလာသော ရေနံတင်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်နောက်ပိုင်း ကုန်သွယ်ရေကြောင်း သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက ပထမဆုံးအကြိမ် အောင်မြင်စွာ ပြန်ပေးဆွဲနိုင်ခဲ့သည့် ဖြစ်စဉ်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အဲရစ် ၁၃ အမည်ရှိ ရေနံတင်သင်္ဘောသည် မတ် ၁၃ ရက်က ဘေးဥပဒ်ကျရောက်နေသည်ဟု သတင်းပို့ခဲ့ပြီးနောက် သင်္ဘောရောက်ရှိနေသည့်နေရာကို ဖော်ပြနိုင်သော လမ်းကြောင်းပြစနစ်ကို ပင်လယ်ဓားပြတို့က ရပ်ဆိုင်းပစ်ခဲ့သည်။ အဆိုပါ ရေနံတင်သင်္ဘောကို ဆိုမာလီပင်လယ်ဆိပ်ကမ်းမြို့ငယ်ဖြစ်သော အယ်လူလာမြို့သို့ လမ်းကြောင်းပြောင်းကာ မောင်းနှင်စေခဲ့ကြောင်း ပင်လယ်ဓားပြကင်းဝေးသော သမုဒ္ဒရာများအဖွဲ့ အမည်ရှိ အကူအညီပေးရေးအဖွဲ့မှ ဂျွန်စတိက ပြောကြားသည်။

ပင်လယ်ဓားပြများသည် အယ်လူလာဆိပ်ကမ်းဘက်သို့ သင်္ဘောကို ချဉ်းကပ်စေခဲ့ကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူး အာမက်အိန်းနက်က ရိုက်တာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

အဆိုပါ ရေနံတင်သင်္ဘောပေါ်၌ သင်္ဘောဝန်ထမ်း ရှစ်ဦးလိုက်ပါလာသည်ဟု ယူဆရကြောင်း ဂျွန်စတိက ပြောကြားသည်။ ၎င်းသည် ပြန်ပေးဆွဲခံရသော သင်္ဘောအား နောက်ယောင်ခံလိုက်နေသော ရေတပ်တပ်ဖွဲ့နှင့် အဆက်အသွယ် ပြုလုပ်လျက်ရှိသည်။ ဥရောပသမဂ္ဂ (အီးယူ)၏ ဒေသဆိုင်ရာရေတပ်ဖွဲ့မှ လေယာဉ်များက အခြေအနေကိုသိရှိရန် ဝေဟင်မှ စူးစမ်းလေ့လာမှု ပြုလုပ်ခဲ့ကြောင်း ဂျွန်စတိက ပြောကြားသည်။

အဆိုပါ ရေနံတင်သင်္ဘောသည် ဂျီဘူတီနိုင်ငံမှ ဆိုမာလီနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးသို့ ဦးတည်ခုတ်မောင်းလာစဉ် အာဖရိက ဦးချိုဒေသ ကို ဖြတ်သန်းခဲ့ပြီးနောက် ဆိုမာလီကမ်းရိုးတန်းကမ်းလွန်တွင် ပင်လယ်ဓားပြတိုက်ခံရခြင်းဖြစ်သည်။

ပြန်ပေးဆွဲခံရသော ရေနံတင်သင်္ဘော၏ ဖြစ်စဉ်ကို ဗြိတိန်ပင်လယ်ရေကြောင်း ကုန်သွယ်ရေးအဖွဲ့က လေ့လာစောင့်ကြည့်နေကြောင်း၊ အဆိုပါ အဖွဲ့သည် အဒေင်ပင်လယ်ကွေ့ဒေသ၌ သွားလာနေသော ရေယာဉ်များအားလုံးနှင့် ပတ်သက်၍ စီမံခန့်ခွဲရာတွင် ညှိနှိုင်းဆောင်ရွက်ပေးနေသည့် အဖွဲ့ဖြစ်ကြောင်း မလေးရှားနိုင်ငံ အခြေစိုက် နိုင်ငံတကာပင်လယ်ရေကြောင်းဗျူရိုက ပြောကြားသည်။ **ရိုက်တာ။**

# အမေရိကန် အရှေ့မြောက်ပိုင်းပြည်နယ်များတွင် နှင်းမုန်တိုင်းတိုက်ခတ်

**နယူးယောက် မတ် ၁၄**
အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ်များဖြစ်သည့် နယူးယောက်ပြည်နယ်နှင့် နယူးဂျာစီပြည်နယ်များတွင် နှင်းမုန်တိုင်းတိုက်ခတ်ပြီး ဆီးနှင်းများထူထပ်စွာကျရောက်နေသည့်အတွက် အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာထားရသည်။

အမေရိကန်မိုးလေဝသဌာနက မိန်းပြည်နယ်၊ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၊ နယူးဂျာစီပြည်နယ်၊ နယူးယောက်ပြည်နယ်နှင့် ကွန်နက်တီကတ်ပြည်နယ်များတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုသတိပေးချက်များ ထုတ်ပြန်ကြေညာခဲ့သည်။ စာသင်ကျောင်းများ ပိတ်ထားရပြီး လေယာဉ်ခရီးစဉ်ထောင်ပေါင်းများစွာ ဖျက်သိမ်းခဲ့ရသည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုအခြေအနေဆိုးရွားမှုကြောင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်၏ ဝါရှင်တန်မြို့သို့ သွားရောက်၍ အမေရိကန်သမ္မတထရန့်နှင့် တွေ့ဆုံမည့် ခရီးစဉ်ကို ရွှေ့ဆိုင်းထားရသည်။ အမေရိကန်နိုင်ငံတစ်ဝန်း ပြည်သူ သန်း ၅၀ ခန့်သည် နှင်းမုန်တိုင်း တိုက်ခတ်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိသည့်အတွက် သတိပေးချက်များ ထုတ်ပြန်ကြေညာထားသည်။

**ဘီဘီစီ။**



# လစ်ဗျားနိုင်ငံ နယ်စပ်အနီး အီဂျစ်လေတပ်စခန်း၌ ရုရှားအထူးတပ်ဖွဲ့ဖြန့်ကြက်ဟု ရိုက်တာသတင်း၌ ဖော်ပြ

**ကိုင်ရို မတ် ၁၄**
လစ်ဗျားနိုင်ငံ နယ်စပ်အနီးရှိ အီဂျစ်နိုင်ငံ၏လေတပ်အခြေစိုက်စခန်းတစ်ခုတွင် ရုရှားနိုင်ငံက အထူးတပ်ဖွဲ့တစ်ဖွဲ့အား ဖြန့်ကြက်ခဲ့ပုံရကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ရိုက်တာသတင်းဌာနသည် အမည်ဖော်ပြခြင်းမရှိသည့် သတင်းရင်းမြစ်များအား ကိုးကားလျက် မတ် ၁၄ ရက်နေ့စွဲဖြင့် သတင်းထုတ်ပြန် ခြင်းဖြစ်ပြီး သတင်းရင်းမြစ်များတွင် အမေရိကန်နှင့် အီဂျစ်တာဝန်ရှိသူများပါဝင်သည်။

အမေရိကန်နှင့်အခြားသောသတင်းရင်းမြစ်များ၏ ပြောကြားချက်များအား ရိုက်တာသတင်းဌာနက ကိုးကားဖော်ပြရာတွင် ရုရှားအထူးတပ်ဖွဲ့ ဖြန့်ကြက်ရေးအစီအစဉ်သည် ဘက်ကူးပြောင်းသူ လစ်ဗျားစစ်ဘက်ဆိုင်ရာ တပ်မှူးကြီး ခါလီဖာ ဟာဖ်တာအား အထောက်အကူပြုရေးအတွက် ဖြစ်ကြောင်း၊ ၎င်းသည် ကုလသမဂ္ဂက ထောက်ခံအားပေးလျက်ရှိသည့် လစ်ဗျားအစိုးရအဖွဲ့အား ဆန့်ကျင်သူဖြစ်ကြောင်း သိရသည်။

လစ်ဗျားနိုင်ငံ၏ နယ်စပ်ဒေသနှင့် ကီလိုမီတာ ၁၀၀ ခန့်အကွာတွင် တည်ရှိသည့် အီဂျစ်နိုင်ငံ ဆီဒီဘာရာနီ လေတပ်အခြေစိုက်စခန်းတွင် ရုရှားအထူးတပ်ဖွဲ့များနှင့် မောင်းသူမဲ့လေယာဉ်များအခြေစိုက် ချထားလာမှုအပေါ် အမေရိကန်ကစောင့်ကြည့်သွားမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနသို့ အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အီဂေါ်ကိုနာရှန်ကော့ဗ်ကမူ ဆီဒီဘာရာနီလေတပ်အခြေစိုက်စခန်း၌ မည်သည့်ရုရှား အထူးတပ်ဖွဲ့မျှမရှိဟု ပြောကြားခဲ့သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ပြောရေးဆိုခွင့်ရှိသူ ဒီမတီပက်ရှ်ကော့ဗ်ကလည်း ၎င်းတို့အနေဖြင့် ယင်းသို့သော သတင်းများ မကြားသိရဟု ဆိုသည်။

**ဆင်ဟွာ။**

# အမေရိကန်-တရုတ် ထိပ်သီးဆွေးနွေးပွဲကျင်းပရန် အိမ်ဖြူတော်စီစဉ်

**ဝါရှင်တန် မတ် ၁၄**
သမ္မတ ဒေါ်နယ်လ်ထရန့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့ကြား ထိပ်သီးဆွေးနွေးပွဲကျင်းပရန် အိမ်ဖြူတော်က စီစဉ်လျက်ရှိကြောင်း အမေရိကန်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ရှောင်စပိုက်ဆာက အမေရိကန်-တရုတ်ထိပ်သီး ဆွေးနွေးပွဲကျင်းပရန် စီစဉ်လျက်ရှိသော်လည်း မည်သည့်အချိန်တွင် ကျင်းပသွားမည်ကို မသိရှိရသေးကြောင်း တနင်္လာနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါထိပ်သီးဆွေးနွေးပွဲသည် မြောက်ကိုရီးယားပြဿနာနှင့် မကြာသေးမီက အမေရိကန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံတွင် THAAD ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်မှုကြောင့် ဖြစ်ပွားရသည့် တင်းမာမှုများကို ဖြေလျှော့သွားရန် ရည်ရွယ်ကြောင်း စပိုက်ဆာက ပြောကြားသည်။ အဆိုပါဒုံးကျည်ဖြန့်ကြက်မှုကို တရုတ်နှင့် ရုရှားနိုင်ငံတို့က ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲကို ဧပြီ ၆ ရက်နှင့် ၇ ရက်ခန့်တွင် ဖလော်ရီဒါပြည်နယ်၌ ကျင်းပသွားရန် ယာယီအားဖြင့် စီစဉ်ထားကြောင်း ယင်းထိပ်သီးဆွေးနွေးပွဲနှင့် နီးစပ်သည့် အမေရိကန်တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် အမေရိကန်သတင်းမီဒီယာများက ရေးသားဖော်ပြကြသည်။

ယင်းထိပ်သီးဆွေးနွေးပွဲကျင်းပရေးနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တီလာဆန်၏ စနေနေ့မှစ၍ တရုတ်နိုင်ငံသို့ နှစ်ရက်ကြာသွားရောက်မည့်ခရီးစဉ်တွင် ဆွေးနွေးညှိနှိုင်းသွားမည်ဟု မျှော်လင့်ရသည်။ အဆိုပါခရီးစဉ်သည် ရက်စ်တီလာဆန်၏ ပထမဆုံး အာရှခရီးစဉ်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

## လွှတ်တော်ရေးရာ

❒ **မော်လမြိုင်မြို့မှ**

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် **ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့် တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အဆို**နှင့်စပ်လျဉ်းသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သံလွင်တံတား (ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းသည် ပင်လယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် သံလွင်မြစ်ကိုဖြတ်သန်း၍ မော်လမြိုင်မြို့နှင့် မြန်မာနိုင်ငံ၏ အဓိက ကျွန်းကြီးတစ်ကျွန်းဖြစ်သည့် ဘီလူးကျွန်းဒေသ ချောင်းဆုံမြို့သို့ ဆက်သွယ်ရန် တည်ဆောက်နေသည့် တံတားစီမံကိန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပင်လယ်ဝဒေသ၌ ပထမဆုံးတည်ဆောက်သည့် တံတားဖြစ်၍ ရေရှည်တည်တံ့ခိုင်ခံ့စွာအသုံးပြုနိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီရန် စီမံဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါတံတားသည် မြန်မာနိုင်ငံ၌သာမက ကမ္ဘာ၌ပင် အထင်ကရတံတားကြီးအဖြစ် တည်ရှိနေမည် ဖြစ်ပါကြောင်း၊ ပထမဆုံး ပင်လယ်အစိတ်အပိုင်းတစ်ခုကို ဖြတ်သန်းတည်ဆောက်သည့် တံတားဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကကျွန်းကြီးတစ်ကျွန်းနှင့် ပြည်နယ်သို့ ဆက်သွယ်တည်ဆောက်သည့် ဝိသေသထူးခြားသော တံတားတစ်စင်းလည်း ဖြစ်ပါကြောင်း၊ အဆိုပါတံတားသည် ပြည်သူများ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မာလာစေမည်ဖြစ်ပြီး တံတားအမည် ကမ္ဗည်းရေးထိုးရာတွင်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို မြန်မာနိုင်ငံ၌ စတင်ဖြစ်ပေါ်လာရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး၏ အမည်နာမနှင့် ထပ်တူပြုပေးခြင်းသည် သင့်လျော်မွန်မြတ်ပါကြောင်း၊ အဆိုကို ထောက်ခံပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

**တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဇော်မိုး**က လွှတ်တော်၏ဆောင်ပုဒ်သည် ပြည်သူ့အသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက်-လွှတ်တော်က ဖော်ဆောင်ရွက်တို့ဖြစ်ပါကြောင်း၊ ထို့အတူ ယခင် အစိုးရလက်ထက်က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ တည်ဆောက်ဖွင့်လှစ်ခဲ့သည့် တံတားများ၏ အမည်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ သဘောထားတုံ့ပြန်မှုများကိုလည်း နမူနာကောင်းအဖြစ် လေ့လာဆောင်ရွက်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်သို့ တင်ပြ၍ ပြည်ထောင်စုအစိုးရအား တိုက်တွန်းရသည်အထိ ဖြစ်ပေါ်လာခဲ့သည့် အဆိုတွင်ပါရှိသည့် တံတားအမည်သတ်မှတ်ပေးရေးနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒမဲ အနည်း၊ အများအပေါ် မူတည်၍ အတည်ပြုသတ်မှတ်ခြင်းထက် အဓိကနှင့် သာမညခွဲခြားကာ လွှတ်တော်၏ ဆောင်ပုဒ်များနှင့်အညီ ဒေသခံပြည်သူများ၏ ဆန္ဒနှင့် အသံများကိုသာ အလေးထားဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း**က အဆိုတွင် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်လွတ်လပ်ရေးရရန် အောင်ဆန်း-အက်တလီစာချုပ်ကြီး ပေါ်ပေါက်လာရန် ကြိုးပမ်းခဲ့ပြီး တိုင်းရင်းသား သွေးစည်းညီညွတ်ရေးအတွက် ပင်လုံစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သည့် လူထုခေါင်းဆောင်၊ တိုင်းရင်းသားအားလုံး၏ ခေါင်းဆောင် တပ်မတော်၏ ဖခင်ဖြစ်ခဲ့သည်ကို အမှတ်ရစေလိုသည့် ရည်ရွယ်ချက်ကြောင့်ဟု အတိအလင်းဆိုထားသည့်အတွက် လေးနက်ကျယ်ပြန့်စွာ တွေးတောကြည့်ပါက သာမန်အဆိုတစ်ရပ် မဟုတ်ဘဲ နိုင်ငံရေးအခြေအနေ အရပ်ရပ်များကြောင့် နိုင်ငံရေးအရ အဆိုသည် ထောက်ခံရမည့်အဆိုဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ မြစ်ကြီးနား မဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၊ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်နှင့် ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒကို စက်ခလုတ်နှိပ် အသုံးပြုရယူရာ ထောက်ခံမဲ ၂၁၇ မဲ၊ ကန့်ကွက်မဲ ၄၃ မဲ၊ ကြားနေမဲ ၁၁၆ မဲဖြင့် အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေးတွင် **ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး**၏ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားကာ ပြည်သူများကိုယ်စား တောင်းဆိုအကြံပြုချက်များကို အလေးထား အကောင်အထည်ဖော်ရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုဝန်ကြီးဌာနများ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသည် စီမံကိန်းလုပ်ငန်းများအလိုက် မြို့နယ်အသီးသီးတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၎င်းတို့စီမံကိန်းနှင့်ကိုက်ညီသော အသုံးစရိတ်များကို သက်ဆိုင်ရာ ဘတ်ဂျက်များတွင် ထည့်သွင်းရေးဆွဲပါကြောင်း၊ နိုင်ငံတော်၏ မူဝါဒရည်မှန်းချက်များကို အခြေခံ၍ ဝန်ကြီးဌာနများ၏ မူဝါဒရည်မှန်းချက်များ၊ ဒေသ၏ မူဝါဒရည်မှန်းချက်များနှင့်အညီ ဖြစ်စေရန်နှင့် ပြည်သူကို လက်တွေ့အကျိုးပြုနိုင်မည့် စီမံကိန်းများဖြစ်စေရန် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသန္တရအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများပါ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည်မှာ မှန်ကန်ပါကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ခြင်း၊ စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ခြင်းနှင့် ဘတ်ဂျက်လျာထားရေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ ဒီမိုကရေစီနည်းလမ်းတကျရှိရန်နှင့် ဒေသခံပြည်သူများ၏ တင်ပြဆွေးနွေးမှုများ ပူးပေါင်းပါဝင်လာနိုင်စေရန်အတွက် ခရိုင်နှင့် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများကို အသစ်ဖွဲ့စည်းထားပါကြောင်း။

လက်ရှိ ဖွဲ့စည်းထားပြီးဖြစ်သည့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး ကော်မတီများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အခြေခံကျသော မူဝါဒနှင့်အတူ ပြည်သူကို ဗဟိုပြုရေးကို ပိုမိုအလေးထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူ၏ အသံနှင့်ပြည်သူ့ဆန္ဒများကို ပိုမိုသိရှိနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များကို အထူးဖိတ်ကြား၍ ဆွေးနွေးအကြံပြုချက်များကို ရယူဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက **လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင်၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံကြသူများနှင့် ၎င်းတို့၏ လုပ်ငန်းများအား အများပြည်သူသိရှိနိုင်ရန် ဖော်ပြပေးနိုင်ခြင်း ရှိ၊ မရှိ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရအဆက်ဆက်တို့ကြား ထားရှိရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MoU)ပါ အချက်အလက်များနှင့် ပြန်လည်သုံးသပ်နေသည့် အခြေအနေအရပ်ရပ်ကို ပြည်သူများအား အသိပေးနိုင်ခြင်းရှိ၊ မရှိ တို့ကိုသိလိုခြင်း၊ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြဋ္ဌာန်းရန် မသင့်ကြောင်း အတည်ပြုပေးပို့လာသော **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း**ကို ၂၀၁၇ ခုနှစ် မတ်လ ၇ ရက်တွင် လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဥပဒေကြမ်းကော်မတီ၏ သဘောထားအတိုင်း ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်က လက်ခံအတည်ပြုပေးနိုင်ရန် ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းနှင့် လွှတ်တော်နှစ်ရပ်စလုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၁၉၄၊ နည်းဥပဒေခွဲ (က)၊ (ဂ) နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

**မင်းဝေမွှေး(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်



ဒေါ်မိကွန်ချမ်း



ဗိုလ်မှူးဇော်ဇော်မိုး

■ **ရွှေ့ဖုံးမှ**

၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ပြင်ဆင်ချက် (၉၄) ချက်ပါဝင်ပါကြောင်း၊ ယခုတတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်တွင် တင်သွင်းခဲ့ရာ ပြင်ဆင်ချက် (၁၉)ချက်ဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုအခါ အဆိုပါဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုဆောင်ရွက်ခဲ့ပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေကို လေ့လာခြင်း၊ လိုက်နာကျင့်သုံးခြင်းတို့ပြုရာတွင် မူလဥပဒေနှင့် ထပ်ဆင့်ပြင်ဆင်သည့် ဥပဒေ (၃)ရပ် စုစုပေါင်း တည်ဆဲဥပဒေ (၄) ရပ်ကို တစ်ပြိုင်နက်တည်း လေ့လာဆောင်ရွက်နိုင်ရန် အခက်အခဲရှိပါသဖြင့် မူလဥပဒေတွင်ပါရှိပြီး မျက်မှောက်ကာလအထိ အတည်ဖြစ်နေသောပုဒ်မများ၊ ပြင်ဆင်ရန် တင်ပြထားသည့် အပိုဒ်များကို တစ်ဆက်တစ်စပ်တည်း ထုတ်နုတ်စုစည်း၍ သီးခြားဥပဒေသစ်ကို အတည်ပြု ပြဋ္ဌာန်းချိန်တွင် မလိုအပ်တော့သည့် ဥပဒေများကို တစ်ပါတည်း ရုပ်သိမ်းခွင့်ပြုပါရန် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်က အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းခဲ့ပါကြောင်း ဖတ်ကြားသည်။

ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးလှမြင့်က **“အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ(၁/၂၀၁၇)”** ကို ဖတ်ကြားတင်သွင်းရာတွင် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသည် ကော်မတီသို့ တင်ပြလာသည့် တိုင်ကြားစာများအနက် လယ်ယာမြေကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တိုင်ကြားစာအမှုတွဲ (၃၅၈)စောင်အား ဒုတိယသမ္မတ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ လွှဲပြောင်းပေးပို့နိုင်ခဲ့ပါကြောင်း။

ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသို့ ပြည်သူများထံမှ ပေးပို့လာသော တိုင်ကြားစာများကို ကော်မတီမှ စိစစ်လေ့လာ၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ လေ့လာတွေ့ရှိချက်၊ အကြံပြုချက်များနှင့်အတူ ပေးပို့ပြီး ၎င်းတို့ထံမှ အသေးစိတ် စိစစ်ပြန်ကြားချက်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှုခံယူ၍ ကာယကံရှင်ပြည်သူများထံသို့ ပြန်ကြားခဲ့သည့်အမှုတွဲပေါင်း ၁၄၁ စောင်အနက် တရားရုံးတွင် ရင်ဆိုင်နေဆဲ အမှုမပြီးပြတ်သေးသောတိုင်ကြားစာ၊ ကာယကံရှင်က ဥပဒေနှင့်အညီ ကိုယ်တိုင်တရားစွဲဆိုရမည့် တိုင်ကြားစာနှင့် တိကျခိုင်မာသော အချက်အလက်များ ပြည့်စုံမှုမရှိသည့် တိုင်ကြားစာများကို ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ကာယကံရှင် ပြည်သူများထံသို့ အမှုတွဲပေါင်း ၉၉ စောင်အား ပြန်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း။



ဦးလှမြင့်



ဦးကျော်သီဟ

ပြည်သူများ၏ နစ်နာချက်များ၊ လိုလားချက်များနှင့် အကြံပြုချက်များကို ဖြေရှင်းဆောင်ရွက်ပေးရသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်အပါအဝင် အာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့အနေဖြင့်လည်း ပြည်သူများ၏တင်ပြချက်၊ အသနားခံချက်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူလူထုအတွက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေမည် ဖြစ်ပါကြောင်း၊ သို့ပါ၍ အမျိုးသားလွှတ်တော်မှတစ်ဆင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီထံသို့ ပြည်သူများထံမှ ပေးပို့တင်ပြလာသည့် တိုင်ကြားစာများ၊ အသနားခံစာများအား အစွမ်းကုန် ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖတ်ကြားသည်။

ထို့ပြင် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးစောသန်းထွန်း၊ လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးမင်းဦး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာမိုးမြင့်အောင်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဝင် ဒေါ်မြတ်သီတာထွန်း၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွန်း၊ တိုင်းရင်းသားရေးရာကော်မတီအဖွဲ့ဝင် ဒေါ်သီရိရတနာ၊ တောင်သူလယ်သမားရေးရာကော်မတီ အတွင်းရေးမှူး ဦးစိုးဝင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး နော်လှလှစိုး၊ ပညာရေးမြှင့်တင်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်တုတ်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးဥက္ကာမင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဌေးကြွယ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင် ဒေါ်မမလေးတို့က ကော်မတီအလိုက် တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်၊ လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်နှင့် ရှေ့လုပ်ငန်းစဉ်များပါဝင်သည့် ကော်မတီ၏ အစီရင်ခံစာများကို ဖတ်ကြားကြသည်။

**စာမျက်နှာ ၈ သို့** ❖

# တိုက်ကြီးလှုပ်တဲ့ငလျင်တောင် ရန်ကုန်မြို့က တော်တော်ခံစားရတယ် စစ်ကိုင်းပြတ်ရွှေ့ကြောလှုပ်မယ်ဆို ရန်ကုန်က ပိုပြီးသတိထားရမယ်

သတင်းဆောင်းပါး – မင်းသစ်(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့အနီး မတ် ၁၃ ရက် ညပိုင်းက လှုပ်ခတ်ခဲ့သောငလျင်သည် ယခုနှစ်အတွင်း လှုပ်ခတ်ခဲ့သည့် ငလျင်များအနက် အင်အားအသင့်အတင့် ပြင်းထန်သော ငလျင်တစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီနာယက ဒေါ်လှလှအောင်က ပြောကြားသည်။

"ရှေ့ပိုင်းက လှုပ်သွားတာတော့ အဲဒီလောက်ပြင်းတာ မရှိဘူး။ အခုလှုပ်တဲ့ငလျင်ထက် မဂ္ဂနီကျူနည်းတယ်။ ရန်ကုန်ပတ်ဝန်းကျင်ဆို တော်တော်လှုပ်တာများတယ်။ ၅ ဒသမ ၈ ဆိုတာကတော့ လှုပ်ခဲ့တဲ့အထဲမှာ အများဆုံးပါ" ဟု ၎င်းကဆိုသည်။

ငလျင်နှင့်ပတ်သက်ပြီး ပြည်သူလူထုအနေဖြင့် သတိထားရန်လိုကြောင်း၊ ရန်ကုန်ပြည်သူလူထုအနေဖြင့် ငလျင်နှင့်ပတ်သက်ပြီး ပိုမိုသတိရှိရန်လိုကြောင်း မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲ (နေပြည်တော်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ မတ် ၁၃ ရက်အထိ ငလျင် ၁၇ ကြိမ် လှုပ်ခတ်ခဲ့ရာ ဇန်နဝါရီလတွင် ရှစ်ကြိမ်၊ ဖေဖော်ဝါရီလတွင် လေးကြိမ်နှင့် မတ် ၁ ရက်မှ ၁၃ ရက်အထိ ငါးကြိမ် လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

ငလျင်များခပ်စိပ်စိပ်လှုပ်လာခြင်းနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံ မြေငလျင်ကော်မတီနာယက ဒေါ်လှလှအောင် က "ငလျင်ကတော့ လှုပ်နေတာပါပဲ။ ယခုနောက်ပိုင်း ငလျင်တိုင်းစက်တွေ အရင်ကထက် ပိုတပ်ဆင်ထားတော့ ငလျင်လှုပ်တာ ပိုသိလာတာပါ။ ငလျင်က နေရာအနှံ့ တစ်ချိန်လုံးလှုပ်နေတာပါပဲ"ဟု ဆိုသည်။

ထို့အတူ မြန်မာနိုင်ငံ မြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က "ငလျင်လေးတွေလှုပ်လို့ ငလျင်ကြီး လှုပ်နိုင်ခြေရှိလားဆိုတာ ပြောဖို့ခက်တယ်။ ပြတ်ရွှေ့တစ်နေရာတည်းက လှုပ်နေတာမဟုတ်ဘူး။ ပြတ်ရွှေ့တော်တော်များများက ပျံ့နှံ့ပြီးလုပ်တာရှိတယ်။ ပြတ်ရွှေ့တော်တော်များများက လှုပ်နေတော့ ဆက်စပ်ပြီး ပြောဖို့ခက်တယ်"ဟု ပြောသည်။

"ငလျင်လှုပ်နိုင်ခြေရှိလားဆိုရင် ရှိတယ်။ ငလျင်သေးသေးလေးတွေလှုပ်တာထက် အတိတ်တုန်းကလှုပ်ခဲ့တဲ့ ငလျင်ကြီးတွေက ပြန်ပြီးလှုပ်မယ်ဆို လှုပ်နိုင်ခြေက တော်တော်များများရှိနေတယ်။ သတိကတော့ ထားကိုထားရမယ်။ အဓိက မြို့ကြီးတွေပေ့ါ။ တိုက်ကြီးလှုပ်တဲ့ ငလျင်တောင် ရန်ကုန်မြို့က တော်တော်ခံစားရတယ်။ စစ်ကိုင်းပြတ်ရွှေ့ကြောလှုပ်မယ်ဆို ရန်ကုန်က ပိုပြီး သတိထားရမယ်"ဟု ၎င်းကပြောသည်။

တိုက်ကြီးမြို့အနီး လှုပ်ခတ်ခဲ့သောငလျင်သည် အနောက်ပဲခူးရိုးမပြတ်ရွှေ့က လှုပ်ခတ်ခြင်းဖြစ်နိုင်ကြောင်း သမိုင်းအထောက်အထားများနှင့် ငလျင်တိုင်းကိရိယာများ တပ်ဆင်ထားသည့် မှတ်တမ်းအရ အဆိုပါ ပြတ်ရွှေ့မှ အင်အားပြင်းထန်သည့် ငလျင်များ လှုပ်ရှားခြင်းမရှိကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က သုံးသပ်ထားသည်။

"အဲဒီလှုပ်တဲ့နေရာနားမှာ အနောက်ပဲခူးရိုးမ ပြတ်ရွှေ့ဆိုတာရှိတယ်။ အနောက်ပဲခူးရိုးမပြတ်ရွှေ့က လှုပ်တယ်လို့တော့ ယူဆတယ်။ အဲဒီပြတ်ရွှေ့ကနေ ငလျင်ပြင်းပြင်းထန်ထန်လှုပ်ထားတာမရှိဘူး။ မှတ်တမ်းတွေအရ အင်အား ရစ်(ချ်)တာစကေး ၅ ပတ်ချာလည်လောက် လှုပ်ဖူးတာပဲရှိတယ်"ဟု ၎င်းက ဆိုသည်။


မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ငလျင်လှုပ်ရှားမှုများကို ပြည်သူလူထု အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် သတင်းများထုတ်ပြန်ခြင်း၊ မြေငလျင်တိုင်းစက်များ တပ်ဆင်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ဝန်ထမ်းများအား ပြည်ပပညာရှင်များနှင့်ပူးပေါင်းပြီး ငလျင်သင်တန်းများ ပို့ချခြင်း၊ မြေငလျင်အန္တရာယ်ကာကွယ်ရန် ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းနှင့် ငလျင်ဆိုင်ရာ မှတ်တမ်းများ စနစ်တကျသိမ်းဆည်းခြင်းများကို ပြုလုပ်လျက်ရှိသည်။

ထို့အတူ မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ ပြတ်ရွှေ့များနှင့်စပ်လျဉ်းပြီး လေ့လာမှုများ၊ နိုင်ငံတကာပညာရှင်များနှင့်ပူးပေါင်းကာ အနောက်ဘက်တောင်တန်းကဘော်ပြတ်ရွှေ့မှ အိန္ဒိယမြေထုချပ်နှင့် ဘားမားမြေထုချပ် အတွင်းပိုင်းကို လေ့လာမှုများပြုလုပ်နေသည်။

"ချောက်ငလျင်တုန်းက ပြင်းအားကလည်းပိုများတယ်။ ဇောက်နက်တာကတစ်ပိုင်းပေ့ါ။ ချောက်ငလျင်လှုပ်တုန်းက အဆောက်အအုံပျက်စီးမှုသိပ်မရှိဘဲ စေတီပုထိုးတွေပျက်တာများတယ်။ စေတီပုထိုးတွေ ငလျင်ဒဏ်ခံနိုင်မှုက သက်တမ်းရင့်လာတာ ဖြစ်တယ်။ အပျက်အစီးများတယ်။ အရေးကြီးတာက အဆောက်အအုံအရည်အသွေးက အရေးကြီးတယ်။ ချောက်ငလျင်ကြောင့် အပျက်အစီးပိုများတာက စေတီပုထိုးတွေ နှစ်ကြာပြီ။ ဒါကြောင့် ပျက်စီးမှုများတာ"ဟု ဒေါက်တာမျိုးသန့်က ပြောသည်။



သပိတ်ကျင်းမြို့၌ ၂၀၁၂ ခုနှစ်တွင် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၈ ငလျင်ကြီး လှုပ်ခတ်မှုကြောင့် ဧရာဝတီမြစ်ကူး ရထားသခ်တံတား ပြိုကျပျက်စီးမှုကို တွေ့ရစဉ်။




စစ်ကိုင်းပြတ်ရွှေ့ကြောပေါ်ရှိ မြို့ကြီးများအား ပြသထားသည့် မြေပုံကို တွေ့ရစဉ်။

မြန်မာနိုင်ငံမြေငလျင်သမိုင်းတွင် နှစ်ပေါင်း ၁၀၀ အတွင်း ငလျင်ကြီးတစ်ကြိမ် လှုပ်လေ့ရှိကြောင်း၊ စစ်ကိုင်းပြတ်ရွှေ့၏ အစိတ်အပိုင်းဖြစ်သည့် ပဲခူးငလျင်သည်လည်း နှစ်ပေါင်း ၈၀ နှင့် ၁၀၀ ကြား လှုပ်ရန်ခန့်မှန်းထားသည့်အတွက် လှုပ်ခတ်ရန် အခွင့်အလမ်းများရှိနေကြောင်း ဒေါက်တာမျိုးသန့်က ဆိုသည်။

"တခြားသဘာဝဘေးအန္တရာယ်တွေက ဘယ်အချိန်ဘာဖြစ်မယ်ဆိုတာ ခန့်မှန်းတွက်ချက်လို့ရတယ်။ ငလျင်က ကြိုတင်တွက်ချက်လို့မရဘူး။ သတိတော့ထားရမယ်။ ကြောက်စရာတော့မလိုဘူး။ ခန့်မှန်းထားတဲ့ နှစ်ထက်စောပြီး လှုပ်မယ်ဆိုရင်တော့ ပြင်းအားကသေးတာပေ့ါ။ ငလျင်က လှုပ်ဖို့အတွက် အချိန်ကြာလေလေ ပြင်းအားကြီးလေလေပဲ။ နှစ်ပေါင်း ၈၀ နဲ့ ၁၀၀ ကြားလှုပ်မယ်ဆိုရင် အင်အား ရစ်ချ်တာစကေး ၇ ဝန်းကျင်လောက်ရှိမယ်။ အဲဒီအချိန်မှမလှုပ်ဘဲ နောင်နှစ် ၁၅၀၊ ၂၀၀ မှလှုပ်မယ်ဆိုရင် ပြင်းအား ပိုကြီးသွားနိုင်တယ်"ဟု မြန်မာနိုင်ငံ မြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က ပြောသည်။

"ရန်ကုန်မြို့ဆိုတာ သတိထားသင့်တဲ့မြို့ပါ။ ငလျင်လှုပ်လို့မှမဟုတ်ဘဲ ငလျင်နဲ့ပတ်သက်ပြီဆိုရင် မြို့ကြီးလည်း ဖြစ်တယ်။ လူဦးရေလည်းထူထပ်တယ်။ ဖွံ့ဖြိုးမှုကလည်း မြန်ဆန်လာတော့ သတိတော့ ထားနေရမယ်။ ဒါက ဖွံ့ဖြိုးရေးအပိုင်းက ကြည့်တာပါ။ ငလျင်လှုပ်ပြီဆိုရင် အဓိကကျတဲ့အချက်တွေက လူဦးရေထူထပ်တာ။ အဆောက်အအုံများတာကလည်း အဓိကအချက်ပဲ"ဟု ဒေါက်တာမျိုးသန့်က ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မြေငလျင်လှုပ်ရှားမှုကိုလေ့လာရန်နှင့် ငလျင်ကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ်လျော့ပါးစေရန်အတွက် ၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးမြေငလျင်စခန်းကိုလည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် မန္တလေးမြေငလျင်စခန်းကိုလည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် စစ်တွေမြေငလျင်စခန်းကိုလည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် ထားဝယ် မြေငလျင်စခန်းကိုလည်းကောင်း အသီးသီးတည်ဆောက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ၁၈၃၉ ခုနှစ် အင်းဝ၊ အမရပူရတွင် ရစ်ချ်တာစကေး ၈ ဒသမ သုည ခန့်ရှိ ငလျင်၊ ၁၈၅၈ ခုနှစ် သရက်မြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၅ ခန့်ရှိ ငလျင်၊ ၁၉၃၀ ခုနှစ် ပဲခူးမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၃ ခန့်ရှိငလျင်၊ ၁၉၃၀ ခုနှစ် ဖြူးမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၃ ခန့်ရှိ ငလျင်၊ ၁၉၄၆ ခုနှစ် တကောင်းမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၅ ခန့်ရှိ ငလျင်၊ ၁၉၅၆ ခုနှစ် စစ်ကိုင်းမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၅ ခန့်ရှိ ငလျင်၊ ၁၉၇၅ ခုနှစ် ပုဂံမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၈ ခန့်ရှိ ငလျင်၊ ၁၉၉၁ ခုနှစ် တကောင်းမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၁ ခန့်ရှိ ငလျင်၊ ၂၀၀၃ ခုနှစ် တောင်တွင်းကြီးတွင် ရစ်ချ်တာစကေး ၆ ဒသမ ၇ ခန့်ရှိ ငလျင်၊ ၂၀၁၁ ခုနှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာလေမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်နှင့် ၂၀၁၂ ခုနှစ် သပိတ်ကျင်းမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်ကြီးများ လှုပ်ခတ်ခဲ့ကြောင်း ငလျင်မှတ်တမ်းများအရ သိရသည်။

၂၀၁၂ ခုနှစ် သပိတ်ကျင်းမြို့တွင် လှုပ်ခဲ့သည့် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိငလျင်သည် ၁၉၄၆ ခုနှစ်က တကောင်းမြို့တွင်လှုပ်ခဲ့ပြီး နှစ်ပေါင်း ၆၀ အကြာ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီမှ သိရသည်။

မြေငလျင်ကြီးများလှုပ်ပြီးနောက် နောက်ဆက်တွဲဘေးအန္တရာယ်များအဖြစ် နောက်ဆက်တွဲငလျင်များ၊ မြို့ပြမီးဘေးအန္တရာယ်များ၊ ရေကာတာများကျိုးပျက်၍ ရေကြီးခြင်းများ၊ တောင်ပြိုခြင်း၊ မြေပြိုခြင်းများ၊ ရွှံ့မီးတောင်များပေါက်ကွဲပန်းထွက်ခြင်းများ၊ ဆူနာမီရေလှိုင်းများဖြစ်ပေါ်ခြင်းများနှင့် ကောလာဟလသတင်းလွှင့်ခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် သတိထားရန်လိုအပ်ကြောင်း ငလျင်ပညာရှင်များက ပြောကြားသည်။

ထူးခြားမှုအနေဖြင့် ကမ္ဘာ့မြေငလျင်များလှုပ်ခဲ့သည့်သမိုင်းတွင် ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန်ချူးရီးယားပြည်နယ်တွင် ငလျင်ကြီးလှုပ်မည်ကို ငလျင်ပညာရှင်များက ကြိုတင်သတိပေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သုတေသနငလျင်မှတ်တမ်းများအရ သိရသည်။ ။

# ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး စိတ်ဝင်စားသူကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် မတ် ၁၄**

ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ စိတ်ဝင်စားသူ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ရင်းနှီးမြှုပ်နှံမှုအချိုး၊ စီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ် တွက်ချက်ခြင်းတို့အပေါ် တက်ရောက်လာသော ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကျောက်ဖြူဒေသ၏ တည်နေရာအနေအထားအားသာချက်၊ ရေရှည်အကျိုးအမြတ်ရရှိနိုင်မည့် အခြေအနေ၊ ဒေသနေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုဆန်းစစ်ချက်အရ နိုင်ငံတော်အတွက်ရရှိမည့် အကျိုးစီးပွား၊ ဒေသနေပြည်သူလူထုအတွက်ရရှိမည့် ကျွမ်းကျင်မှုဆိုင်ရာအတွေ့အကြုံများ၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် ထည့်သွင်းစဉ်းစားပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားစေလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ နည်းဥပဒေများနှင့်အညီ ဝိုင်းဝန်းပေါင်းစပ် ဆွေးနွေးကြရန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် တည်ဆောက်ရေး လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များမှ ပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းနှင့် ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းတို့က ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းများအား ကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖေဖော်ဝါရီလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၄၁၈၄ ဦးနှင့် ပြည်တွင်းအလုပ်နေရာ ၁၆၅၁၁ နေရာအား အလုပ်ခန့်ထားနိုင်ခဲ့

**နေပြည်တော် မတ် ၁၄**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာတွင် ၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက် အလုပ်သမား လုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းမှဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၄၁၈၄ ဦးနှင့် ပြည်တွင်းအလုပ်နေရာ ၁၆၅၁၁ နေရာတို့အား ခန့်ထားနိုင်ခဲ့ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

ဖေဖော်ဝါရီလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေကို ကြည့်မည်ဆိုပါက မလေးရှားနိုင်ငံသို့ ၂၄၀၊ စင်ကာပူနိုင်ငံသို့ ၁၈ ဦး၊ ကိုရီးယားနိုင်ငံသို့ ၄၂ ဦး၊ ထိုင်းနိုင်ငံသို့ ၃၆၁၄ ဦး၊ ဂျပန်နိုင်ငံသို့ ၂၁၈ ဦး၊ ယူအေအီးသို့ ၁၆ ဦး၊ ကာတာနိုင်ငံသို့ ၃၅ ဦး၊ မကာအိုနိုင်ငံသို့ တစ်ဦး စုစုပေါင်း ၄၁၈၄ ဦးအား အသီးသီးစေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ကျင်းပ

**ရန်ကုန် မတ် ၁၄**

ရွှေတိဂုံစေတီတော် ကုသိုလ်ဖြစ် ဆေးခန်းအဖွဲ့နှင့် ဗိုဒ္ဓိရိုးရာကုသိုလ်ဖြစ် မြန်မာ့တိုင်းရင်းဆေးခန်းအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် “မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့” အခမ်းအနားကို မတ် ၁၁ ရက် နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ အဖွားခက်မွှေးရုံ၌ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီး ဦးအေးချမ်း၏ အတ္ထုပ္ပတ္တိကို ဂုဏ်ပြုဖတ်ကြား၍ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အကြောင်းကို ရှင်းလင်းပြောကြားခြင်း၊ သက်ကြီးတိုင်းရင်းဆေးသမားတော်ကြီးများကို ပူဇော်ကန်တော့၍ ဩဝါဒခံယူခြင်းနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် ဆရာတော်၊ သံဃာတော် ၁၁ ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကာ (၅၅)နှစ်မြောက် မြရတု စတုဒိသာ အထိမ်းအမှတ်အဖြစ် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများအား ဧည့်ခံကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

တောကိုမပြုန်း
ချင့်ချိန်သုံး၍
သက်ဆုံးရှည်ကြာ
သုံးစွဲပါလော့

# ဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း

**ပုသိမ် မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်ချက်များအပေါ် ထပ်ဆင့်ရှင်းလင်းပွဲကို ပုသိမ်မြို့ မူလတန်းကြိုကျောင်းခန်းမ၌ မတ် ၉ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ရှင်းလင်းပြောကြားရာတွင် မတ် ၁ ရက်တွင် ဝန်ကြီးဌာန၏လုပ်ငန်း ညှိနှိုင်းအစည်းအဝေးမှ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းမည်ဖြစ်ကြောင်း၊ ဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်စီမံကိန်းအနေဖြင့် မူဝါဒ (၄)ရပ်၊ ရည်မှန်းချက် (၉)ရပ်ကို ဆောင်ရွက်မည့် အစီအစဉ် (၁၃၂)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စီမံကိန်းအတွက် ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၏ ရက်(၁၀၀)အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံချက်များ၊ ရက်(၁၀၀)အလွန် ခြောက်လလုပ်ငန်းစီမံချက်များအား ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

# မဲဆန္ဒရှင်သက်သေခံလက်မှတ်များ မတ် ၁၇ ရက်မှစ၍ ထုတ်ပေးမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**မဲဆန္ဒရှင်သက်သေခံလက်မှတ်များထုတ်ယူရန် မေတ္တာရပ်ခံချက်**

**နေပြည်တော် မတ် ၁၄**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို အောက်ပါရည်ရွယ်ချက်များဖြင့် ထုတ်ပေးသွားမည်ဖြစ်သည်-

(က) မဲဆန္ဒရှင်တစ်ဦးသည် မဲဆန္ဒရှင်သက်သေခံလက်မှတ် လက်ဝယ်ရရှိထားခြင်းအားဖြင့် မိမိအမည်မဲစာရင်းတွင်ပါဝင်ပြီး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရရှိကြောင်း သေချာခိုင်လုံစေရန်၊

(ခ) မဲဆန္ဒရှင်မှ ဆန္ဒမဲလက်မှတ် လာရောက်ထုတ်ယူရာတွင် မဲလက်မှတ်ထုတ်ပေးသူအနေဖြင့် မဲစာရင်းတွင် လွယ်ကူစွာရှာဖွေနိုင်ပြီး အချိန်ကုန်သက်သာစေရန်၊

(ဂ) မဲဆန္ဒရှင်သက်သေခံလက်မှတ်ပါ မိမိ၏အချက်အလက်များ မှားယွင်းနေပါက သက်ဆိုင်ရာ မဲဆန္ဒရှင်ကိုယ်တိုင် ပြင်ဆင်ပေးနိုင်ရန်၊

(ဃ) သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအနေဖြင့် မဲဆန္ဒရှင်၏မှန်ကန်သော အချက်အလက်များကို မဲဆန္ဒရှင်စာရင်းတွင် ပြန်လည်ပြင်ဆင်နိုင်ရန်။

၂။ ၃-၁-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများမှ ထုတ်ပေးခြင်းမပြုဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ခံ၍ ထုတ်ပေးရန် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများမှ သဘောတူခဲ့ကြပါသည်။

၃။ အပိုဒ် (၁) ပါရည်ရွယ်ချက်များဖြင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၇. ၃. ၂၀၁၇ ရက်နေ့မှ ၃၀. ၃. ၂၀၁၇ ရက်နေ့ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ နေ့စဉ်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို ကိုယ်တိုင် သို့မဟုတ် မိသားစုတစ်စုလျှင် အိမ်ထောင်ဦးစီး သို့မဟုတ် မိသားစုဝင်တစ်ဦးဦးမှ လာရောက်ထုတ်ယူကြရန် ဖြစ်ပါသည်။

၄။ ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်သက်သေခံလက်မှတ် မပါရှိပါကလည်း မဲစာရင်းတွင်ပါရှိက ဆန္ဒမဲပေးနိုင်ပါသည်။ သို့သော်လည်း မဲဆန္ဒရှင်များက မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို လာရောက်ထုတ်ယူခြင်းအားဖြင့် ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကန့်သတ်ခရီးစဉ်ဒေသများအနက် မိုးကုတ်မြို့ပေါ်ခရီးစဉ်အား ခွင့်ပြုမိန့်တောင်းခံလည်ပတ်နိုင်

**ရန်ကုန် မတ် ၁၄**

နိုင်ငံခြားသားခရီးသွားများ၏ ဘေးအန္တရာယ် လုံခြုံရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကန့်သတ်ဧရိယာ ခရီးစဉ်များ သတ်မှတ်ထားရာတွင် မိုးကုတ်မြို့ပေါ် ခရီးစဉ်အား ခရီးစဉ်ခွင့်ပြုမိန့် တောင်းခံ၍ လည်ပတ်နိုင်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားသားခရီးသွားများ၏ ဘေးအန္တရာယ်လုံခြုံရေးအတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် ရက်စွဲပါစာဖြင့် လုံခြုံရေးအရကန့်သတ်ထားသော ဧရိယာများသို့ သွားရောက်လည်ပတ်ခွင့် ခရီးစဉ်များအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှစတင်ကာ ခွင့်ပြုမိန့်တင်ပြခြင်းမပြုရန် လိုင်စင်ရခရီးသွား ကုမ္ပဏီများသို့ အကြောင်းကြားကာ ယာယီတားမြစ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကန့်သတ်ထားခဲ့ရာမှ ကန့်သတ်ဧရိယာများအနက် မိုးကုတ်ခရီးစဉ်အတွက် မန္တလေး-မတ္တရာ-သပိတ်ကျင်း-မိုးကုတ် လမ်းအတိုင်းသွားရောက်၍ မိုးကုတ်မြို့ပေါ်တစ်ခုတည်းသို့ လည်ပတ်နိုင်ပြီး ယင်းခရီးစဉ်အတွက် ခရီးသွားကုမ္ပဏီများအနေဖြင့် ယခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှစတင်ကာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ပြည်တွင်းပြည်ပအခြေစိုက် နိုင်ငံခြားသံအမတ်ကြီးများ၊ သံရုံးအရာထမ်း/အမှုထမ်းများ၊ မိသားစုဝင်များ၊ ဒေသန္တရခန့် ဝန်ထမ်းများနှင့် နိုင်ငံခြားသားများ၏ ပြည်တွင်းခရီးစဉ် သွားလာလိုမှုများအတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)တို့မှ လုံခြုံရေးကန့်သတ်ချက်ရှိသော နယ်မြေဒေသစာရင်းများအား နိုင်ငံတော် သမ္မတရုံးသို့ တင်ပြထားရှိခဲ့ပြီး အဆိုပါ ကန့်သတ်ချက်ရှိသော နယ်မြေဒေသစာရင်းကို ပြည်ထဲရေးဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ် ဇွန် ၂၇ ရက် ရက်စွဲပါစာဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအားလုံးသို့ ထုတ်ပြန်ခဲ့သည်။

**(၀၀၁)**

❖ စာမျက်နှာ ၅ မှ
လွှတ်တော်ဥက္ကဌက အမျိုးသားလွှတ်တော်ကော်မတီများ၏ အစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော်ဥက္ကဌက ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီများတွင် အဖွဲ့ဝင်နှင့် အတွင်းရေးမှူးနေရာ ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူကာ အတည်ပြုသည်။

ယင်းနောက် လွှတ်တော်ဥက္ကဌက **"သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ** "အစား" **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ"**ဟု အမည်ပြောင်းလဲ သုံးစွဲခွင့်ပြုရန် တင်ပြရာ လွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

**မော်စီ၊ နန်းအိအေးဖြိုး(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သော ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မတ် ၁၄**

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက စီစဉ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြန်ကြားရေးနှင့် သက်ဆိုင်သော ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ထမင်းစားခန်းမဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဌ ဦးအေးသာအောင်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးခြင်း၊ ပြန်ကြားပေးခြင်းသာမက လက်ရှိအပြောင်းအလဲကာလတွင် အစိုးရ၏ သဘောထား၊ မူဝါဒနှင့် လုပ်ဆောင်ချက်များအား ပြည်သူများသို့ ရှင်းလင်းပြောကြားသွားရမည်ဖြစ်ပါကြောင်း၊ ခေတ်၊ စနစ် ပြောင်းလဲသွားပါက အဆိုပါ အပြောင်းအလဲ ခေတ်၏ စနစ်များ၊ လုပ်ဆောင်နေမှုများ၊ မူဝါဒများကို ပြည်သူများ သိရှိအောင် ပညာပေးသည့် လုပ်ငန်းကလည်း အရေးကြီးပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်နှင့် အစိုးရတစ်ရပ်အတွက် သတင်းပြန်ကြားရေးသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များ၊ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဥပဒေများ ရေးဆွဲနေမှု၊ နိုင်ငံတော်အစိုးရသစ် ပြုပြင်ပြောင်းလဲနေမှုများအား မှတ်တမ်းတင်ဆောင်ရွက်နေမှု၊ ပြည်သူများအတွက် လတ်တလော ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော် ပြန်တမ်းထုတ်ဝေနေမှု၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကျောင်းများရှိ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်းမှု၊ ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်ဝေမှု၊ စာပေဗိမာန် စာအုပ်အသင်း ဖွဲ့စည်းရေး၊ မြန်မာစာ၊ မြန်မာစကားအား အွန်လိုင်းစနစ်ဖြင့် စီစဉ်ထုတ်လွှင့်ရေး၊ သတင်းစာများတွင် ပြည်သူ့အသံကဏ္ဍကို တိုးချဲ့ဖော်ပြပေးရေး စသည်တို့ကို ဆွေးနွေး အကြံပြုမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

**သူရဇော်(သတင်းစဉ်)**



# မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

**ရန်ကုန် မတ် ၁၄**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်အတွင်းရှိ ပြည်သူများမှုခင်းမဖြစ်ပွားစေရန်နှင့် မှုခင်းအသိပညာရရှိစေရန်ရည်ရွယ်၍ ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း စီစဉ်မှုဖြင့် ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံရှေ့၌ မတ် ၁၁ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ပြည်သူများအား အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။


ထိုသို့ဆောင်ရွက်ရာတွင် ကျောက်တံတား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း ဦးဆောင်မှုဖြင့် စခန်းမှူး ဒုရဲမှူးတိုးမြို့နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၄၃)မှ ရဲအုပ်နေခြည်လင်းနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(ရန်ကုန်)မှ ရဲအုပ်သိန်းဌေးနှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စု(၄၁)မှ ဒုရဲအုပ်မျိုးရန်နိုင်လွင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တို့အပါအဝင် စုစုပေါင်းအင်အား ၂၅ ဦးတို့က စုပေါင်း၍ မှုခင်းပညာပေးသိကောင်းစရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးသိကောင်းစရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးသိကောင်းစရာများကို မှုခင်းပြခန်းယာဉ်ဖြင့် တက်ရောက်လာကြသော ပြည်သူများအား အသိပညာပေးရှင်းလင်းပြသခဲ့ပြီး မြို့နယ်အတွင်းရှိ ပြည်သူများကို အသိပညာပေးပိုစတာ စာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - စိုးဝင်း(MLA)**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအား အခမဲ့ ဆေးကုသမှုဆောင်ရွက်ပေး

**နေပြည်တော် မတ် ၁၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာ အထွေထွေအထူးကုဆေးခန်းတို့ပူးပေါင်း၍ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအား ယနေ့နံနက်ပိုင်းတွင် အခမဲ့ကွင်းဆင်းဆေးဝါးကုသမှု လာရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



လူမှုဖူလုံရေး အာမခံကတ်ပြုလုပ်ထားသည့်ဝန်ထမ်းများအား လုပ်ငန်းခွင်မပျက်လာရောက်ကွင်းဆင်းကုသပေးခြင်းဖြစ်ပြီး ဝန်ကြီးဌာနများအား အလှည့်ကျစနစ်ဖြင့် ကုသပေးလျက်ရှိကြောင်း လူမှုဖူလုံရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က ပြောကြားသည်။

"မနေ့က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို သွားရောက်ကုသပေးပါတယ်။ ဒီနေ့တော့ ပြန်ကြားရေးဝန်ကြီးဌာနကအလှည့်ကျလို့ လာရောက်ကုသပေးခြင်းဖြစ်ပါတယ်။ ပထမအကြိမ်ကွင်းဆင်း စတင်ကုသတဲ့အချိန်က ကုသတဲ့ဌာနတွေ အတော်များတဲ့အတွက် တစ်နှစ်ကို တစ်ကြိမ်လောက်ပဲကုနိုင်တယ်။ နောက်ပိုင်း တဖြည်းဖြည်းနဲ့ ခြောက်လတစ်ကြိမ်ကုသလာနိုင်တဲ့အပြင် ကုသရေးယာဉ်တွေကိုလည်း ထပ်မံတိုးချဲ့သွားဖို့ အစီအစဉ်တွေရှိပါတယ်"ဟု ၎င်းကပြောသည်။

ဆေးဝါးကုသပေးရာတွင် ဆရာဝန်များနှင့်လူမှုဖူလုံရေးအဖွဲ့မှ ဝန်ထမ်းများက ဆေးဝါးလာရောက်ကုသသည့် ဝန်ထမ်းများ၏ ကျန်းမာရေးအတွက် လိုအပ်သည့်ဆေးဝါးများနှင့် ဆေးပညာရပ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကုသပေးရာတွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အရွတ်ရောင်ရောဂါ၊ လေးဘက်နာရောဂါ၊ အအေးမိနှာစေးရောဂါ၊ အရိုးကျီးပေါင်းရောဂါ၊ အရေပြားယားနာရောဂါနှင့် ဇက်ကြောတက်ရောဂါတို့ကို အများဆုံးကုသပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဈေးကွက်အတွင်း စံချိန်စံညွှန်း၊ အရည်အသွေးကိုက်ညီမှုမရှိသော ကုန်စည်များ ထိရောက်စွာအရေးယူမည်

**ရန်ကုန် မတ် ၁၄**

ဈေးကွက်အတွင်း ကုန်အမှတ်တံဆိပ်တွင် မြေပဲဆီ၊ ပဲဆီဟု ဖော်ပြပြီး ရောနှောပါဝင်ပစ္စည်းအမျိုးအစားနှင့် အချိုးအစားဖော်ပြခြင်းမရှိသော Blended Oil၊ Cooking Oil နှင့် Vegetable Oil များ၊ စားအုန်းဆီ၊ ပြန်ကြော်ဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ ဝါစေ့ဆီနှင့် တိရစ္ဆာန်ဆီများကို မူရင်းအနံ့မှလွဲ၍ ဓာတုဗေဒအနံ့များထည့်သွင်းပြုပြင်၍ စားသုံးသူပြည်သူများကို မြေပဲဆီ၊ နှမ်းဆီဟု ထင်ယောင်ထင်မှား ရောင်းချနေမှုများအပါအဝင် မည်သည့် စားသောက်ကုန်၊ လူသုံးကုန်မဆို မိမိဝယ်ယူသည့် ကုန်စည်အမျိုးအစားနှင့် ပေးချေရသည့်တန်ဖိုး ကိုက်ညီမှု ရှိ/မရှိ တို့ကို ထည့်သွင်းတွက်ချက် ရွေးချယ်ဝယ်ယူစားသုံးကြရန် လိုအပ်သည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ထုတ်လုပ်ရောင်းချဖြန့်ဖြူးသည့် ကုန်စည်များ၏အမှတ်တံဆိပ်ပေါ်တွင် လုပ်ငန်းအမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ ရောင်းချဖြန့်ဖြူးသူအမည်၊ ထုတ်လုပ်သည့်နေ့ရက်နှင့် သက်တမ်းကုန်ဆုံးရက်၊ ပါဝင်ပစ္စည်းအမျိုးအစား၊ အချိုးအစားနှင့်တကွ သုံးစွဲပုံအညွှန်း၊ စားသုံးသူသိရှိရန်လိုအပ်သည့် အချက်အလက်အပြည့်အစုံဖော်ပြထားခြင်းမရှိသော၊ သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့် ကိုက်ညီမှုမရှိသော ကုန်စည်များကိုထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းမပြုရန်နှင့် ဈေးကွက်များအတွင်း အထက်ပါကုန်စည်များတွေ့ရှိပါက ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖုန်း-၀၁-၂၄၅၀၈၆၊ ၀၉-၅၁၁၉၀၉၂ တို့သို့ သတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် စစ်ဆေးတွေ့ရှိပါက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**(ကြေးမုံ)**

# မကွေးအသင်း AFC Cup ပြိုင်ပွဲတွင် ထပ်မံရှုံးနိမ့်

**ဖနွမ်းပင် မတ် ၁၄**

၂၀၁၇ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုတတိယပွဲအဖြစ် အန်ကော(ကမ္ဘောဒီးယား)နှင့် မကွေး(မြန်မာ)တို့ ယနေ့ညနေပိုင်းက ဖနွမ်းပင်မြို့ရှိ အိုလံပစ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မကွေးအသင်းသည် တစ်ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မကွေးအသင်းသည် ယခုပွဲရှုံးပွဲကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အလမ်းနည်းပါးသွားပြီဖြစ်သည်။ ယခုပွဲတွင် အန်ကောအသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရရှိသည့် အခွင့်အရေးများကို အသုံးမချနိုင်ခဲ့ခြင်းအပြင် ပထမပိုင်းတွင် ထောင့်ကန်ဘောကို ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သောကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မကွေးအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပထမပိုင်းကတည်းက ဂိုးသွင်းခွင့်များဖန်တီးနိုင်ခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ၃၄ မိနစ်တွင် မကွေးအသင်း လက်ဆောင်ဂိုးကြောင့် အန်ကောအသင်း တစ်လုံးတည်းသော အနိုင်ဂိုး ရခဲ့သည်။ ပွဲပြီးခါနီးတွင် မကွေးကွင်းလယ်လူ ဆက်ဖြိုးဝေ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ယခုပွဲအပြီးတွင် သုံးပွဲစီကစားအပြီး၌ အန်ကောအသင်းက သုံးမှတ်၊ မကွေးအသင်းက တစ်မှတ်သာရရှိသေးသည်။

**(ဖိုးသော်ဇင်)**

# စင်ကာပူဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်နှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မတ် ၁၄**

စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်နှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**ကြိုဆို**

စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးနှင့် အဖွဲ့အား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**(သတင်းစဉ်)**



# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ဖြေဆို

**နေပြည်တော် မတ် ၁၄**

တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာကို နိုင်ငံတစ်ဝန်းရှိ စာစစ်ဌာနပေါင်း ၁၅၅၀ နှင့် နိုင်ငံခြားစာစစ်ဌာန ၁၇ ခု စုစုပေါင်း ၁၅၆၇ ခုတို့၌ ယနေ့နံနက် ၉ နာရီတွင် စတင်ဖြေဆိုရာ ဖြေဆိုခွင့်ရှိသူ ၆၈၆၀၈၇ ဦးရှိသည့်အနက် ၆၃၉၇၂၅ ဦး ဖြေဆိုခဲ့ကြပြီး ၄၆၃၆၂ ဦး ဖြေဆိုရန် ပျက်ကွက်သဖြင့် ဖြေဆိုသူ ၉၃ ဒသမ ၂၄ ရာခိုင်နှုန်း ဖြစ်သည်။

တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၆၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့၌ ဆွံ့အနားမကြားဖြေဆိုသူ ၂၄ ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကိုယ်လက်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၀၁ ဦး၊ အကျဉ်းထောင်နှင့်အချုပ်များတွင် ဖြေဆိုသူ ၄၂ ဦးရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသတွင် ဖြေဆိုရန် ၉၁ ဦး စာရင်းသွင်းထားသော်လည်း အထက (၂) တပ်ကျောင်းတွင် ၇၉ ဦး၊ လောက်ကိုင်ဆေးရုံတွင် တစ်ဦး၊ ကွမ်းလုံစာစစ်ဌာနတွင် တစ်ဦး စုစုပေါင်း ၈၁ ဦး ဖြေဆိုကြသည်။

မြဝတီမြို့နယ်မှ မြန်မာရွှေ့ပြောင်း ကျောင်းသား ကျောင်းသူ ဖြေဆိုခွင့်ရှိသူ ၁၀၆ ဦး ရှိသည့်အနက် ၁၀၃ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

**(သတင်းစဉ်)**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား

ဘာသာ- ရူပဗေဒ ရက်စွဲ၊ ၁၄-၃-၂၀၁၇

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁ | ကချင် | ၆၁ | ၁၀၉၆၂ | ၁၇၁၆၉ | ၂၈၁၃၁ | ၉၉၅၃ | ၁၆၃၆၆ | ၂၆၃၁၉ | ၉၃.၅၆ | ၁၀၀၉ | ၈၀၃ | ၁၈၁၂ | ၆.၄၄ | |
| ၂ | ကယား | ၁၄ | ၁၂၉၆ | ၂၃၀၄ | ၃၆၀၀ | ၁၁၇၇ | ၂၂၃၀ | ၃၄၀၇ | ၉၄.၃၈ | ၁၁၉ | ၈၄ | ၂၀၃ | ၅.၆၂ | |
| ၃ | ကရင် | ၃၆ | ၆၀၃၄ | ၁၀၃၀၇ | ၁၆၃၄၁ | ၅၃၆၈ | ၉၇၁၃ | ၁၅၀၈၁ | ၉၂.၂၉ | ၆၆၆ | ၅၉၄ | ၁၂၆၀ | ၇.၇၁ | |
| ၄ | ချင်း | ၂၄ | ၃၃၇၁ | ၄၈၂၈ | ၈၁၉၉ | ၂၇၈၀ | ၄၂၉၃ | ၇၀၇၃ | ၈၆.၂၇ | ၅၉၁ | ၅၃၅ | ၁၁၂၆ | ၁၃.၇၃ | |
| ၅ | စစ်ကိုင်း | ၁၈၀ | ၃၅၆၆၇ | ၄၇၃၇၂ | ၈၃၀၃၉ | ၃၃၅၉၆ | ၄၅၉၅၈ | ၇၉၅၅၄ | ၉၅.၈၀ | ၂၀၇၁ | ၁၄၁၄ | ၃၄၈၅ | ၄.၂၀ | |
| ၆ | တနင်္သာရီ | ၄၃ | ၇၀၆၈ | ၁၂၆၇၈ | ၁၉၇၄၆ | ၆၃၄၉ | ၁၁၉၅၈ | ၁၈၃၀၇ | ၉၂.၇၁ | ၇၁၉ | ၇၂၀ | ၁၄၃၉ | ၇.၂၉ | |
| ၇ | ပဲခူး | ၁၂၇ | ၂၆၂၉၁ | ၃၅၂၇၈ | ၆၁၅၆၉ | ၂၃၇၉၇ | ၃၃၅၀၇ | ၅၇၃၀၄ | ၉၃.၀၇ | ၂၄၉၄ | ၁၇၇၁ | ၄၂၆၅ | ၆.၉၃ | |
| ၈ | မကွေး | ၁၃၈ | ၂၈၂၇၆ | ၃၆၉၉၅ | ၆၅၂၇၁ | ၂၇၃၈၇ | ၃၆၀၂၆ | ၆၃၄၁၃ | ၉၅.၆၉ | ၁၈၈၉ | ၉၆၉ | ၂၈၅၈ | ၄.၃၁ | |
| ၉ | မန္တလေး | ၁၈၀ | ၄၅၈၇၆ | ၅၇၄၉၇ | ၁၀၃၃၇၃ | ၄၂၅၇၉ | ၅၅၄၀၇ | ၉၇၉၈၆ | ၉၄.၇၉ | ၃၂၉၇ | ၂၀၉၀ | ၅၃၈၇ | ၅.၂၁ | |
| ၁၀ | မွန် | ၅၀ | ၉၂၀၅ | ၁၄၄၃၀ | ၂၃၆၃၅ | ၈၃၄၁ | ၁၃၇၅၀ | ၂၂၀၉၁ | ၉၃.၄၇ | ၈၆၄ | ၆၈၀ | ၁၅၄၄ | ၆.၅၃ | |
| ၁၁ | ရခိုင် | ၁၁၅ | ၁၇၉၈၅ | ၁၈၀၈၈ | ၃၆၀၇၃ | ၁၅၂၉၀ | ၁၆၈၁၉ | ၃၂၁၀၉ | ၈၉.၀၁ | ၂၆၉၅ | ၁၂၆၉ | ၃၉၆၄ | ၁၀.၉၉ | |
| ၁၂ | ရန်ကုန် | ၂၁၇ | ၅၃၃၂၉ | ၆၀၂၈၄ | ၁၁၃၆၁၃ | ၄၇၁၀၅ | ၅၆၀၃၆ | ၁၀၃၁၄၁ | ၉၀.၇၈ | ၆၂၂၄ | ၄၂၄၈ | ၁၀၄၇၂ | ၉.၂၂ | |
| ၁၃ | ရှမ်း | ၁၁၃ | ၁၈၀၅၉ | ၂၉၇၈၆ | ၄၇၈၄၅ | ၁၆၄၁၁ | ၂၈၂၆၁ | ၄၄၆၇၂ | ၉၃.၃၇ | ၁၆၄၈ | ၁၅၂၅ | ၃၁၇၃ | ၆.၆၃ | |
| ၁၄ | ဧရာဝတီ | ၂၁၃ | ၂၃၈၉၅ | ၃၀၀၈၆ | ၅၃၉၈၁ | ၂၁၅၃၀ | ၂၈၅၁၄ | ၅၀၀၄၄ | ၉၂.၇၁ | ၂၃၆၅ | ၁၅၇၂ | ၃၉၃၇ | ၇.၂၉ | |
| ၁၅ | နေပြည်တော် | ၃၉ | ၉၀၁၃ | ၁၁၄၉၂ | ၂၀၅၀၅ | ၈၁၇၂ | ၁၀၈၉၇ | ၁၉၀၆၉ | ၉၃.၀၀ | ၈၄၁ | ၅၉၅ | ၁၄၃၆ | ၇.၀၀ | |
| ၁၆ | နိုင်ငံခြားစာစစ်ဌာန | ၁၇ | ၅၆ | ၁၀၀ | ၁၅၆ | ၅၅ | ၁၀၀ | ၁၅၅ | ၉၉.၃၆ | ၁ | ၀ | ၁ | ၀.၆၄ | |
| | စုစုပေါင်း | ၁၅၆၇ | ၂၉၇၃၈၃ | ၃၈၈၇၀၄ | ၆၈၆၀၈၇ | ၂၆၉၈၉၀ | ၃၆၉၈၃၅ | ၆၃၉၇၂၅ | ၉၃.၂၄ | ၂၇၄၉၃ | ၁၈၈၆၉ | ၄၆၃၆၂ | ၆.၇၆ | |

# တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာဖြေဆိုနေမှုများ လှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၁၄**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်သည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာန(၁/၂)သို့လည်းကောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အောင်ဆန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ စိုင်ကောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ရွှေပန်းတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ရွာမွန်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဝါးကြီးအိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ညောင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး၌ ရူပဗေဒဘာသာရပ်ဖြေဆိုသူ တစ်သိန်းကျော်ရှိ

**ရန်ကုန် မတ် ၁၄**

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (ရူပဗေဒ)ဘာသာရပ်ကို ယနေ့ ဆက်လက်ဖြေဆိုကြရာ ရန်ကုန်တိုင်းဒေသကြီး လေးခရိုင်နှင့် မြို့နယ် ၄၄ မြို့နယ်ရှိစာစစ်ဌာန ၂၁၇ ခု၌ ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၁၁၄၂၃၇ ဦးအနက် ဖြေဆိုသူ ၁၀၃၁၄၁ ဦး (၉၀ ဒသမ ၇၈ ရာခိုင်နှုန်း)ရှိပြီး ပျက်ကွက်သူ ၁၀၄၇၂ ဦး ရှိကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးစာစစ်ဌာနတွင် လူနာဖြေဆိုသူ ၁၆ ဦး၊ မြောက်ဥက္ကလာပ ဆေးရုံကြီးတွင် လူနာဖြေဆိုသူ ရှစ်ဦး စုစုပေါင်း ၂၄ ဦး၊ သတ်မှတ်စာစစ်ဌာနများ၌ ဆွံ့အနားမကြား ဖြေဆိုသူများတွင် ကျောင်းဖြေ ကိုးဦး၊ အလွတ်ဖြေ နှစ်ဦး စုစုပေါင်း ၁၁ ဦး၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသူကျောင်းဖြေ ၂၉ ဦး၊ အလွတ်ဖြေ သုံးဦး စုစုပေါင်း ၃၂ ဦးနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်စာစစ်ဌာနတွင် ကျား ၂၇ ဦး၊ မ တစ်ဦး စုစုပေါင်း ၂၈ ဦးတို့ ဖြေဆိုကြသည်။ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကူညီပံ့ပိုးပေးခဲ့ကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၅ ရက်(ဗုဒ္ဓဟူးနေ့)တွင် ဇီဝဗေဒ၊ ဘောဂဗေဒ၊ မတ် ၁၆ ရက်(ကြာသပတေးနေ့)တွင် ပထဝီဝင်နှင့် မတ် ၁၇ ရက်(သောကြာနေ့)တွင် သမိုင်းဘာသာရပ်တို့ ဖြေဆိုရန်ကျန်ရှိကြောင်း သိရသည်။

**ဥမ္မာသန့်**

# မွန်ပြည်နယ်စာစစ်ဌာန ၅၀ ၌ ရူပဗေဒဘာသာရပ် ဖြေဆိုသူ ၂၂၀၉၁ ဦး အေးချမ်းစွာဖြေဆို

**မုဒုံ မတ် ၁၄**

တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ကို ယနေ့တွင် မွန်ပြည်နယ် စာစစ်ဌာန ၅၀ ၌ ဖြေဆိုရန်စာရင်းပေးသွင်းထားသူ ၂၃၆၃၅ ဦးရှိသည့်အနက် ပျက်ကွက်သူ ၁၅၄၄ ဦးရှိပြီး ၂၂၀၉၁ ဦး (ဖြေဆိုရာခိုင်နှုန်း ၉၃ ဒသမ ၄၇)တို့ ဖြေဆိုကြသည်။

ယနေ့ဖြေဆိုကြသည့် ရူပဗေဒဘာသာရပ်ကိုမွန်ပြည်နယ်ရှိ မော်လမြိုင်ခရိုင် မြို့နယ်ခြောက်မြို့နယ် စာစစ်ဌာန ၃၁ ခုတွင် ကျောင်းသား ကျောင်းသူ ၁၂၅၉၉ ဦးနှင့် သထုံခရိုင် မြို့နယ်လေးမြို့နယ် စာစစ်ဌာန ၁၉ ခုတွင် ကျောင်းသား ကျောင်းသူ ၉၄၉၂ ဦး စုစုပေါင်း ၂၂၀၉၁ ဦးတို့ အေးချမ်းစွာ ဖြေဆိုကြကြောင်း သိရသည်။

**ကိုချစ်(မုဒုံ)**

## ❍ အာရှဖလားမှ

ရှမ်းယူနိုက်တက် လူငယ်အသင်းမှ ဘုန်းသစ္စာမင်း၊ ဟံသာဝတီအသင်းမှ မောင်မောင်လွင်တို့မှာ လာရောက်လေ့ကျင့်နိုင်ခြင်းမရှိသေးပေ။ မြန်မာ့လက်ရွေးစင်အသင်းကို အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဂုတ်ဖရိုင်းဒရစ်(ဂျာမနီ)၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်နှင့် ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် ပိုပေါ့စကီး (မက်ဆီဒိုးနီးယား)တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းအတွက် ကြံ့ခိုင်ရေးနည်းပြသစ်အဖြစ် ပိုပေါ့စကီးကို တစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လအထိ စာချုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ ပထမပွဲအဖြစ် မတ် ၂၈ ရက်တွင် အိန္ဒိယလက်ရွေးစင်အသင်းနှင့် အိမ်ကွင်းပွဲစဉ် ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပွဲအတွက်ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မတ် ၂၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

## ❖ တိုက်ကြီးငလျင်မှ

"ငလျင်လှုပ်တယ်ဆိုတာ ကြားကတည်းက ငမိုးရိပ်ရေလှောင်တမံကို သွားစစ်ဆေးခဲ့တယ်။ ဘာမှထိခိုက်ပျက်စီးမှု မရှိဘူး။ ပုံမှန်အတိုင်းရေပေးဝေနေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကံချွန်က ပြောသည်။

"ငမိုးရိပ် ရေလှောင်တမံ စဆောက်ကတည်းက စံချိန်စံညွှန်းနဲ့ တည်ဆောက်ခဲ့တယ်။ ငလျင်ဒဏ်ခံနိုင်အောင်လည်း တည်ဆောက်ထားတယ်"ဟု ၎င်းက ဆိုသည်။

ငမိုးရိပ် ရေလှောင်တမံသည် မြေသားတမံ အမျိုးအစားဖြစ်ပြီး ၁၉၉၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ တမံမှရေကို ရန်ကုန်မြို့နေ လူထုသောက်သုံးရေအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ နေ့စဉ် ရေဂါလန် သန်း ၉၀ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် နွေရာသီတွင် စပါးစိုက်ပျိုးရန်အတွက်လည်း ရေဖြန့်ဝေပေးလျက်ရှိသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ငမိုးရိပ်တမံကြံ့ခိုင်မှုရှိစေရန်မိုးရာသီကာလများတွင် လိုအပ်သည့်တိုင်းတာမှုများ စစ်ဆေးခြင်း၊ရေမှတ်များ အမြဲမပြတ်စောင့်ကြည့်ခြင်း၊ ရေစိမ့်ပေါက်များအား တိုင်းတာစစ်ဆေးခြင်း၊ တမံအမြင့်မှန်၊ မမှန်စောင့်ကြည့်စစ်ဆေးခြင်းများကို သက်ဆိုင်ရာဝန်ထမ်းများက အချိန်ပြည့် စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-နေလင်း**

## ✷ ကျော့ဖုံးမှ

ဂိုးပေးလိုက်ရသောကြောင့် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၃၇ မိနစ်တွင် သက်နိုင်က ချေပဂိုး ပြန်သွင်းခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်း၏ကစားပုံပိုကောင်းလာပြီး ၄၄ မိနစ်တွင် ရန်ပိုင်က ဒုတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ရတနာပုံအသင်းက ထိန်းချုပ်နိုင်ခဲ့ပြီး ၈၃ မိနစ်တွင် အောင်သူက တတိယဂိုး သွင်းယူခဲ့သည်။ ဟံသာဝတီအတွက် ဒုတိယဂိုးကို မာစီယိုက သွင်းယူပေးခဲ့သော်လည်း ရတနာပုံအသင်းက ပွဲပြီးသည်အထိ အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ပွဲစဉ်(၉)အပြီးတွင် ရန်ကုန်အသင်းက ၂၅ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး လက်ရှိချန်ပီယံရတနာပုံအသင်းက ၂၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၉ မှတ်၊ ဧရာဝတီအသင်းက ၁၄ မှတ်၊ ဇွဲကပင်အသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ မကွေးအသင်းက ကိုးမှတ်၊ နေပြည်တော်အသင်းက ရှစ်မှတ်၊ ချင်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့က ခုနစ်မှတ်စီ၊ Southern အသင်းက ခြောက်မှတ်၊ GFA အသင်းက ငါးမှတ် ရရှိထားသည်။

ပွဲစဉ် (၆) မှ ရွှေ့ဆိုင်းထားသည့် Southern အသင်းနှင့် မကွေးအသင်းပွဲကို မတ် ၂၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း၏ အာရှ ဖလားခြေစစ်ပွဲကြောင့် ယခုပွဲအပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ကာ ဧပြီ ၁ ရက် တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**

# တိုက်ကြီးမြို့နယ်တွင် လျှပ်စစ်ရှော့ခ်ကြောင့် နေအိမ်နှင့် အဆောက်အအုံတချို့ ထိခိုက်ပျက်စီး ၂၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း သေဆုံးသူ မရှိ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လျှပ်စစ်ရှော့ခ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကြည့်ရှုအားပေးစဉ်။

**ရန်ကုန် မတ် ၁၄**

တိုက်ကြီးမြို့၏ ငါးမိုင်ခန့်အကွာကိုဗဟိုပြု၍ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု ယမန်နေ့က လှုပ်ရှားခဲ့မှုကြောင့် တိုက်ကြီးမြို့နယ်အတွင်းရှိ နေအိမ်၊ အဆောက်အအုံတချို့ ထိခိုက်ပျက်စီးခဲ့ပြီး ပြည်သူ ၂၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူမရှိကြောင်း အဆိုပါ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးမှသိရသည်။

"ငလျင်ဒဏ်ကြောင့် လူနေအိမ်နဲ့ အဆောက်အအုံ တချို့ထိခိုက်သွားတယ်။ ဒဏ်ရာရလို့ ဆေးရုံကိုရောက်ရှိနေတဲ့သူတွေကို ညတွင်းချင်းသွားရောက်ကြည့်ရှုခဲ့တယ်။

လူနာကတော့ စုစုပေါင်း ၂၆ ဦးရှိပါတယ်။ အဲဒီထဲကနေပြန်ပြီးခွဲခြားလိုက်တဲ့အခါမှာ ပွန်းပဲ့ဒဏ်ရာရရှိတဲ့သူက ခြောက်ဦး၊ ခုနစ်ဦးလောက်ပဲရှိပါတယ်။ ကျန်တဲ့လူနာတွေကတော့ နှလုံးရောဂါရှိတဲ့သူတွေနဲ့ မူးဝေအော့အန်တဲ့သူတွေပဲဖြစ်ပါတယ်။

"တော်တော်များများကတော့ ဆေးရုံက ပြန်ဆင်းသွားပါပြီ။ အတွင်းလူနာအဖြစ်ကုသခံရတာမျိုးမရှိပါဘူး။ ပွန်းပဲ့ဒဏ်ရာရှိတဲ့သူကလွဲလို့ အသေအပျောက်လည်း မရှိပါဘူး"ဟု တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလင်းက ပြောကြားသည်။

ယမန်နေ့က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် တိုက်ကြီးမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက် အပါအဝင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၉၄ အုပ်စုရှိသည့်အနက် မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျိုက်စကိုင်း၊ ဆင်စခန်း၊ လိမ္မော်ခြံ စသည့် ကျေးရွာအုပ်စု သုံးစုတို့တွင် ငလျင်ဒဏ်ခံစားခဲ့ရသော်လည်း ကျန်ရှိသည့် နေရာများတွင် ထိခိုက်ဒဏ်ရာရရှိသူနှင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

"စလှုပ်တဲ့ အချိန်မှာ နှစ်ချက်လောက် ယိမ်းထိုးပြီးတော့ အမေနဲ့ ညီမတွေထိုင်နေတဲ့ ကြမ်းပြင်ကြီးက အိမ်အောက်ထပ်ကို ပြိုကျသွားတယ်။ အဲဒီအချိန်မှာ ကျွန်တော်ကဘုရားရှိခိုးနေတာပါ။ အမေနဲ့ ညီမက အပျက်အစီးတွေကြားထဲမှာ မြုပ်နေလို့ ဆွဲထုတ်နေတုန်း ကျန်တဲ့နံရံတွေက ဆက်တိုက်ပြိုကျနေတယ်။ မိသားစု ၁၂ ယောက်ရှိတာ ငါးဦးဒဏ်ရာရရှိခဲ့ပါတယ်။ အခုတော့ သက်သာလာပါပြီ။ ဒီအိမ်ကြီးက နှစ်ပေါင်း ၁၀၀ ကျော်ပါပြီ။ ဒါကိုပြန်ပြင်ဖို့ဆိုတာ ကျွန်တော့်အနေနဲ့ ဘယ်လိုမှ မဖြစ်နိုင်သေးပါဘူး"ဟု မင်္ဂလာရပ်ကွက် ဘူတာလမ်းနေ ဦးချာလီက ပြောသည်။

ထို့အပြင် ငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ တိုက်ကြီးမြို့နယ် မြို့လယ်ဘုရားကြီးကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဦးအာစာရက "ကျောင်းတိုက် အဝင်ဝမုခ်ဦးနဲ့ သိမ်နံရံတွေ ကွဲအက်သွားတယ်။ ကျောင်းအုတ်တံတိုင်းကတော့ ၁၄ ခန်းလောက် ပြိုကျသွားတဲ့အပြင် ကျောင်းတိုက်ဟောင်းအဆောက်အအုံနံရံတွေ နည်းနည်း အက်သွားတယ်။ ပထမဆုံး စလှုပ်တဲ့အချိန်မှာပဲ အဲဒါတွေ အားလုံးဖြစ်သွားတာပါ။ မနက်ကျတော့ တပ်မတော်သားတွေ ရောက်လာပြီး သန့်ရှင်းရေးလုပ်ပေးသွားတယ်။ အပျက်အစီးတွေကို ပြန်လည်ပြုပြင်ဖို့အတွက်ကတော့ လူကြီးတွေနဲ့ အစည်းအဝေး ထိုင်ရဦးမှာပါ"ဟု မိန့်ကြားသည်။

စတင်ဖြစ်ပွားချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပထမအကြိမ် စတင်လှုပ်ခတ်ချိန်မှစတင်၍ နေအိမ်၊ အဆောက်အအုံတချို့နှင့် ထိခိုက်ဒဏ်ရာရရှိသူများဖြစ်ပေါ်ခဲ့သဖြင့် တိုက်ကြီးမြို့နေ ပြည်သူတချို့မှာ နေအိမ်များအတွင်း၌ ဆက်လက်နေထိုင်မှုမျိုး မပြုလုပ်ရဲသဖြင့် နေအိမ်ခြံဝင်း မြေပြင်များနှင့် လမ်းမများပေါ်တွင်သာ နေထိုင်ခဲ့ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

"ပထမအကြိမ် စလှုပ်တဲ့ချိန်မှာတင် အိမ်နံရံနဲ့ ကြမ်းခင်းပြိုကျသွားတယ်။ မိသားစုဝင်တွေ အိမ်ပေါ်က ဆင်းပြီး လမ်းပေါ်မှာနေခဲ့ရတယ်။ ထိခိုက်ဒဏ်ရာရရှိတာမျိုးတော့မရှိပါဘူး။ မနက်ကျတော့ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ တပ်မတော်သားတွေ လုပ်အားပေးရောက်လာတဲ့အချိန်ကျမှ အိမ်ပေါ်က ပစ္စည်းတွေကို သယ်ခဲ့ရတယ်။ အိမ်ကတော့ ပြန်ဆောက်မှ ရတော့မယ်။ လောလောဆယ်တော့ ခြံထဲမှာ ယာယီတဲလေးထိုးပြီးနေနေရတယ်။ ဒီမနက်မှာတော့ သက်ဆိုင်ရာက လာကြည့်ပြီး ငွေကြေးထောက်ပံ့သွားပါတယ်"ဟု ရှမ်းစုရပ်ကွက် လယ်တီ(၂)လမ်းနေ ဒေါ်ချိုက ပြောသည်။

ထိုသို့လှုပ်ခတ်ခဲ့မှုကြောင့် တိုက်ကြီးမြို့၌ သာသနိက အဆောက်အအုံ ၂၉ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ ဌာနဆိုင်ရာရုံး ကိုးရုံး၊ အခြားအဆောက်အအုံ ခြောက်လုံး၊ တံတား နှစ်စင်း၊ ကွန်ကရစ်လမ်းတစ်လမ်း ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနေအိမ်သုံးလုံး၊ ရဲစခန်းဝန်ထမ်းနေအိမ်သုံးလုံး ပြိုကျပျက်စီးခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ခန့်မှန်းငွေကျပ် ၁၉၅ ဒသမ ၁ သန်းခန့် ဆုံးရှုံးခဲ့ကာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၉ ဦးတို့ ငလျင်ဒဏ်ခံစားခဲ့ရကြောင်း သိရသည်။

"သတင်းရတာနဲ့ ဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်အတိုင်း လိုအပ်တဲ့ ထောက်ပံ့မှုတွေလုပ်ပေးနိုင်ဖို့ ညတွင်းချင်းသွားရောက်ခဲ့ပါတယ်။ ဆေးရုံကိုရောက်ရှိနေတဲ့လူနာတွေအတွက် တိုက်ကြီးမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းမှာရှိတဲ့ နှစ်ထပ်လူနာဆောင်အတွင်းမှာ မနေရဲလို့ အပြင်မှာ ထွက်နေကြတဲ့ လူနာတွေအတွက် အဆင်ပြေစေဖို့ ယာယီရွက်ဖျင်တဲတွေကို ထိုးပေးခဲ့တယ်"ဟု ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောကြားသည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော နေအိမ်တချို့နှင့် အဆောက်အအုံ အပျက်အစီးများကို ယနေ့ နံနက်ပိုင်းက မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းမှုများ ပြုလုပ်ပေးခဲ့သည်။

ထို့အပြင် ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ၊ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ တိုင်းသာသနာရေး ဦးစီးဌာနမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးမီးသတ် ဦးစီးဌာနမှ တာဝန်ရှိသူများက ပျက်စီးသွားသော အဆောက်အအုံများနှင့် ဒဏ်ရာရရှိသူများကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများ အနက် လတ်တလော ဆေးရုံတက်ရောက်ကုသနေသည့် လူနာ ခြောက်ဦးအား တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့်လည်းကောင်း၊ ပြိုကျပျက်စီးသွားသော နေအိမ် အဆောက်အအုံ ခြောက်လုံးအတွက် နေအိမ်တစ်လုံးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ ထိခိုက်ပျက်စီးသွားသော သာသနိက အဆောက်အအုံ ၂၉ လုံး အတွက် တစ်လုံးလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် လည်းကောင်း၊ နေအိမ် ခြောက်လုံးမှ ဘေးသင့်ပြည်သူ ၂၉ ဦးအတွက် တစ်ပတ်စာ ဆန်ဖိုးထောက်ပံ့ငွေကျပ် ၆၀၉၀၀ အပါအဝင် စုစုပေါင်းငွေကျပ် ၇၃၆၀၉၀၀ တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးက ထောက်ပံ့ပေးခဲ့သည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူမှုရေးအသင်း အဖွဲ့တို့က နေအိမ် ပြိုကျပျက်စီးသွားသော အိမ်ထောင်စု ခြောက်စုအား အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ငါးသောင်းနှင့် ဆန်နှစ်အိတ်စီကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ အလှူရှင်တစ်ဦးက မိသားစု တစ်စုလျှင် ငွေကျပ် တစ်သောင်းစီကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

ယမန်နေ့က ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် တိုက်ကြီးမြို့နယ်တွင် ပြည်သူများ အထိတ်တလန့်ဖြစ်ပွားခဲ့ရပြီး ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ငလျင်ငယ်တစ်ကြိမ် လှုပ်ခတ်မှုကို ခံစားခဲ့ရသဖြင့် တိုက်ကြီးမြို့နယ် အုတ်စက်ရုံတချို့တွင် အလုပ်သမားများအားနေအိမ်သို့ ပြန်လွှတ်ခဲ့ကြောင်း၊ တိုက်ကြီးမြို့ ဈေးကြီးကိုလည်း နံနက်ပိုင်းသာ ဖွင့်လှစ်ခဲ့ပြီး စိုးရိမ်ထိတ်လန့်မှုကြောင့် မွန်းလွဲပိုင်းတွင် ဈေးဆိုင်များဖွင့်လှစ်ခြင်းမရှိတော့ကြောင်း ဒေသခံများထံမှသိရသည်။

ထို့အပြင် တိုက်ကြီးမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှာ ငလျင်ဒဏ်ကြောင့် ကြံ့ခိုင်မှုမရှိတော့သဖြင့် ဝန်ထမ်းများကို မွန်းလွဲပိုင်းတွင် ပြန်လွှတ်ခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ငလျင်ဒဏ်ကြောင့် ထိခိုက်ထားတဲ့ အန္တရာယ်ရှိ အဆောက်အအုံတွေကိုတော့ လတ်တလောကာလမှာ လူနေထိုင်ခွင့်မပြုထားပါဘူး။ သူတို့အနေနဲ့ ခြံဝင်းထဲမှာ ယာယီအဆောက်အအုံလေးတွေ ထိုးပြီးနေထိုင်နေပါတယ်။ သက်ဆိုင်ရာအနေနဲ့လည်း အဆောက်အအုံအတွက် ငွေကြေးထောက်ပံ့မှုတွေလုပ်ပေးထားပါတယ်" ဟု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလင်းကပြောသည်။

တိုက်ကြီး ငလျင်နှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာ (ဖေ့ဘွတ်)တွင် လူကြီးတစ်ဦး၊ ကလေးငယ်တစ်ဦးသေဆုံးသည်ဟု သတင်းများထွက်ပေါ်ခဲ့သည့်အပေါ် အဆိုပါ သေဆုံးမှုမှာ ငလျင်လှုပ်ခတ်ခဲ့မှုနှင့် သက်ဆိုင်ခြင်း ရှိ၊ မရှိ ကို သက်ဆိုင်ရာမှ စုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ -ဇော်ကြီး(ပဏ္ဍိတ)**



တိုက်ကြီးမြို့ ပြည်သူ့ဆေးရုံကြီးရှိ လူနာများ အဆင်ပြေစေရန် ယာယီရွက်ဖျင်တဲ ထိုးပေးထားစဉ်။



ကြေးမုံ



# မိုးညှင်းသမ္ဗုဒ္ဓေဘုရား အာရုံခံအတွင်းရှိ အလှူခံပုံးလေးပုံး ဖောက်ထွင်းခိုးယူခံရမှုဖြစ်ပွား

**မုံရွာ မတ် ၁၄**

ကမ္ဘာကျော် မိုးညှင်းသမ္ဗုဒ္ဓေစေတီတော် အာရုံခံအတွင်း အလယ်တည့်တည့် မဏ္ဍိုင်ဗုဒ္ဓရုပ်ပွားတော်ကြီးရှေ့ရှိ အလှူခံပုံးများအနက် အလှူခံမှန်ပုံး လေးပုံးကို မတ် ၁၄ ရက် နံနက်အစောပိုင်းက ဖောက်ထွင်းခိုးယူမှုဖြစ်ပွားခဲ့ရာ ဖောက်ထွင်းခိုးယူသူကို အမြန်ဖမ်းမိရေး စီစီတီဗွီမှ ပြန်လည်ရှာဖွေစစ်ဆေးမှုများပြုလုပ်နေကြောင်း မိုးညှင်းသမ္ဗုဒ္ဓေဘုရား လုံခြုံရေးရဲစခန်းမှ ရဲတပ်ကြပ် ဘဟန်ထံမှ သိရသည်။

"အလယ်မဏ္ဍိုင်ရုပ်ပွားတော်ကြီးရှေ့က အလှူခံပုံးတွေရှိတဲ့အထဲက ရွှေသက်န်းအလှူခံပုံးနှစ်ပုံး၊ သေနသနအလှူခံပုံးတစ်ပုံးနဲ့ ဝေယျာဝစ္စအလှူခံပုံးတစ်ပုံး အားလုံးလေးပုံးကို ဖောက်ပြီး ငွေစက္ကူတစ်သောင်းတန်၊ ငါးထောင်တန်တွေကို ရွေးယူသွားတာပါ။ ငွေစက္ကူအသေးတွေကို ပုံမပျက်စေဖို့အတွက် ဖောက်ထားတဲ့အလှူခံပုံး အောက်ခြေကနေ ဘုရားမှာရှိတဲ့ နေရာထိုင်ကောဇောအသေးတွေကို အောက်ကနေထိုးထည့်ပြီး ငွေမလျော့လေဟန် ပြန်လုပ်ထားတာကို စစ်ဆေးတွေ့ရပါတယ်။ လောလောဆယ် စီစီတီဗွီကနေ တရားခံဖမ်းဆီးရမိရေးကို စစ်ဆေးဆောင်ရွက်ဖို့အတွက် ဂေါပကဥက္ကဋ္ဌကနေ တရားလိုလုပ်ပြီး အမှုဖွင့်အရေးယူဆောင်ရွက်သွားမှာပါ။ ဆရာတော်အနေနဲ့ အမှုမဖွင့်လိုပေမယ့် အမှုပေါ့မှာစိုးတဲ့အတွက် ဂေါပကဥက္ကဋ္ဌကြီးက တရားလိုလုပ်ပြီး အမှုဖွင့်သွားမှာပါ" ဟု ရဲတပ်ကြပ်ဘဟန်က ပြောသည်။

မိုးညှင်းသမ္ဗုဒ္ဓေ စေတီတော်ကြီးသည် လက်ရှိအချိန်တွင် အလောင်းတော်ကဿပ ဘုရားဖူးများ၊ အမေကြီးနတ်ပွဲသွားသူများ စသည်ဖြင့် ဘုရားဖူးအများဆုံး နေ့စဉ်လာရောက်ချိန်ဖြစ်သောကြောင့် အလှူငွေထည့်ဝင်မှုမှာလည်း သာမန်အချိန်ထက်ပိုများမည်ဖြစ်ရာ ယခင်အပတ်များကရရှိသော အလှူခံပုံးတစ်ပုံးမှ အလှူငွေအရေအတွက်ကို ပြန်လည်စိစစ်တွက်ချက်ကြည့်ရာ အလှူခံပုံးလေးပုံးမှ အလှူငွေကျပ် သိန်း ၂၀ ကျော်ခန့် အခိုးခံရနိုင်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘလွင်ထံမှ သိရသည်။



"ဘုရားအာရုံခံကို နေ့စဉ်ညနေ ၅ နာရီမှာ ပိတ်ပြီး မနက် ၅ နာရီမှာ ဖွင့်လေ့ရှိပါတယ်။ ညနေပိတ်ရင်ဂေါပကအဖွဲ့ လေးဦးက မပိတ်ခင် ပိတ်တော့မယ့်အကြောင်း အာရုံခံထဲလှည့်အော်လေ့လည်းရှိပါတယ်။ မနေ့ညနေကတော့ အလှူခံပုံးဖောက်မယ့်သူက အာရုံခံထဲတစ်နေရာရာမှာ အောင်းနေပြီးမှ ညပိုင်းမှာဖောက်တာပါ။ အာရုံခံထဲမှာ စီစီတီဗွီ ၂၂ လုံးကို နေရာအနှံ့မှာ တပ်ထားပါတယ်။ အခုဖြစ်တာကိုသိရှိပြီး တရားခံဖော်ထုတ်နိုင်ဖို့ တရားလိုလုပ်ပြီး ဆိုင်ရာကို တိုင်ချက်ဖွင့်ဖို့လုပ်နေပါတယ်"ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘလွင်က ပြောသည်။

ဘုရားအာရုံခံအတွင်းရှိ အလှူခံပုံး ၁၉ ပုံးမှ မကြာခဏ အလှူငွေ အခိုးခံရခြင်းများရှိကြောင်း သိရသည်။ ပြီးခဲ့သည့် တပို့တွဲလကုန်ရက်က ဘုရားကြီးမြောက်ဘက်မှ မဟာဗောဓိတိုက်အတွင်းရှိ အလှူခံမှန်ပုံးမှ အလှူငွေ အနည်းငယ်ကို ဖောက်ထွင်းခိုးယူ ခံခဲ့ရရာ ယခုထိ ခိုးသူကို ဖမ်းမိမှုမရှိသေးကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောပြသည်။

လက်ရှိအချိန်သည် ပွင့်လင်းရာသီ ဘုရားဖူး အများအပြားလာရောက်ချိန်ဖြစ်သောကြောင့် အလှူငွေရရှိမှုသည် အာရုံခံအတွင်း အဓိကကျသောနေရာရှိ အလှူခံပုံးတစ်ပုံးလျှင် ၁၅ ရက်တွင် ကျပ်သိန်း ၁၀၀ ခန့်ရရှိနေပြီး ပုံမှန်အချိန်တွင် ကျပ် ၄၅ သိန်းနှင့် သိန်း ၅၀ ကြား ရရှိကြောင်း သိရသည်။ ယခင်က အလှူခံပုံးများကို တစ်လတစ်ခါ ဖွင့်ဖောက်စစ်ဆေးခြင်းပြုရာမှ ဘုရားဖူးတစ်စတစ်စများလာပြီး အလှူငွေပိုမိုရရှိလာသောကြောင့် ၁၅ ရက်တစ်ကြိမ် ဖွင့်ဖောက်စစ်ဆေးကာ စာရင်းသွင်းပြီး မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံထားရှိခြင်းဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် နှစ်ပတ်ခန့်က တစ်ကြိမ်ဖွင့်ဖောက်စစ်ဆေးထားရာ နောက်တစ်ကြိမ် ဖွင့်ဖောက်စစ်ဆေးရန်နီးနေချိန် အလှူခံပုံးတွင် ငွေစက္ကူများ အပြည့်နီးပါးရှိချိန်တွင် ယခုကဲ့သို့ ဖောက်ထွင်းခိုးယူခံရခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အကောက်ခွန်မဲ့ ခြင်ဆေးဖျန်းဆေးနှင့် ဆံပင်ဖျန်းဆေးများ ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

**ရန်ကုန် မတ် ၁၄**

တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးအတွက် အဓိက ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် မြန်မာနိုင်ငံ အထက်ပိုင်းဒေသတွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် တားဆီးစစ်ဆေးလျက်ရှိရာ မတ် ၁၃ ရက်က တရားမဝင်သယ်ဆောင်လာသည့် အကောက်ခွန်မဲ့ ခြင်ဆေးဖျန်းဆေးနှင့် ဆံပင်ဖျန်းဆေးများ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ယင်းသို့ ဖမ်းဆီးရမိခဲ့ရာတွင် တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ခြင်ဆေးဖျန်းဘူး 600ml x 30 (1055)Pkgs၊ ဆံပင်ဖျန်းဆေး Hair Spray 350 ml x 48 (200)Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီးအပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၉၂ ဒသမ ၀၇၅ သန်းခန့် သိမ်းဆည်းခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့မှ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀ ဒသမ ၃၂၄ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၆၄၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**



# အမြန်လမ်းမကြီး၌ နံနက်စောစော ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွား

**နေပြည်တော် မတ် ၁၄**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၆၃/၁)နှင့် (၆၃ /၂) အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အောင်သန်းမင်း မောင်းနှင်လာသော COROLLA VAN ယာဉ်သည် ယနေ့နံနက် ၀၀ နာရီ မိနစ် ၂၀ ခန့်တွင် ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တုံးတိုက်မိပြီး လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိရပ်တန့်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါလာသူများ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိသော်လည်း ယာဉ်မှာ အနည်းငယ်ပျက်စီးသွားသည်။ သို့ပါ၍ ယာဉ်မောင်းအား အုတ်သျှစ်ကုန်း အမြန်လမ်းရဲတပ်ဖွဲ့မှ ယာဉ် (ပ) ၄/၁၇ ရာဇသတ်ကြီး ပုဒ်မ ၂၇၉ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၁ နာရီက မိုင်တိုင်အမှတ် (၁၇၅/၆) နှင့် (၁၇၅/၇) အကြား ရန်ကုန်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဦးခင်ကျော်မောင်းနှင်လာသော CALDING ယာဉ်မှာ အမြန်လမ်းမကြီးအား အရှေ့ဘက်မှ အနောက်ဘက်သို့ ဖြတ်ကူးသော ကျွဲတစ်ကောင်အား တိုက်မိပြီး ယာဉ်မှာ လမ်းလယ်ကျွန်းပေါ် ရောက်ရှိရပ်တန့်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါရှိသူများ ထိခိုက်မှုမရှိသော်လည်း ကျွဲမှာ နောက်ခြေထောက် နှစ်ချောင်းကျိုးပြီး ဝမ်းဗိုက်စုတ်ပြဲဒဏ်ရာရရှိသွားခဲ့သည်။

သို့ပါ၍ အမြန်လမ်းမပေါ်တွင် တိရစ္ဆာန်များ လွှတ်ထားခွင့်မရှိပါ၍ အမြန်လမ်းမကြီး ဥပဒေပုဒ်မ (၁၈)အရ အမှုဖွင့်၍ ကျွဲပိုင်ရှင်အား စုံစမ်းလျက်ရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး (လေးမျက်နှာ)**

# နေအိမ်များအတွင်းဝင်ရောက်၍ ခိုးမှုများအကြိမ်ကြိမ်ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ရဲဘက်ပြေးတစ်ဦးအား ဖမ်းဆီးရမိအရေးယူ

**ရန်ကုန် မတ် ၁၄**

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း ဗဟန်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့ရှိ နေအိမ်များအတွင်း ဝင်ရောက်၍ ခိုးမှုများအကြိမ်ကြိမ်ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ချစ်စုမ(ခ)ဆုအောင်(ခ) ပြည့်ဖြိုးအောင် (ခ) စိုးအောင်အား ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၅ နာရီတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။



၎င်းသည် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် ရွှေတောင်ကြား (၁)လမ်းရှိ နေအိမ်အတွင်းသို့ဝင်ရောက်၍ စာကြည့်ခန်းအတွင်းမှ Rolex လက်ပတ်နာရီတစ်လုံး၊ i Phone 5s တစ်လုံး၊ အမေရိကန်ဒေါ်လာ ၂၀ တန် ခြောက်ရွက်နှင့် ငွေကျပ် ၅၀၀၀၀ခန့်ဝင်ရောက်ခိုးယူခြင်း၊ အောက်တိုဘာလအတွင်း ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် သံလွင်လမ်းရှိ နေအိမ်မှ SAMSUNG အမျိုးအစား Note Book တစ်လုံး၊ Dell အမျိုးအစား လက်ပ်တော့တစ်လုံး၊ Panasonic အမျိုးအစား ကင်မရာ တစ်လုံး၊ ကျောက်များစီခြယ်ထားသည့် လော့ကက်သီးပါ ရွှေဆွဲကြိုးတစ်ကုံး၊ ယူရိုငွေ ၃၀၊ ထိုင်းဘတ်ငွေ ၃၅၀၀၊ စင်ကာပူဒေါ်လာ ၅၀၊ ငွေကျပ် ၁၀၀၀၀ ခိုးယူခြင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း သံလွင်လမ်းရှိ နေအိမ်တစ်အိမ်မှ ငွေကျပ် ၈၅၀၀၀၀၊ နီလာကျောက်နှင့် စိန်များစီခြယ်ထားသည့် နားကပ်တစ်ရံနှင့် လက်စွပ် တစ်ကွင်း ခိုးယူခြင်း၊ မေလအတွင်း ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ နေအိမ်အတွင်းသို့ဝင်ရောက်၍ Android Watch နာရီ နှစ်လုံး၊ GPS တစ်ခု၊ Hard Drive တစ်ခု၊ SAMSUNG Gear ဖုန်းတစ်လုံး၊ HUAWEI လက်ကိုင်ဖုန်း တစ်လုံး၊ hp အမျိုးအစား လက်ပ်တော့တစ်လုံးနှင့် DVD တစ်ချပ် ခိုးယူခြင်း၊ နိုဝင်ဘာလအတွင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် ငွေဝတ်မှုံလမ်းရှိ နေအိမ်တစ်အိမ်မှ SONY စာတန်းပါအိတ်နှင့် လက်ပ်တော့ တစ်လုံး၊ i Phone 6 plus တစ်လုံးနှင့် ငွေကျပ် ငါးသိန်း ခိုးယူခြင်းများ ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်း သိရသည်။

စစ်ဆေးချက်အရ ၎င်းသည် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ နေအိမ်တစ်အိမ်မှ Lenovo အမျိုးအစား လက်ပ်တော့တစ်လုံး၊ အောက်တိုဘာလအတွင်းက သံလွင်လမ်း၌ပင် Mac Book air တစ်လုံးနှင့် ရွှေရောင်နာရီ တစ်လုံး ခိုးယူခဲ့ကြောင်း ထပ်မံပေါ်ပေါက်ခဲ့သည်။

ထို့ပြင် ၂၀၀၅ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်း လှိုင်မြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်တို့တွင် ခိုးမှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သဖြင့် ထောင်ဒဏ်များ ကျခံနေရစဉ် ၂၀၁၃ ခုနှစ် မတ် ၂၀ ရက်တွင် လှည်းကူးမြို့နယ် မင်းကုန်း ရဲဘက်စခန်းမှ ထွက်ပြေးလွတ်မြောက်နေသူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

၎င်းကျူးလွန်ခဲ့သောအမှုများမှ ပါဆုံးခဲ့သည့် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းခဲ့ရာ i Phone 5s လက်ကိုင်ဖုန်းတစ်လုံး၊ SAMSUNG Note Book တစ်လုံး၊ အရည်ကျိုထားသော ရွှေတုံးတစ်တုံး၊ နီလာတစ်ပွင့်နှင့် စိန်အသေး ၁၀ လုံး၊ ပစ္စည်းများပေါင်းနှံရောင်းချထားသည့် ဘောက်ချာတစ်ရွက်၊ နီလာနှင့် စိန်များစီခြယ်ထားသော နားကပ်တစ်ရံနှင့် လက်စွပ်တစ်ကွင်း၊ SONY စာတန်းပါအိတ်နှင့် လက်ပ်တော့တစ်လုံး၊ i Phone 6 Plus လက်ကိုင်ဖုန်းတစ်လုံး၊ Android Watch အမျိုးအစား လက်ပတ်နာရီတစ်လုံး၊ Mac Book air တစ်လုံး၊ Lenovo လက်ပ်တော့တစ်လုံးနှင့် Emporio Armani ရွှေရောင်နာရီတစ်လုံးတို့အား ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးနှင့် စပါး၊ အာဆင်နယ်နှင့် မန်စီးတီးတို့ ထိပ်တိုက်တွေ့ဆုံ

အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲအဆင့်တွင် ချယ်လ်ဆီးနှင့် စပါး၊ မန်စီးတီးနှင့် အာဆင်နယ်တို့ ထိပ်တိုက်တွေ့ဆုံနေပြီး အကြိုဗိုလ်လုပွဲစဉ်နှစ်ပွဲစလုံးကို ဧပြီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ အာဆင်နယ်အသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲသို့ ၂၉ ကြိမ်အထိ တက်ရောက်နိုင်သည့်အသင်းအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီး မန်စီးတီးကဲ့သို့ ကစားအားမာသောအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ဆက်တန်နှင့် လင်ကွန်းတို့ကဲ့သို့သော အသင်းငယ်များကို အနိုင်ယူကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းလာခြင်းဖြစ်ရာ မန်စီးတီးအသင်းကိုရင်ဆိုင်မည့်ပွဲစဉ်သည် အာဆင်နယ်၏ ခြေစွမ်းအမှန်ကို အစိကစမ်းသပ်ခံမည့် ပွဲစဉ်ဖြစ်လာမည်ဖြစ်သည်။ မန်စီးတီးအသင်းကမူ မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြီး နောက်ဆုံးလေးရာသီအတွင်း အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲအဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်လာခဲ့သည်။

မီဝေါလ်အသင်းကို ဂိုးဒါဇင်ဝက်သွင်းယူခဲ့သည့် စပါးအသင်းနှင့် လက်ရှိချန်ပီယံ မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့သည့် ချယ်လ်ဆီးအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံနေသည့် ပွဲစဉ်မှာလည်း ပွဲကောင်းတစ်ပွဲဖြစ်လာမည်ဖြစ်သည်။ အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲအဆင့်တွင် ထိပ်တိုက်တွေ့ဆုံနေသည့် အသင်းများ၏ နောက်ဆုံးငါးကြိမ်တွေ့ဆုံမှုကို နှိုင်းယှဉ်ကြည့်ပါက ချယ်လ်ဆီးနှင့် စပါးအသင်းတို့တွင် ချယ်လ်ဆီးက နှစ်ကြိမ်နိုင်၊ နှစ်ကြိမ်သရေနှင့် တစ်ကြိမ်ရှုံးဆိုသည့် ရလဒ်ထွက်ပေါ်ထားသည့်အတွက် ချယ်လ်ဆီးအနေဖြင့် စပါးနှင့်တွေ့ဆုံမှုတွင် သိသိသာသာ အသာစီးရယူထားနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ သို့သော် နည်းပြ ကွန်တီလက်ထက်တွင် စပါးအသင်းကို ရှုံးနိမ့်ထားခဲ့သည့်အတွက် ယခုတစ်ကြိမ် ဘယ်အသင်းက အသာရမည်လည်းဆိုသည်ကို တိတိကျကျပြောရန် ခက်ခဲသည့်အနေအထားဖြစ်သည်။



" စပါးအသင်းက ဒီရာသီမှာ ချယ်လ်ဆီးကို ဒုက္ခအပေးနိုင်ဆုံးအသင်းဖြစ်တဲ့အပြင် လန်ဒန်ဒါဘီပွဲလည်းဖြစ်နေတော့ ပိုကြည့်ကောင်းမှာပါ။ ဒါပေမယ့် ဒီနှစ်သင်းထဲမှာဆိုရင်တော့ ချယ်လ်ဆီးသာ ဗိုလ်လုပွဲတက်ရောက်နိုင်ဖို့ အခွင့်အရေးပိုများတယ်လို့ ပြောရမှာဖြစ်ပါတယ်"ဟု ချယ်လ်ဆီးကစားသမားဟောင်းဖရန့်လမ်းပတ်က အဆိုပါထိပ်တိုက်တွေ့ဆုံမှုအပေါ် မှတ်ချက်ပြုခဲ့သည်။

သို့သော် အလန်ရှီးယားကလည်း "အရင်က အက်ဖ်အေဖလားပွဲစဉ်မှာ နာမည်ကြီးကစားသမားတွေပါလာရင်တောင် လူစုံမထုတ်တာကြောင့် အသင်းကြီးတွေက ခပ်လေးလေးကစားနေပေမယ့် ဒီနှစ်တော့ ထိပ်တန်းလေးသင်းတွေ့ဆုံမှုကြောင့် အခြေအနေတစ်မျိုးပြောင်းသွားမှာပါ"ဟု သုံးသပ်ခဲ့သည်။



အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲအဆင့်တွင် ထိပ်တိုက်တွေ့ဆုံနေသည့် အသင်းများ၏ နောက်ဆုံးငါးကြိမ်တွေ့ဆုံမှု

**ချယ်လ်ဆီးနှင့် စပါး**

| နေ့ | ရလဒ် | ပြိုင်ပွဲ |
| --- | --- | --- |
| ၂၀၁၅ မတ် ၁ ရက် | ချယ်လ်ဆီး၂-၀စပါး | လိဂ် |
| ၂၀၁၅နိုဝင်ဘာ၂၉ရက် | စပါး၀-၀ချယ်လ်ဆီး | ပရီမီယာလိဂ် |
| ၂၀၁၆မေ၂ရက် | ချယ်လ်ဆီး၂-၂စပါး | ပရီမီယာလိဂ် |
| ၂၀၁၆နိုဝင်ဘာ၂၆ရက် | ချယ်လ်ဆီး၂-၁စပါး | ပရီမီယာလိဂ် |
| ၂၀၁၇ဇန်နဝါရီ၄ရက် | စပါး၂-၀ချယ်လ်ဆီး | ပရီမီယာလိဂ် |

**အာဆင်နယ်နှင့် မန်စီးတီး**


| နေ့ | ရလဒ် | ပြိုင်ပွဲ |
| --- | --- | --- |
| ၂၀၁၄စက်တင်ဘာ၁၃ရက် | အာဆင်နယ်၂-၂မန်စီးတီး | ပရီမီယာလိဂ် |
| ၂၀၁၅ဇန်နဝါရီ၁၈ရက် | မန်စီးတီး၀-၂အာဆင်နယ် | ပရီမီယာလိဂ် |
| ၂၀၁၅ဒီဇင်ဘာ၂၁ရက် | အာဆင်နယ်၂-၁မန်စီးတီး | ပရီမီယာလိဂ် |
| ၂၀၁၅မေ၈ရက် | မန်စီးတီး၂- ၂အာဆင်နယ် | ပရီမီယာလိဂ် |
| ၂၀၁၆ဒီဇင်ဘာ၁၈ရက် | မန်စီးတီး၂-၁အာဆင်နယ် | ပရီမီယာလိဂ် |

## ချန်ပီယံလိဂ်သတင်းများ


### ဂျူဗင်တပ်အသင်းမှာ ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်၊ ဘိုင်ယန်မြူးနစ်တို့နှင့် အဆင့်တူအသင်းဖြစ်

ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ပေါ်လိုဒိုင်ဘာလာက ချန်ပီယံလိဂ်သမိုင်းကြောင်းတွင် ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့မှာ အင်အားအကြီးမားဆုံး အသင်းသုံးသင်းဖြစ်ပြီး ဂျူဗင်တပ်မှာလည်း အလားတူအဆင့်မျိုးရှိသည့် အသင်းသာဖြစ်ကြောင်း သူ၏အမြင်ကို ပြောကြားလိုက်သည်။ သို့သော် ဂျူဗီအသင်းခေါင်းဆောင် ဘတ်ဖွန်က ဂျူဗင်တပ်အနေဖြင့် ချန်ပီယံလိဂ်တွင် ဗိုလ်စွဲလိုပါက ယခုထက် ကောင်းမွန်စွာကစားနိုင်ရန် လိုအပ်ဆဲဖြစ်ကြောင်း ဆိုခဲ့ဖူးသည်။

ဂျူဗင်တပ်အသင်းသည် ၂၀၁၅ ခုနှစ်တွင် ချန်ပီယံလိဂ် ဗိုလ်လုပွဲတစ်ကြိမ်တက်ရောက်နိုင်ခဲ့သေးသော်လည်း ဗိုလ်လုပွဲတွင် ဘာစီလိုနာကို ဂိုးပြတ်အရေးနိမ့်ခဲ့သည်။ ဂျူဗင်တပ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်မှုမရှိသည်မှာ ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့်နေပြီဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်လောက်ဖြင့်သာ ကျေနပ်နေရသည်။ ဂျူဗင်တပ်နည်းပြ အယ်လီဂရီကလည်း ဘာစီလိုနာအသင်းသာလျှင် ချန်ပီယံလိဂ်ဗိုလ်စွဲရန် အကောင်းဆုံးအခြေအနေကို ပိုင်ဆိုင်ထားပြီး ချန်ပီယံလိဂ်ယှဉ်ပြိုင်ခွင့်ရ အသင်းတိုင်းမှာ အဆိပ်ရှိသည့်အသင်းဖြစ်၍ ပြိုင်ဘက်ကို အထင်သေးရင်ဆိုင်ပါက ရှုံးနိမ့်မှုနှင့်သာ ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဂျူဗီကစားသမားများကို သတိပေးစကားဆိုခဲ့သည်။



### ပီအက်စ်ဂျီကဲ့သို့ အဖြစ်ခံမည်မဟုတ်ဟု မန်စီးတီးရဲ့ တိုရေး ပြောပြီ



မန်စီးတီးကွင်းလယ်လူ ယာယာတိုရေးက မန်စီးတီးအနေဖြင့် ချန်ပီယံလိဂ်ပွဲစဉ်ကို ဂရုထားယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဒုတိယပီအက်စ်ဂျီအသင်းအဖြစ်ခံမည်မဟုတ်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။ မန်စီးတီးအသင်းသည် မိုနာကိုအသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားရစဉ်က ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိအောင် ကစားနိုင်ခဲ့သော်လည်း ကွာတားတက်ရောက်ရန် အာမခံချက်မရှိသေးသည့်အခြေအနေပင်ဖြစ်သည်။ တိုရေးက ပီအက်စ်ဂျီအသင်းဘာမှားခဲ့သလဲဆိုသည်ကို မိမိတို့ရှင်းရှင်းလင်းလင်းမြင်ထားပြီးဖြစ်၍ မည်သည့်အကြောင်းကြောင့်မျှ မန်စီးတီးအသင်း၏ အမှားကျူးလွန်မှုကို မြင်တွေ့ရမည်မဟုတ်ကြောင်း အာမခံချက်ပေးခဲ့သည်။

တိုရေးက " ပီအက်စ်ဂျီအသင်းဟာ ရှေ့တန်းမှာ တိုက်စစ်အင်အားလုံလုံလောက်လောက်ရှိပေမယ့် တိုက်စစ်သမားက တိုက်စစ်ပိုင်းထက် ခံစစ်ကိုပဲ အာရုံစိုက်ကစားနေတယ်။ ကစားသမားတွေက သူ့နေရာနဲ့သူ မကစားဘဲ ပထမအကျော့ရလဒ်ကို ထိန်းဖို့ပဲကြိုးစားနေတာက ပွဲရဲ့ရလဒ်ပိုင်းကို ပြောင်းလဲသွားစေတာပါ။ ဒါဟာ နည်းပြရဲ့ နည်းစနစ်ချထားမှုနဲ့ပဲဆိုင်တယ်။ သေချာတာကတော့ မန်စီးတီးအသင်းဟာ ဒုတိယပီအက်စ်ဂျီ မဟုတ်ဘူးဆိုတာပါပဲ" ဟု ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ကစားခဲ့သည့်အတွက် နောက်ဆုံးကစားခဲ့သည့် ၁၀ ပွဲတွင် ခုနစ်ပွဲအထိ ပေးဂိုး မရှိအောင်ကစားနိုင်ခဲ့သည်။ သို့သော် မိုနာကိုအသင်းတွင် ဘာနာဒိုဆေးလ်ဗား၊ လီမာနှင့် ဖယ်လ်ကာအိုတို့လို ကစားသမားမျိုးရှိသည့်အတွက် မန်စီးတီးအနေဖြင့် ပေးဂိုးမပေးရအောင် ကစားနိုင်ရန် ခဲယဉ်းမည်ဖြစ်သည်။ မန်စီးတီးအသင်းသည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက အကြိုဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ခဲ့သည့် အသင်းဖြစ်သည်။

### ချန်ပီယံလိဂ်ပြိုင်ပွဲအရေးကြီးသလို လာလီဂါအတွက်လည်း အန္တရာယ်ကြုံနေရသည့်အနေအထားဖြစ်နေဟု အက်သလက်တီကိုနည်းပြ ဆီမွန်နီ ဝန်ခံ

အက်သလက်တီကိုအသင်းသည် လေဗာကူဆင်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်ပြီးနောက် ဆီဗီလာအသင်းကို လာမည့် မတ် ၁၈ ရက်တွင် ဆက်လက်ရင်ဆိုင်ရဦးမည်ဖြစ်ရာ အက်သလက်တီကိုအတွက် အခက်ကြုံသည့် ရက်သတ္တပတ် ဖြစ်လာမည်ဖြစ်ကြောင်း အက်သလက်တီကိုနည်းပြ ဆီမွန်နီက ပြောကြားခဲ့သည်။ အက်သလက်တီကိုသည် ပထမအကျော့က လေဗာကူဆင်အသင်းအား အဝေးကွင်းတွင် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသော်လည်း သမိုင်းကြောင်း ပြောင်းနိုင်ခဲ့သည့် ဘာစီလိုနာအသင်း၏ အောင်ပွဲနှင့်အတူ ပထမအကျော့အနိုင်ရထားသည့် အသင်းများအာမခံချက်မရှိသည့် အနေအထားကြုံနေရပြီဖြစ်ဖြစ်သည်။

ဆီမွန်နီက ပွဲစဉ်တိုင်း ခက်ခဲနေပြီး လေဗာကူဆင်နှင့် ပွဲစဉ်က အရေးကြီးသလို ဆီဗီလာနှင့် ပွဲစဉ်ကလည်း အလွန်အရေးကြီးသည့် ပွဲစဉ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အက်သလက်တီကိုအသင်းသည် ယခုနှစ်တွင် လာလီဂါပြိုင်ပွဲတွင် ထိပ်တန်းအသင်းကြီးများနှင့် ထိပ်တိုက်ရင်ဆိုင်မှုတွင် အသာစီးမရရှိဘဲ ဘာစီလိုနာ၊ ရီးယဲလ်တို့ကို အရေးနိမ့်ခဲ့သလို လာလီဂါအမှတ်ပေးဇယားတွင်လည်း စတုတ္ထနေရာအတွက် ဆိုစီဒက်အသင်း၏ ခြိမ်းခြောက်မှုကြုံတွေ့နေရသည်။

အက်သလက်တီကိုအသင်းသည် သုံးရာသီအတွင်း ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ နှစ်ကြိမ်တိုင် တက်ရောက်နိုင်သော်လည်း နှစ်ကြိမ်လုံးတွင် မြို့ခံပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းကို အရေးနိမ့်ကာ ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။



မေလှဲ့သင်း-စုစည်းသည်

# အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**(ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်)**
**ခုနှစ်၊ ရက်**
**(ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၇ - ၂၀၁၈ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၃။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (ဃ)ပါ "အထူးကုန်စည်ကို" ဆိုသည့် စကားရပ်အစား "ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်းမဟုတ်သည့် အထူးကုန်စည်ကို" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကုန်စည်များ ထုတ်လုပ်သည့်လုပ်ငန်းအဆင့်ဆင့်တို့ပါဝင်သည့်အပြင်" ဆိုသည့် စကားရပ်အစား "ကုန်စည်များထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တပ်ဆင်ခြင်း၊ စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်းလုပ်ငန်းများပါဝင်သည့်အပြင်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၃)ပါ "လက်ဖြင့်ဖြစ်စေ ထုတ်ယူခြင်း" ဆိုသည့် စကားရပ်အစား"လက်ဖြင့်ဖြစ်စေ ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ဆ)ပါ "ဆိုင်းငံ့စနစ်ဖြင့် ဖြစ်စေ" ဆိုသည့် စကားရပ်အစား "ဆိုင်းငံ့စနစ်ဖြင့် ဖြစ်စေ၊ ကုန်စည်လဲလှယ်ခြင်းစနစ်ဖြင့် ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (ဇ)ပါ "ထုတ်လုပ်သူက လွှဲအပ်သည့် အထူးကုန်စည်" ဆိုသည့် စကားရပ်အစား "တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူ၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချသူက လွှဲအပ်သည့် အထူးကုန်စည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မခွဲ (ည) ပါ "ပြည်ပမှတင်သွင်းသော" ဆိုသည့် စကားရပ်အစား "ပြည်တွင်းသို့တင်သွင်းသော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မခွဲ(ဌ)ပါ "အခွန်မပါသော" ဆိုသည့် စကားရပ်အစား "အခွန်အပါအဝင်ဖြစ်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မခွဲ(ဍ)ပါ "သတ်မှတ်ချက်နှင့်အညီ" ဆိုသည့် စကားရပ်အစား "ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် နည်းလမ်းနှင့်အညီ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဇ) ပုဒ်မခွဲ (ဎ)ပါ "မိမိ၏ထုတ်လုပ်ပြီးဖြစ်သည့် အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းအတွက်" ဆိုသည့် စကားရပ်အစား "အထူးကုန်စည်ထုတ်လုပ်သူ၊ ထုတ်လုပ်ရောင်းချသူ၊ တင်ပို့သူ၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချသူက ပေးဆောင်ရမည့် အထူးကုန်စည်ခွန်နှင့် စပ်လျဉ်း၍"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဈ) ပုဒ်မခွဲ (ထ) တွင် "ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်အစား "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ည) ပုဒ်မခွဲ (န) ၏ နောက်တွင် ပုဒ်မခွဲ (ပ)၊ (ဖ)၊ (ဗ)၊ (ဘ)၊ (မ)၊ (ယ)၊ (ရ)၊ (လ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ပ) **တင်ပို့သူ**ဆိုသည်မှာ အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့သူကိုဆိုသည်၊

(ဖ) **ကျောက်မျက်ရတနာ**ဆိုသည်မှာ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ကျောက်မျက်ရတနာများကိုဆိုသည်၊

(ဗ) **ကျောက်မျက်ရတနာဝယ်ယူရောင်းချသူ** ဆိုသည်မှာ ပြည်တွင်း၌ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ဝယ်ယူရောင်းချခြင်း လုပ်ငန်း ဆောင်ရွက်သည့် မည်သည့် ပုဂ္ဂိုလ်ကိုမဆို ဆိုသည်။

(ဘ) **အခွန်အမှတ်တံဆိပ်**ဆိုသည်မှာဤဥပဒေပုဒ်မ၃၄အရကပ်နှိပ်ထားသော သို့မဟုတ် အထူးကုန်စည်အတွက်အသုံးပြုသော စာမှတ် စာတမ်း သို့မဟုတ် အခြားသောအထောက်အထား တစ်ခုခုကိုဆိုသည်၊

(မ) **လုပ်ငန်းဥပစာ**ဆိုသည်မှာဤဥပဒေအရမှတ်ပုံတင်ထားသည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲ အဝန်းအဝိုင်းကိုဆိုသည်၊

(ယ) **ဤဥပဒေ၏ နောက်ဆက်တွဲဇယား** ဆိုသည်မှာပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ အထူးကုန်စည်ခွန် အခန်းပါ အထူးကုန်စည်ဇယားကို ဆိုသည်။

(ရ) **ပုံစံများ**ဆိုသည်မှာဤဥပဒေပါညွှန်ကြားရေးမှူးချုပ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်အရသတ်မှတ်သည့်ပုံစံများကိုဆိုသည်။

(လ) **တန်ဖိုးအဆင့်**ဆိုသည်မှာ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် ပြဋ္ဌာန်းသည့် အထူးကုန်စည်များ၏ ဈေးနှုန်းတန်ဖိုးအဆင့်ကို ဆိုသည်။"

၄။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)ပါ "အထူးကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း ဆောင်ရွက်သူတို့သည်" ဆိုသည့် စကားရပ်အစား "အထူးကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း ဆောင်ရွက်သူတို့သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)၏ နောက်တွင် ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ကျောက်မျက်ရတနာနှင့် စပ်လျဉ်းသည့်ကိစ္စတွင် ပုဒ်မခွဲ (က)အရ ဆောင်ရွက်မှုများအပြင် ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်းအပေါ် အခွန်ကျသင့်စေရမည်။"

၆။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ)နှင့်(င)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) ကျောက်မျက်ရတနာကို ဝယ်ယူရောင်းချခြင်းဖြစ်ပါက ရောင်းချသူက ပေးဆောင်ရမည်။

(င) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိခြင်းဖြစ်ပါက လက်ဝယ်ထားရှိသူက ပေးဆောင်ရမည်။"

၇။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ၆ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မည်သည့်နှစ်အတွက်မဆို ဘဏ္ဍာနှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့်-

(၁) အခွန်ကျသင့်စေမည့် အထူးကုန်စည်များကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(၂) အခွန်ကျသင့်သော အထူးကုန်စည်များအတွက် တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှု တစ်ခုခု အပေါ် အခြေပြု၍ တွက်ချက်ရမည့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(၃) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်မည့် အထူးကုန်စည်နှင့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(ခ) (၁) အထူးကုန်စည် ထုတ်လုပ်သူ သို့မဟုတ် တင်သွင်းသူသည် ယင်းထုတ်လုပ်သော သို့မဟုတ် တင်သွင်းသော အထူးကုန်စည်များကို တန်ဖိုးအဆင့် သတ်မှတ်နိုင်ရန်အတွက် မြို့နယ် အခွန်ဦးစီးဌာနမှူးထံမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(၂) လျှောက်လွှာပုံစံနှင့်တင်သွင်းရမည့်နည်းလမ်းကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်နိုင်သည်။

(၃) ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် အထူးကုန်စည်များကို သတ်မှတ်ချက်များနှင့်အညီ တန်ဖိုးအဆင့် သတ်မှတ်ပေးရမည်။

(၄) တန်ဖိုးအဆင့် သတ်မှတ်ပေးထားခြင်းမရှိသည့် အထူးကုန်စည်များကို ညွှန်ကြားရေးမှူးချုပ်က အခြားဆီလျော်သော တန်ဖိုးအဆင့်သတ်မှတ်ပေးခြင်းမရှိပါက အမြင့်ဆုံးတန်ဖိုးအဆင့်သို့ သတ်မှတ်နိုင်သည်။"

၈။ အထူးကုန်စည်ခွန် ဥပဒေ ပုဒ်မ ၇ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၄ အရ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် အောက်ဖော်ပြပါ နေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှုတစ်ခုခုအပေါ် အခြေပြုသတ်မှတ်ထားသည့် အခွန်နှုန်းဖြင့် တွက်ချက်ရမည်-

(၁) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း ဖြစ်ပါက ထိုအထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်သည့်နေ့၊

(၂) ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များအတွက်-

(ကက) ဝန်ကြီးဌာနကထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်နေ့၊

(ခခ) ကျန်အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကို ရောင်းချသည့်နေ့၊

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ပိုင်ဆိုင်ထားသော ကိစ္စရပ်တွင် စစ်ဆေးတွေ့ရှိသည့်နေ့။

ရှင်းလင်းချက်။ ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များဆိုရာတွင် အောက်ပါတို့ကို ဆိုသည်-

(က) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသည့် အထူးကုန်စည်များဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသည့်အထူးကုန်စည်များ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ လက်ဝယ်ရှိအထူးကုန်စည်များကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ တင်သွင်းထားခြင်းမဟုတ်သည့် အထူးကုန်စည်များ၊ တရားဝင်တင်သွင်းသူထံမှ ဝယ်ယူထားခြင်း မဟုတ်သည့် အထူးကုန်စည်များ၊ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်း မဟုတ်သည့် အထူးကုန်စည်များ၊ တရားဝင်ထုတ်လုပ်သူ၊ ထုတ်ယူသူထံမှ ဝယ်ယူခြင်းအတွက် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထား ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသည့် အထူးကုန်စည်များ။

(၄) ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်းဖြစ်ပါက ရောင်းချသည့်နေ့၊

(၅) ပုဒ်မခွဲငယ် (၂)၊ (၃)၊ (၄)များပါ ပြဋ္ဌာန်းချက်များအပြင် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် အခြားသင့်လျော်သည့် နည်းလမ်းများ။

(ခ) ကျသင့်အထူးကုန်စည်ခွန်ကို တွက်ချက်ရာတွင်ဆောင်ရွက်မှုအလိုက် အောက်ပါတန်ဖိုးများအပေါ် အခြေပြုတွက်ချက်ရမည်-

(၁) ပြည်တွင်းသို့တင်သွင်းသည့် အထူးကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုး၊

(၂) ပြည်တွင်း၌ထုတ်လုပ်သည့်အထူးကုန်စည်များအတွက်-

(ကက) ဝန်ကြီးဌာနကထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက အတည်ပြုသတ်မှတ်ပေးသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊

(ခခ) ကျန်အထူးကုန်စည်ဖြစ်ပါက ထုတ်လုပ်သူကတင်ပြသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုးနှင့် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် မြို့နယ် အခွန်ဦးစီးဌာနမှူးကသတ်မှတ်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက်များရာတန်ဖိုး၊

(၃) ပြည်ပသို့ တင်ပို့သည့်အထူးကုန်စည်ဖြစ်ပါက ပြည်ပသို့ သယ်ယူပို့ဆောင်ပေးမည့် ယာဉ်ပေါ်အရောက်တန်ဖိုး၊

(၄) ဤဥပဒေအရ ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ဖြစ်ပါက စိစစ်တွေ့ရှိသည့်အချိန်၌ ရောင်းချနေသည့်တန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေး၊

(၅) ပုဒ်မခွဲငယ် (၄) ပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်ခက်ခဲသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တွက်ချက်ရရှိသည့်တန်ဖိုး၊

(၆) ကျောက်မျက်ရတနာကို ဝယ်ယူရောင်းချခြင်းဖြစ်ပါက ရောင်းရငွေ။"

၉။ အထူးကုန်စည်ခွန် ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) မည်သူမဆို ဤဥပဒေအရ ကျသင့်သည့်အခွန်ကို အောက်ပါအတိုင်း ပေးဆောင်ရမည်-

(၁) အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကို ရွေးယူခြင်းမပြုမီ ပေးဆောင်ရမည်၊

(၂) "ပြည်တွင်း၌ထုတ်လုပ်ခြင်းအတွက် -

(ကက) ဝန်ကြီးဌာနကထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်၊

(ခခ) ကျန်အထူးကုန်စည်များဖြစ်ပါက ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

(၃) ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက အထူးကုန်စည်ကိုတင်ပို့သည့်လ၏ လကုန်ဆုံးပြီး၁၀ရက်အတွင်း ပေးဆောင်ရမည်၊

(၄) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ကုန်စည်ပိုင်ရှင်က ပေးဆောင်ရမည်၊

**ဆက်လက်ဖော်ပြပါမည်။**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ ရေပေးဝေရေး လုပ်ငန်းများ စစ်ဆေး



**လွိုင်ကော် မတ် ၁၄**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် အတူ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီး ဒေါက်တာအောင်ကျော်ငွေ၊ ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဆန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မတ် ၁၃ ရက် ညနေ ၃ နာရီက လွိုင်ကော်မြို့ သီရိမင်္ဂလာတံတား (ဘီလူးချောင်းရေစက်ရုံ) သို့ ရောက်ရှိပြီး အဆိုပါရေ စက်ရုံမှ နာနတ်တောရေပေးဝေရေးဇုန်ရေစုကန် အထိ ရေစုပ်တင်နေမှုအခြေအနေအား သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နာနတ်တောရေပေးဝေရေးဇုန်ရှိ ရေဂါလန် ၂၀၀၀၀ ဆံ့ မြေအောက်ရေကန်မှ ပေ ၆၀ အမြင့်ရှိ ရေဂါလန် ၁၂၀၀၀ ဆံ့ ရေစင်သို့ ရေစုပ်တင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး ပြီး နာနတ်တောရပ်ကွက် ရေလုံလောက်စွာရရှိ ရေး Motor Pump ဖြင့် ရေစုပ်တင်ပေးဝေနိုင်ရေး အတွက် မီးအားပြည့်မီလုံလောက်မှုမရှိသဖြင့် ပုံမှန် ပေးဝေဆောင်ရွက်နိုင်ရန် နာနတ်တောရေစုကန် အနီး 50 KVA ထရန်စဖော်မာတစ်လုံး၊ 20 HP Motor Pump တစ်လုံး တပ်ဆင်ရန်နှင့် ဘီလူး ချောင်းရေစက်ရုံတွင် 50 HP Motor Pump တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်နိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်ပြီး မိုင်းလုံးရပ်ကွက်ရှိ ရေဂါလန် ၃၀၀၀၀၀ ဆံ့ ရေစစ်ကန်တည်ဆောက်ပြီးစီးမှု အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေစစ်ကန်မှ စစ်ထုတ်ပြီးရေများအား မြို့တွင်းသို့ ဖြန့်ဖြူးနိုင်ရန် ရေစစ်ကန်မှ ယခင်ရေပေးဝေနေ သည့်ပိုက်လိုင်းသို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက် နိုင်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဆရာတော်ကြီးများအား ဂုဏ်ပြုချီးကျူးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ပဲခူး မတ် ၁၄**
ပဲခူးမြို့ ဗုဒ္ဓအသံမွေ့ဗိမာန်တော်ကြီး၌ မတ် ၁၃ ရက် နံနက် ၁၀ နာရီက ၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့် ပဲခူးတိုင်းဒေသကြီးမှ ဆရာတော်ကြီးများအား ဂုဏ်ပြုချီးကျူးပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသည်။

ရှေးဦးစွာ ရေတာရှည်မြို့ သီရိမင်္ဂလာစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဩဘာသထံမှ ငြိမ်းပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် တော်မူကြပြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက သာသနာရေးဆိုင်ရာများ လျှောက်ထား သည်။

ယင်းနောက် ဝန်ကြီးချုပ်အမှူးပြုသော ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့အတွင်း ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက ဆရာတော် သံဃာတော်အရှင် သူမြတ်တို့အား ဘွဲ့တံဆိပ်အဆောင်အယောင်များနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြပြီး ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြသည်။

ပဲခူးတိုင်းဒေသကြီးမှ ၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိမှုတွင် အဘိဓဇမဟာသဒ္ဓမ္မဇောတိကဘွဲ့ တစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတ ဓရဘွဲ့ တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ သုံးပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့ တစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ နှစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့ နှစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ သုံးပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ တစ်ပါး စုစုပေါင်း ၁၅ ပါးရရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# သန်လျင်မြို့နယ်တွင် မီတာခကောက်ခံခြင်းအား မော်တော်ယာဉ်ဖြင့် လှည့်လည်ဝန်ဆောင်မှုပေး

**ရန်ကုန် မတ် ၁၄**
လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားခ (မီတာခ) ပေးဆောင်ရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက် မော်တော်ယာဉ် (Mobile Counter) ဝန်ဆောင်မှုဖြင့် မီတာခ ကောက်ခံခြင်းကို မတ် ၁၃ ရက်နေ့မှစ၍ သန်လျင်မြို့ နယ်အတွင်း လှည့်လည်ကောက်ခံကြောင်းသိရသည်။

ပြည်သူများ မီတာခပေးဆောင်ရာတွင် လွယ်ကူ စေရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ် စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ လမ်းညွှန် ချက်အရ Titan Source Co.,Ltd သည် လျှပ်စစ် ဓာတ်အားသုံးစွဲသူများနေထိုင်ရာ နေအိမ်ပတ်ဝန်း ကျင်၊ ရပ်ကွက်၊ လမ်းနေရာများအထိ လျှပ်စစ် ဓာတ်အားခ (မီတာခ) များကို မော်တော်ယာဉ် (Mobile Counter) ဖြင့် လှည့်လည်ကောက်ခံ၍ ဝန်ဆောင်မှုများပေးကြောင်း သိရသည်။

အဆိုပါ ဝန်ဆောင်မှုကို လစဉ် လဆန်း ၁၃ ရက်မှ ၂၅ ရက်အတွင်း နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝန်ဆောင်ခ အနေဖြင့် မီတာဘေလ်တစ်စောင်လျှင် ငွေကျပ် ၃၀၀ ပေးဆောင်ရမည်ဖြစ်ကာ လျှပ်စစ်ဓာတ်အားခ လက်ခံရရှိကြောင်း အထောက်အထားကို လက်ရှိ မြို့နယ်လျှပ်စစ်ရုံးများတွင် ကောက်ခံလျက်ရှိသည့် ပုံစံအတိုင်း ငွေရရှိကြောင်းအမှတ်အသား စက်ရိုက် ချက်အား ပြန်လည်ထည့်သွင်း ကောက်ခံပေး ကြောင်းသိရသည်။

ယခုကဲ့သို့ မော်တော်ယာဉ် (Mobile Counter) ဝန်ဆောင်မှုဖြင့် လှည့်လည်ကောက်ခံပေးသည့် အတွက် မီတာခပေးဆောင်မည့် ပြည်သူများအနေ ဖြင့် တန်းစီစောင့်ဆိုင်းစရာမလိုခြင်း၊ အချိန်ကုန် သက်သာခြင်း၊ မီတာခပေးသွင်းပြီးကြောင်း အထောက်အထား စက်ရိုက်ချက် ချက်ချင်းရရှိနိုင် သည့် အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။

**သက်နိုင်(သန်လျင်)**

# ကော့သောင်းမြို့သည် နယ်စပ်မြို့ဖြစ်၍ မဟာဗျူဟာအရ လုံခြုံရေးအရေးကြီးသည့်အပြင် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်စဉ်များ နည်းပါးစေရေး ဆောင်ရွက်ပေးရန် မှာကြား

**ကော့သောင်း မတ် ၁၄**
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတ် ၁၂ ရက် နံနက်ပိုင်းက ကော့သောင်းခရိုင် အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင် ရာတာဝန်ရှိသူများ၊ ငါးလုပ်ငန်းရှင်များ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရှင် များနှင့် တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က ကော့သောင်း ဒေသအတွင်း ကမ်းနီး၊ ကမ်းဝေးငါးဖမ်း လုပ်ငန်းလုပ်ကိုင်သူများ မိမိတို့၏ လုပ်ငန်း လိုင်စင်အရ သတ်မှတ်ဧရိယာအတွင်း စည်းကမ်းတကျ လုပ်ကိုင်ကြရေး၊ တားမြစ် ထားသည့် လုပ်ငန်းသုံးပစ္စည်းများ အသုံး မပြုကြရေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ဒေသခံ အခြေခံရေလုပ်သားများ ဘဝ ပြေလည်စေရေး အစီအမံများ ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်ပြင် သည်ကျယ်ဝန်းသည့်အတွက် တာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့် ပြည်ပမှ တရား မဝင် ငါးဖမ်းလုပ်ကိုင်မှုများအား ကြပ်မတ် ထိန်းသိမ်းရာတွင် အခက်အခဲများစွာရှိ သဖြင့် ဒေသခံလုပ်ငန်းရှင်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းအချက် အလက်များပေးပို့ကာ ဝိုင်းဝန်းပူးပေါင်း ပါဝင်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရေရှည် နိုင်ငံတော်၏ ပင်လယ်ငါးသယံဇာတ မျိုးသုဉ်းမပျောက် ကွယ်ရေးရည်ရွယ်ကာ လုပ်ကိုင်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် ငါးပုစွန်မွေးမြူ ခြင်း၊ ငါးလေလံဈေးကွက် အသေးစား ဖော်ဆောင်နိုင်မည့်နည်းလမ်းများ၊ ကုန် ချောထုတ်လုပ်သည့်လုပ်ငန်းများ ဖော် ဆောင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြစေလို ကြောင်း၊ ကော့သောင်းမြို့သည် နယ်စပ် မြို့ဖြစ်၍ မဟာဗျူဟာအရ လုံခြုံရေးအရေး ကြီးသဖြင့် ညအချိန် မြို့ရွာတည်ငြိမ် လုံ ခြုံအေးချမ်းရေး၊ မြို့တွင်းလမ်းမီးများ ပြတ် တောက်မှုမဖြစ်ပေါ်စေရေး၊ ဓာတ်အားသုံး စွဲသူ ပြည်သူများအဆင်ပြေ စိတ်ချမ်းသာ စေရန် လျှပ်စစ်မီးပြတ်တောက်မှုဖြစ်စဉ် များ နည်းပါးစေရေး ဆောင်ရွက်ပေးကြ ရန်၊ မြို့ရွာအတွင်း ပြည်သူများ လျှပ်စစ် အန္တရာယ်မဖြစ်ပေါ်ရေး လုပ်ငန်းအစီအမံ များချကာ ပြည်သူများသို့ အသိပညာပေး ခြင်းများ ဆောင်ရွက်ကြရေး၊ လိုင်စင် မဲ့ မော်တော်ယာဉ်များ ကြပ်မတ်ထိန်းသိမ်း မှုလုပ်ငန်းများ အဓိကထား ဆောင်ရွက်ကြ ရေး မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများ၏ လိုအပ် ချက်များ၊ အခက်အခဲများ တင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**



&efukefwdkif;a'oBuD;r*Fvm awmif neft.x.u 1 ...
(caption printed in mis-rendered font:)
&efukefwdkif;a'o¤D
r*vmawmifnefYU, f
&wyfuS&rS
cifrmif[pDaom
tzUr*vmawmif
nefYU, ft.x.u 1
aumifa&Srwf4
&ufuwuóU0ifvef
ajzqUnfaumifom;?
aumifol;EScD
jynfol;,m0ftEÅ,f
uifpif&;twuf
aqmifuay;cbumif
o&onf

**ကျော်စိုးမိုး**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လမ်းခင်းနေမှု ကွင်းဆင်းကြည့်ရှု

**မှော်ဘီ မတ် ၁၄**
ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထက်အောင်တို့သည် မတ် ၉ ရက်က ရေပြာ-ကွမ်းခြံကုန်း-ပျဉ်ထောင်တွင်း ရွာချင်း ဆက် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုအား ကျေးရွာလမ်းကော်မတီများနှင့်အတူ ကွင်းဆင်းကြည့်ရှု၍ လမ်းရေရှည်တည်တံ့ ခိုင်မြဲစေ ရေးအတွက် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိ ရသည်။

**ထွေးထွေး(မှော်ဘီ)**

## တွံတေးတူးမြောင်း ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုဖြစ်ပွား



**တွံတေး မတ် ၁၄**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ် လေးကျေးရွာအုပ်စု ပျော်ဘွယ်လေးကျေးရွာ သီတဂူ လမ်း အနောက်ဘက်တွင် မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီ ခန့်က တွံတေးတူးမြောင်း ရေတိုက်စားမှုကြောင့် တွံတေးတူးမြောင်းမြစ်ကမ်းပါး အလျားပေ ၁၅၀၊ အနံပေ ၂၀ ခန့် ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ရာ ကမ်းပါး ပြိုသည့်နေရာနှင့် နီးကပ်လျက်ရှိသည့် အိမ်ထောင်စု ခြောက်စု၊ လူဦးရေ ကျား ၁၂ ဦး၊ မ ၁၅ ဦး စုစုပေါင်း ၂၇ ဦး တို့အား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက နီးစပ်ရာကျေးရွာတွင်း လမ်းဘေးတွင် ခေတ္တယာယီ ရွှေ့ပြောင်းပေးခဲ့ရ ကြောင်း သိရသည်။

အဆိုပါကမ်းပြိုကျမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ကမ်းပြိုမှုနှင့် ကပ်လာမှု ကြောင့်ရွှေ့ပြောင်းခဲ့ရသည့် နေအိမ်ခြောက်လုံး အား မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့သည်။ ကမ်းပါးပြို ကျမှုအား ရေကင်းချစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ

အတွင်းပိုင်းယိုယွင်းနေတဲ့ အာဆင်နယ်၊ အငှားကိုယ်ဝန်ဆောင်တစ်ဦးနဲ့ အမြွှာသားငယ်နှစ်ဦး မွေးဖွားတော့မယ့် စီရိုနယ်လ်ဒို၊ အပြန်အလှန်ချေပခဲ့ကြတဲ့ ကာရေဂါနဲ့ ဖယ်လိုင်နီ၊ အိုဇေးလ်ရဲ့အကြိုက်ဆုံးအသင်းဖော်စာရင်းမှာ မျက်နှာငယ်ခဲ့ရတဲ့ အာဆင်နယ်ကစားသမားတွေ စတဲ့ထူးခြားအားကစားသတင်းအချို့ကို ထုတ်နုတ်တင်ဆက်ပေးလိုက်ပါတယ်။

## ဆန်းချက်ဇ်ရဲ့သရော်ပြုံးနဲ့ ဝင်းဂါးဆန့်ကျင်ရေးတွေကြားက အာဆင်နယ်ရဲ့အရှုံး

အာဆင်နယ်နဲ့ ဘိုင်ယန်မြူးနစ်တို့ရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲဟာ ရလဒ်ပိုင်းအရ ဆိုးဆိုးရွားရွားဖြစ်ခဲ့သလို အာဆင်နယ်ရဲ့အတွင်းပိုင်း ယိုယွင်းမှုတွေကိုပါ ထင်ထင်ရှားရှား မြင်တွေ့ခဲ့ရပါတယ်။ ကိုစီယယ်နီဟာ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်မခံရမီကတည်းက အဝါကတ်တစ်ကြိမ် ပြသခံထားပြီးဖြစ်ကာ ဘိုင်ယန်ကို ပင်နယ်တီခွင့်ပြုခဲ့တာဟာ ဒိုင်ဖြစ်သူ ဆီဒီယိုပိုလော့စ်ရဲ့ မှားယွင်းတဲ့ ဆုံးဖြတ်ချက်တွေဖြစ်ခဲ့ပေမယ့် ဒီအနီကတ်ပြစ်ဒဏ်ထက် ဆန်းချက်ဇ်နဲ့ အာစင်ဝင်းဂါးတို့ကြားဆက်ဆံရေး၊ ဝင်းဂါးအပေါ် တစ်နေ့တခြား




ပိုပိုတိုးပွားလာတဲ့ ဆန့်ကျင်မှုတွေအပေါ်သာ မီဒီယာတွေက အာရုံစိုက်ဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ဒ့ါအပြင် ယခုပွဲအာဆင်နယ်ရဲ့ ပွဲထွက်စာရင်းမှာ ပြန်လည်ပါဝင်လာတဲ့ ဆန်းချက်ဇ်ဟာ သူ့ကို လူးကပ်စ်နဲ့ လူစားလဲလိုက်ချိန်မှာ ပရိသတ်တွေဘက်ကို လက်ကိုငွေ့ယမ်းနှုတ်ဆက်ခဲ့တာကြောင့် သူ့ရဲ့အပြုအမူဟာ ရာသီကုန်အာဆင်နယ်က ထွက်ခွာတော့မယ့် ပုံပေါ်တယ်လို့ ခန့်မှန်းမှုတွေကို အားကောင်းစေပါတယ်။ ဆန်းချက်ဇ်ရဲ့ အမှားကြောင့် ဘိုင်ယန် ဒုတိယဂိုးရသွားတာ၊ အရန်ခုံပေါ်ထိုင်နေတဲ့အချိန်အတွင်း မရယ်ဘဲ မနေနိုင်တဲ့ပုံစံနဲ့ ပါးစပ်ပိတ်ရယ်မောနေခဲ့တာ ဗီဒီယိုမှတ်တမ်းတွေမှာ မြင်တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ဆန်းချက်ဇ်ရဲ့ အာရုံဟာ အာဆင်နယ်မှာ ရှိမနေတော့ဘဲ ရာသီကုန်မှာ အသင်းသစ်တစ်ခုကို ပြောင်းရွှေ့ဖို့ အလားအလာကောင်းသွားပါပြီ။

အဲဒီပွဲစဉ်မယှဉ်ပြိုင်မီ အာဆင်နယ်ပရိသတ် ၂၀၀ လောက်က အာဆယ်နယ်အသင်းရဲ့ ကွင်းဟောင်း ဟိုက်ဘူရီရှေ့မှာ “ကျွန်တော်တို့အားလုံး ဝင်းဂါးထွက်ခွာရေး အလိုရှိကြပါတယ်” ဆိုတဲ့ စာသားကို သီချင်းလုပ်ဆိုခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ပွဲအပြီးမှာတော့ အခြေအနေပိုဆိုးသွားခဲ့ပြီး “အာစင်ဝင်းဂါးရေ ခင်ဗျားဟာ အာဆင်နယ်ကို ပြန်သတ်နေသူပဲ” “နှစ်ရှည်လများ အာဏာ ထူထောင်ရေး အလိုမရှိ” “စာချုပ်သစ် မချုပ်ဆိုနဲ့” စသဖြင့် အမျိုးမျိုး ဟစ်ကြွေး ဆန္ဒထုတ်ဖော်ခဲ့ကြပါတယ်။ ဒါကြောင့် အာဆင်နယ်အသင်းဟာ နှစ်ကျော့ပေါင်း ၁၀ ဂိုး- နှစ်ဂိုးဆိုတဲ့ ရလဒ်ပိုင်း ရှုံးနိမ့်မှုအပြင် အတွင်းပိုင်းပြဿနာတွေပါ ရုပ်လုံးပေါ်သွားခဲ့တာဖြစ်တယ်လို့ သတ်မှတ်ရတော့မှာပါ။

## အငှားကိုယ်ဝန်ဆောင်တစ်ဦးနဲ့ အမြွှာသားငယ်နှစ်ဦး ပိုင်ဆိုင်ရတော့မယ့် စီရိုနယ်လ်ဒို

ရီးယဲလ်စူပါစတား စီရိုနယ်လ်ဒိုဟာ ဂျော်ဂျီနာရိုဒရီဂွက်ဇ်နဲ့ အတူရှိနေပေမယ့် အမည်မသိရတဲ့ အမေရိကန်အမျိုးသမီး တစ်ဦးကတော့ သူ့ရဲ့အမြွှာရင်သွေးငယ်တစ်ဦးကို မွေးဖွားဖို့ ကိုယ်ဝန်နေ့စေ့လစေ့ အနေအထားဖြစ်နေတယ်လို့ သိရပါတယ်။ အမေရိကန်အနောက်ပိုင်း ပြည်နယ်တစ်ခုမှာနေထိုင်တဲ့ အမျိုးသမီးတစ်ဦးဟာ စီရိုနယ်လ်ဒိုရဲ့ ရင်သွေးအမြွှာနှစ်ဦးကို လွယ်ထားရပြီး မွေးဖွားချိန်နီးကပ်နေပြီလို့ သိရပါတယ်။ ဒီအမြွှာကလေးနှစ်ဦးဟာ အမေရိကန်ကနေ မက်ဒရစ်မြို့ကို လေယာဉ်နဲ့ ရောက်ရှိလာမှာဖြစ်ပြီး စီရိုနယ်လ်ဒိုတို့ တစ်မိသားစုလုံးက ဒီကလေးတွေကို ကြည့်ရှုချင်စိတ်တွေ မအောင့်နိုင်အောင် ဖြစ်နေရတယ်လို့ သိရပါတယ်။

စီရိုနယ်လ်ဒိုဟာ အသက်(၆)နှစ်အရွယ် ဂျူနီယာ ခရစ္စတီယာနို ရိုနယ်လ်ဒိုကို ပိုင်ဆိုင်ထားပြီး ဖြစ်တာကြောင့် လက်ရှိအချိန်ဟာ နောက်ထပ် ရင်သွေးငယ်လေးတွေ ထပ်မံရရှိဖို့ အသင့်လျော်ဆုံးအရွယ်ကို ရောက်ရှိနေတယ်လို့ ခံစားရတာကြောင့် အငှားကိုယ်ဝန်နဲ့ အမြွှာရင်သွေး ထပ်မံမွေးဖွားဖို့ ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ ဂျူနီယာရဲ့မိခင်ဖြစ်သူက သူဘယ်သူလဲဆိုတာ ထုတ်ဖော်ဝန်ခံခြင်းမရှိတာနဲ့ကို ပေါင် ၁၀ သန်း ရရှိခဲ့ပေမယ့် ဒီအငှားကိုယ်ဝန်ဆောင်ပေးတဲ့ အမျိုးသမီး ငွေသားဘယ်လောက် ရတာလဲဆိုတာကိုတော့ သတင်းရင်းမြစ်တွေက အတိအကျ ဖော်ပြခဲ့ခြင်းမရှိပါဘူး။ စီရိုနယ်လ်ဒိုနဲ့ နီးစပ်သူတစ်ဦးကတော့ “သူဟာ ပုဂ္ဂိုလ်ရေးဘဝအကြောင်းကို လျှို့လျှို့ဝှက်ဝှက် နေထိုင်တတ်သူဖြစ်ပါတယ်။ ဒါပေမယ့် သူက သူနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေနဲ့ ချစ်ခင်တဲ့သူတွေကိုတော့ မကြာခင်အမြွှာသားယောကျ်ားလေးတွေ မွေးတော့မယ့်အကြောင်းကို ပြောကြားထားပြီးဖြစ်ပါတယ်” လို့ ဆိုပါတယ်။ ဒါကြောင့် အသက်(၂၃)နှစ်အရွယ်သာရှိတဲ့ ဂျော်ဂျီနာရိုဒရီဂွက်ဇ်တစ်ယောက် သားသုံးယောက်ဖခင် စီရိုနယ်လ်ဒိုနဲ့ ရေရှည် လက်တွဲမြဲဖို့ လွယ်ပါ့မလားဆိုတာတော့ စဉ်းစားစရာဖြစ်ပါတယ်။







## ခြေထောက်ချိုးတဲ့နေရာ ကမ္ဘာ့ချန်ပီယံပဲ

မန်ယူကွင်းလယ်လူ ဖယ်လိုင်နီဟာ စကိုင်းစပို့ အားကစားအစီအစဉ်တင်ဆက်သူ ဂျေမီကာရေဂါကို “ခြေထောက်ချိုးတဲ့ ကမ္ဘာ့ချန်ပီယံရယ်လို့ တုံ့ပြန်ချေပလိုက်ပါတယ်။ ဒီလိုစကားမျိုး ဘာကြောင့် ဖယ်လိုင်နီဆီက ထွက်လာတာလဲဆိုတော့ ပြီးခဲ့တဲ့ ဘောလုံးရာသီ ဖယ်လိုင်နီက လက်စတာနောက်ခံလူ ရောဘတ်ဟုကို တံတောင်နဲ့တွက်ခဲ့မိရာ ကာရေဂါက “သူ့ရဲ့ တံတောင်အသုံးပြုမှုကို အင်္ဂလန်မှာ ထပ်မတွေ့ရတော့ဘူးလို့ ကျွန်တော်မျှော်လင့်ပါတယ်” လို့ ဝေဖန်ခဲ့တာပါ။

ကာရေဂါက ဖယ်လိုင်နီအနေနဲ့ ပရီမီယာလိဂ်အခြားအသင်းတစ်ခုထက်အခြားနိုင်ငံရပ်ခြားလိဂ်တစ်ခုကို သွားရောက်ကစားမယ်လို့ သူထင်တာကြောင့် အင်္ဂလန်မှာ ဒီလိုတံတောင်နဲ့ တွက်ခဲ့တာကို မမြင်တွေ့ရဖို့ မျှော်လင့်တယ်လို့ ပြောမိတာဖြစ်ကြောင်း တုံ့ပြန်ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ဖယ်လိုင်နီကလည်း သူ့ကို ဝေဖန်ခဲ့တဲ့ ကာရေဂါကို “သူက ချန်ပီယံတော့ ချန်ပီယံပါ။ ဒါပေမယ့် ခြေထောက်ချိုးတဲ့ ကမ္ဘာ့ချန်ပီယံလေ။ You Tube မှာ သူ့ရဲ့နာမည်ကို ရိုက်ရှာလိုက်ရင် သူ့ရဲ့ ကြမ်းတမ်းတဲ့ ဖျက်ထုတ်မှုတွေကိုသာ ခင်ဗျားမြင်တွေ့ရမှာပါ” လို့ ဆိုခဲ့ပါတယ်။ ဒီစကားအတွက်ကာရေဂါက “ဟုတ်တယ်။ ကျွန်တော်က ယူနိုက်တက်က ခြေထောက်တွေကိုပဲ” လို့ တုံ့ပြန်လိုက်ပါတယ်။ ကာရေဂါဟာ လီဗာပူးအသင်းနဲ့ အတူ ချန်ပီယံလိဂ်ဖလားဆွတ်ခူးခဲ့တဲ့ ကစားသမားဖြစ်ပေမယ့် သူဟာ ခပ်ကြမ်းကြမ်း ဖျက်ထုတ်မှုတွေ လုပ်ဆောင်တတ်သူလို့ နာမည်ကြီးသူဖြစ်ပါတယ်။

## အိုဇေးလ်ရဲ့အကြိုက်ဆုံးကစားဖော်စာရင်းမှာ မျက်နှာငယ်ခဲ့ရတဲ့ အာဆင်နယ်ကစားသမားတွေ

အိုဇေးလ်ရဲ့ အကြိုက်ဆုံးကစားဖော်စာရင်းမှာ အာဆင်နယ်ကစားသမားတွေထဲက ဆန်းချက်ဇ်နဲ့ ဘယ်လာရင်တို့နှစ်ဦးသာ ထည့်သွင်းရွေးချယ်ခဲ့လို့ အာဆင်နယ်ကစားသမားတွေ အတော်လေးမျက်နှာငယ်ခဲ့ရတယ်လို့တောင် ဆိုရမလိုပါပဲ။ အိုဇေးလ်ရဲ့ရွေးချယ်မှုဟာ ၄-၃-၃ကစားကွက်ကို အခြေခံခဲ့ပြီး ဂိုးသမားနေရာအတွက်တော့ ဂျာမနီအသင်းဖော် နျူအာကို ရွေးချယ်ခဲ့ပါတယ်။ နောက်တန်းခံစစ်နေရာအတွက်တော့ ရီးယဲလ်အသင်းဖော်တွေဖြစ်တဲ့ ရာမို့စ်နဲ့ မာဆယ်လ်လို၊ အာဆင်နယ်အသင်းဖော် ဘယ်လာရင်၊ ဂျာမနီကစားဖော် ဘိုတန်တို့ဖြစ်ပြီး ကွင်းလယ်အတွက်တော့ သူကိုယ်တိုင်အပြင် ရီးယဲလ်အသင်းဖော် မိုဒရစ်၊ ဂျာမနီအသင်းဖော် ဂန်ဒိုဂန်၊ တိုက်စစ်မှာတော့ ရီးယဲလ်အသင်းဖော်တွေဖြစ်ခဲ့ဖူးတဲ့ စီရိုနယ်လ်ဒိုနဲ့ ဘင်ဇီမာ၊ အာဆင်နယ်ရဲ့ ဆန်းချက်ဇ်တို့ဖြစ်ပါတယ်။

ဒါကြောင့် အိုဇေးလ်ရဲ့ အနှစ်သက်ဆုံးကစားဖော်စာရင်းကို ပြန်လည်ဆန်းစစ်ကြည့်ရင် အာဆင်နယ်ကစားဖော်နှစ်ဦး၊ ဂျာမနီအသင်းဖော်သုံးဦးနဲ့ ရီးယဲလ်မက်ဒရစ်ကစားသမား ငါးဦးတို့ဖြစ်ကြပါတယ်။ အိုဇေးလ်က ဒီကစားသမားတွေဟာ ဘာလို့ သူ့ရဲ့ အကြိုက်ဆုံးအသင်းဖော်အဖြစ် ရွေးချယ်ခံခဲ့ရတာလဲဆိုတဲ့ အကြောင်းကို ရှင်းလင်းခဲ့ရမှာ ဘယ်လာရင်လို အင်မတန်လျင်မြန်လွန်းတဲ့တောင်ပံခံစစ်မျိုးမျိုး တစ်ခါမှ မမြင်တွေ့ခဲ့မိဘူးလို့ ချီးကျူးစကားဆိုခဲ့ပါတယ်။




**မေလဲ့သင်း ရေးသားသည်။**

# မဟာကမ္မဋ္ဌာနာစရိယ ဂုဏပူဇာမင်္ဂလာ

## မနာပဒါယီ (၂) ထပ်ဓမ္မာရုံ ဆွမ်းစားကျောင်းတော်ကြီး၊ ဆွမ်းချက်ဆောင်များ

## ရေစက်ချ အလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သရက်ကုန်းကျေးရွာ၊ ခိပ္ပါဘိညာသဒ္ဓမ္မရံသီ ရိပ်သာ၌ နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော **"မဟာကမ္မဋ္ဌာနာစရိယ"** ဘွဲ့တံဆိပ်တော်ရ

**ဘဒ္ဒန္တဉက္ကံသ မဟာထေရ်မြတ်** အား

**"ဂုဏ်ပြုပူဇော်ပွဲ ဂုဏပူဇာမင်္ဂလာ"** နှင့် အသစ်ဆောက်လုပ်ပြီးစီးသွားသော **"မနာပဒါယီ (၂)ထပ် ဓမ္မာရုံ၊ ဆွမ်းစားကျောင်းတော်ကြီး၊ ဆွမ်းချက်ဆောင်"** တို့ကို ရေစက်ချလှူဒါန်းခြင်း ကုသိုလ်အဖြာဖြာတို့အား ၁၃၇၈-ခု၊ တပေါင်းလပြည့်ကျော် (၇) ရက် (၁၉-၃-၂၀၁၇) တနင်္ဂနွေနေ့ ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဂုဏပူဇာအလှူရှင်များ၊ ကျောင်းအလှူရှင်များ မပျက်မကွက် ကြွရောက်ကြပါရန် ရင်းနှီးရွှင်လန်းသော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

နံနက် (၉:၀၀) မှ (၁၂:၀၀) နာရီအထိ ညှော်ခံကျွေးမွေး လှူဒါန်းပါမည်။
မွန်းတည့် (၁၂:၀၀) မှ (၂:၀၀) နာရီအထိ အခမ်းအနား ကျင်းပ၍ ဗီဒီယိုဖြင့် မှတ်တမ်းတင်ပါမည်။

ဝေယျာဝစ္စအမှုဆောင်အဖွဲ့
တပည့်ဒါယကာ၊ ဒါယိကာမများ


## မဟာရေကုမ္ပဏီလီမိတက်




ရေသည်လူ၏ အသက်
သင့် ကျန်းမာရေးချက်သန့်ရှင်းသောရေကိုသောက်ပါ

- Sand filter
- Carbon filter
- Birm filter
- Resin filter များဖြင့် ရေတွင်ပါဝင်သော အနည်၊ အရောင်၊ အနံ့၊ သံချေး၊ ထုံးဓာတ်များကို ဖယ်ရှားပေးပါသည်။

| | | | |
|---|---|---|---|
| ၇၅ ဂါလံ = 220000 | ၇၅ ဂါလံ = 250000 | ၂၀၀ ဂါလံ = 400000 | ၄၀၀ ဂါလံ = 730000 |
| Now = 198000 | Now = 225000 | Now = 360000 | Now = 657000 |

ရန်ကုန် - အမှတ် (၉၅)၊ ရွှေတောင်တန်းလမ်း(အလယ်ဘလောက်)၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၉-၇၃၁၇၆၆၀၀၊ ၀၉-၇၃၁၇၆၆၀၁ ၊၀၉-၅၁၇၆၃၄၅
မန္တလေး - မ၂/၅ ၆၃-လမ်း၊ ၄၃-လမ်းနှင့်သိပ္ပံလမ်းကြား၊ မဟာအောင်မြေမြို့နယ်၊မန္တလေး။ဖုန်း -၀၉ ၄၃၁ ၂၇၈၉၉ ၊၀၉ ၄၀ ၂၇၀၀၀၉၈ ၊၀၉- ၂၅၀၀ ၂၇၂၉၁

## ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ ဘိတ်တမ်းမြို့နယ်၊ တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

## မိုနဲ့ဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်း၊ အမှတ်တရတူညီဝတ်စုံနှင့် ရုံးဝန်ထမ်းများအတွက် Uniform Sport Shirt မျိုးစုံ၊

| | |
|---|---|
| T.Shirt | - 1200 ကျပ်မှစ၍ |
| Shirt | - 3200 ကျပ် |
| Sport Shirt | - 3250 ကျပ် |
| ဦးထုပ် | - 1300 ကျပ် |

- အထည်(၁၀၀)နှင့်အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးပါသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်းအပေါ်၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
- **Ph:01-292129, 01-9000260, 09-250388594**
- **Email:kyonedoe@gmail.com**

## MMK မြင့်မြတ်ကျော်ကုမ္ပဏီမှ နိုင်ငံတကာအဆင့်မီ

(ကာလာသွပ်၊ ပါလင်မြားတန်း၊ Deck Sheet) မျိုးစုံ နှင့် Steel Structure Fabrication
(အသင့်အသုံးပြုနိုင်သော ထုတ်လုပ်အပြီး)တို့ကို ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများအား လိုအပ်သည့် တန်ချိန်အလိုက် လက်ကားဈေးနှုန်း များဖြင့် ရောင်းချ ပေးနေပါသည်။

ကာလာသွပ် 55% အလူမင်(ကာလာ ၅နှစ် အာမခံ) (0.42, 0.44)mm တစ်တန် - (13.70) သိန်း
Deck Sheet/ ပါလင်မြားတန်း(Z 80 GI Coil) (0.8 ~ 2.0)mm တစ်တန် - (9.20) သိန်း/(9.30) သိန်း
Steel Structure - H-Beam(Rz)/ Steel(SS400) Fabrication တစ်တန် - (9.10) သိန်း/(11.50) သိန်း
နိုင်ငံတကာအဆင့်မီ (MMK) (10)ပေါက် စက်ကြီးအုတ်-(81/ks) အထိုင်ဈေး

MMK Head Office: No.(527/.529), 6th Floor, Lower Pazundaung Rd, Pazundaung Tsp.
Phone: 01-9000300, 9000301, 09-73201856, 09-73201857, 09-73098771, 09-965149148, 09-73238130
Fax: 01-299201 Website: www.mmkgroup.com Email: mmktrading999@gmail.com

## apple®

Ginseng Silky Hair Coat



FDA မှ အလုကုန် ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021

အဖိုးတန်ဂျင်ဆင်းမြစ်နှင့် ဗီတာမင်အီးတို့၏အစွမ်းကြောင့် ဆံပင်နီခြင်း၊ ဆံပင်နစ်ခွဖြစ်ခြင်း၊ ဆံသားပျက်စီးခြင်းများကို ပြန်လည်ကောင်းမွန်စေပါသည်။ နေ့စဉ်ပုံမှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားကို ပိုးသားကဲ့သို့နက်မှောင်တောက်ပစေပါသည်။




Apple Production Co., Ltd.
အမှတ် (A/ ၂၉)၊ ဦးဝိစာရလမ်း၊ (၃၄) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့၊
ဖုန်း - (၀၉) ၈၆ ၁၈၀၈၁ ၊ ၄၉ ၃၁၆၄၀၈


သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



မူလပေါင်ချိန်နှင့် ကျန်ကျောင်း ပြန်လာပြီ...

၁၉-၃-၁၇ မှစ၍ ညစဉ် (၉း၁၅)နာရီ
စုစုပေါင်း - ၂၃၆ ပိုင်း

MRTV STATION

သားမက်တော်၏ အချုပ်တော်ပုံ

နိုင်ငံတကာအသံအဆင့်မီ မြန်မာစကားပြော

အပိုင်း (၁ မှ ၆) ထိ

E ZEN HALL (MYANMAR) Co.,Ltd.
၂၅၊ ဗိုလ်ရွှေလမ်း၊ လသာမြို့နယ်၊ရန်ကုန်။ မှ စီစဉ်တင်ဆက်သည်။

မြန်မာတစ်ပြည်လုံး TOP TEN (အဋ္ဌမဆင့်) ဆ၁၈ ၁၂၄၂ မောင်ခန့်စင်ထက် (၂၀၁၅)

မြန်မာတစ်ပြည်လုံး TOP TEN (တတိယဆင့်) ဆ၁၈ ၁၀၄၅ မစောကေခိုင်ဦး (၂၀၁၆)

ALL D ဆ၁၈ ၁၀၄၅ မစောကေခိုင်ဦး (ရမှတ်ပေါင်း ၅၆၀၊ သင်္ချာ ရမှတ် ၁၀၀)

ဆ၁၈ ၈၀၉ မောင်ဆက်ကောင်းခန့် ALL D

ALL D ဆ၁၈ ၁၀၂ မောင်သီဟအောင်

ALL D ဆ၁၈ ၁၀၄၈ မခိုင်မေဦး

ဆ၁၈ ၃၇၈ မထက်အိမ့်ဖြူမိုး ALL D

'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ

သဲ့သန်းနိုင် တည်ထောင်သည့် ကျောင်း ကိုယ်ပိုင်အထက်တန်းကျောင်း

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်အမှတ် (ထက-၁၃/၄၄/၀၆၂)

ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(ဧပြီ ၂၇)၊ ၈၊၇၊၆၊၅ တန်း (မေ ၄) စမည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။

ကျောင်း ဖြိုးအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

အဆင့်မြင့် ဘော်ဒါ

ပဋ္ဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါစ,ဝင်ရမည်]

ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့် စာသင်ဝိုင်း

၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)
၁၀ တန်း | ဉာဏ်ရည်မြင့်(ဗ)ယောက်ဝိုင်း | အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(ဧပြီ ၂၇)၊ ၈ တန်း(ဧပြီ ၂၉) စ,မည်။

ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]

ကျောင်း (သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။

Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

MCC

တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုပြီးသူ ကျောင်းသူ/ကျောင်းသားများ တက်ရောက်နိုင်ပါပြီ။
နွေရာသီ ရက်တိုသင်တန်းများ

| အခြေခံ ကွန်ပျူတာ သင်တန်း တက်ရောက်ပြီး သူများအတွက် | အလုပ်ခွင်သို့ ချက်ခြင်း ဝင်ရောက်လိုသူများအတွက် | တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသူများ အတွက် တက္ကသိုလ်ဝင်အကြိုသင်တန်း |
|---|---|---|
| ■ Programming Technique with JAVA | ■ MCC Secretary Training Course | ■ Pre-University Foundation Program |
| ■ Networking & Network Security | ■ Certified Professional Manager | |

သင်တန်းဖွင့်ရက် - မတ်လ (၂၅)ရက်
သင်တန်းကာလ (၁၀)ပတ်၊ သင်တန်းကြေး - ကျပ် (၂၀၀,၀၀၀)

Hot-Line: 01-246634, 01-249152
ကြိုတင်စာရင်းသွင်းရန် - www.facebook.com/mcc.institute

MCC.i (Yangon Campus) Ph - 01-246634, 01-245762, 249152
MCC.i (Mandalay Campus) Ph - 09 - 402671562, 011-202113
MCC.i (Naypyitaw Campus) Ph - 09-254148940, 067 - 421198
MCC.i (Yatanarpon Campus) Ph - 09- 960662744, 02-5178112
MCC.p (Monywa) - 09-965676777, 09-265333120
MCC.p (Pathein) - 09-451 888 373, 09- 773 510 899

ဖူဂျီ
ပါကေးအစားထိုး ကြမ်းခင်းပြား ဖြန့်ချိရေး
LAMINATE FLOOR
8 mm = 110,000/- 12mm = 140,000/-
12 mm (ပါကေးဒီဇိုင်း) = 165,000/- (ခင်းခပါပြီး)
၁၃/၁၊ ပုလဲ (၇) လမ်း။ ဇော်ဘွားကြီးကုန်းပွဲရုံဝင်း။ အင်းစိန်မြို့နယ်။
Ph : 09 73070755,09 73446688

သင့်တင့်သော ဈေးဖြင့် ရောင်းမည်
မြို့လယ် ကောင် နှင့် အနီးဆုံးနေရာ
မဟာဗန္ဓုလတံတားဆင်းဆင်းချင်းလမ်းသွယ်၊
ဂရန်အမည်ပေါက်၊ ရှုပ်ရှင်းကင်း။ ထောင့်ကွက်၊ (၂၅'x၅၀')ဓါးပုံ
ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့် ရောင်းမည်
(၁၁၂၀)သိန်း (ညှိ)
Ph - 09 5186888, 09 798893369

Since 1986 KMD Institute

UNIVERSITY of GREENWICH SQA NCC education ISO JAS-ANZ ISO 9001:2008 Cert. No. 683180



တက္ကသိုလ်ဝင်တန်း ဖြေဆို/ အောင်မြင်ပြီးသူများအတွက်

## First Year Diploma in Computing (UK)

- University of Washington, USA တွင် နှစ်ပေါင်း (၂၀) ကျော် သင်ကြားရေး အတွေ့အကြုံရှိသော Professor Dr. Rich C Hoo မှ နိုင်ငံတကာနည်းစနစ်များအတိုင်း သင်ကြားပေးပါမည်။
- ပထမနှစ် တက်ရောက်နေစဉ်အတွင်း Microsoft Professional Certificate ရယူနိုင်ရန် လေ့ကျင့်သင်ကြား ပေးပါမည်။
- သင်တန်းပြီးဆုံးပါက အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန် On Job Training စီစဉ်ပေးပါမည်။

## Higher National Diploma

- HND အောင်မြင်ပြီးပါက Scottish Qualifications Authority (UK) မှပေးအပ်သော Diploma အပြင် IT စီမံခန့်ခွဲမှု Skill ရရှိပါမည်။
- Software Engineering / Database Administator/ Project Supervisor အဖြစ်လုပ်ငန်းခွင်ဝင်ရောက်နိုင်ပါမည်။

CB BANK ဖြင့် သင်တန်းကြေး အရစ်ကျပေးသွင်းနိုင်ရန် စီစဉ်ပေးထားပါသည်။

| First Year Diploma | Higher National Diploma |
|---|---|
| 21 March 2017 (Mon-Fri) 7:00 AM - 11:00 AM 1:00 PM - 5:00 PM | 26 March 2017 (Sat-Sun) 8:00 AM - 11:00 AM |

First Year Computing Diploma (NCC) → Second Year Computing Diploma (NCC) → B.Sc(Hons)BIT (Final Year) (University of Greenwich)
HND Diploma (First Year) (SQA) → HND Diploma (Second Year) (SQA)

Hotline 09770867903

KMD (Myaynigone) : 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
☎ 01- 381776, 381035, 502233, 527436, 220555, 700895

နယ်မှ လာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

ဂမုန်းပွင့် စံရိပ်ငြိမ်
အမှတ် (၉၆-၁၀၁)၊ ရန်ကုန် အင်းစိန်လမ်း
စံရိပ်ငြိမ်၊ ကမာရွတ်မြို့နယ်။

Summer Sale
Double Chance!
25 Feb 2017 to 31 Mar 2017

ဂမုန်းပွင့် ( စံရိပ်ငြိမ်) ပထမထပ်ရှိ ဂမုန်းပွင့် အရောင်းကောင်တာများတွင် ၂၅ -၂-၂၀၁၇ မှ စ၍ တစ်နေ့တာအတွင်း
ကျပ် 50,000/- ဖိုးနှင့်အထက် ဝယ်ယူသူတိုင်း ကျပ် 5000/- ဖိုးကူပွန်တစ်ခု လက်ဆောင်ရရှိပါမည်။
ထိုကူပွန်ဖြင့် ဂမုန်းပွင့်(စံရိပ်ငြိမ်) ရှိအောက်ပါ စားသောက်ဆိုင်များတွင် အခမဲ့ပြန်လည်မှာယူစားသုံးနိုင်ပြီး
**Discount** နှင့် လက်ဆောင်များ ထပ်မံရရှိနိုင်မည့် အခွင့်အရေး ဖြစ်ပါသည်။

Buy 50000/-& Up
Get 5000/-Coupon .....
Get more Discount&Gifts
@ Restaurant & Cafe´

HAPPY CAFE & NOODLES | Chatime | HOLLYWOOD | UNCLE BIRD Food & Snacks | K BOX KARAOKE | ICE MANIAS | CHA THAI | MOON Bakery | Tokyo Tomato Cafe | Ice Berry | YKKO | Mr.Chef | Rice Shop | SK HOT POT | FRESH THAI



# GGW
GREEN GREAT WALL



◆ အိမ်ဆောက်သူများ ဝမ်းမြောက်မှုယ်ရာ သတင်းကောင်း

High Tech Ready Made Light Wall Panel များ
မြန်မာပြည်တွင် ဝယ်ယူရရှိနိုင်ပါပြီ ....
Size: 610mm × 2440 mm (2' × 8')
Thickness: 60mm,75mm,90mm,120mm
အလေးချိန်သည် မိရိုးဖလာအုတ်နံရံအလေးချိန်၏ လေးပုံတစ်ပုံခန့်သာရှိပါသည်။

◆ GGW (Wall Panels) နံရံပြားများသုံးစွဲခြင်း၏အကျိုးကျေးဇူးများ
(၁)တပ်ဆင်ရာတွင်လျင်မြန်၍အချိန်နှိုအတွင်းပြီးစီးခြင်း
(၂)အလေးချိန်ပေါ့ပါးခြင်း
(၃)ခိုင်ခန့်ခြင်း
(၄)မီးဒဏ်ကာကွယ်ခြင်း
(၅)အသံလုံခြင်း
(၆)ရေလုံခြင်း(ရေစိမ့်မဝင်နိုင်ခြင်း)
(၇)အဆောက်အဦးထဲမှ အပူချိန်သည်ပြင်ပထက်လျော့နည်းခြင်း
(၈)တပ်ဆင်ပြီးသည်နှင့်ဆေးသုတ်ရန် အဆင်သင့်ဖြစ်ခြင်း
(၉)ကြမ်းခင်းတွင် Beam မပါသော်လည်း ပေါ့ပါးသည့်အတွက် လွယ်ကူစွာ အခန်းဖွဲ့နိုင်ခြင်း။

March (17,18,19 ) ရက်နေ့များတွင် ရန်ကုန်မြို့ တပ်မတော် ခန်းမ၌ ပြပွဲကျင်းပမည်ဖြစ်ပါသည်။
အထူး Special Promotion ဈေးနှုန်းများဖြင့် ရောင်းချမည် ဖြစ်ပါသဖြင့် မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

အမှတ်(၄၆၉)၊ကျိုင်းတုံလမ်း၊စက်မှုဇုန်(၁)၊တောင်ဒဂုံမြို့နယ်၊ရန်ကုန်၊မြန်မာ။ ဆက်သွယ်ရန်ဖုန်း -09-259445511, 09-970888200
အမှတ်(၁၇၈)၊ မန္တလေး -ပြင်ဦးလွင်လမ်း၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့၊ ဆက်သွယ်ရန်ဖုန်း - 09-444777106, 09-777444106, 09-444327776



# THREE STAR

Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက်
ဝန်ဆောင်မှုပေးနေပါသည်။

Split Type Air-con Brand New 1HP 255000-Ks
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 1.5HP 310000-Ks
(Copper Pipe-10', Drain Pipe, Wire, Frame, Transportation)
"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932



အကောင်းဆုံး နံပါတ် (၁) MNZ ငွေရေစက် နှင့် လုံခြုံစိတ်အေးရစေမည့် MNZ မီးခံသေတ္တာ

လွန်ပြီးသော (၁၀) နှစ်မှပဲ ဝယ်ဝယ် ပြုတ်ကျပြီးပဲ ကွဲထားထား
တစ်ပြားမျှ မယူပဲ ဝန်ထမ်းပေါင်း (၂၀၀)ကျော်ဖြင့်
ဝန်ဆောင်မှုအပြည့် ပေးသောကြောင့်
သုံးစွဲသူများ တွက်ခြေကိုက် စိတ်အေးရသည့်
ငွေရေစက်မှာ MNZ တစ်မျိုးတည်းသာ ဖြစ်ပါသည်။

MNZ® Bill Counter & Safe

World Class Product Award ရရှိထားပြီး
အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ နော်ဝေ၊ ဂျပန်၊ ရုရှား အစရှိသည့်
နိုင်ငံကြီးများမှ အရည်အသွေးထောက်ခံချက်
ရရှိထားသော ကမ္ဘာ့အဆင့်မီ
မီးခံသေတ္တာမှာ MNZ တစ်မျိုးတည်းသာ ဖြစ်ပါသည်။

CALL NOW!
09.43198034

ရန်ကုန် ၁၂၅ (စီ)၊ အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ယုဇနဟိုတယ်ရှေ့ 01- 8603121, 09-32070000
မန္တလေး ၁၆၅၊ ၇၇လမ်း၊ ၃၃ နှင့် ၃၄ လမ်းကြား၊ မန္တလေး။ 02-68771, 09-31495346
နေပြည်တော် (၁၁၁-ခ)၊ မြေညီထပ်၊ Capital Hypermarket ၊ 09-73191094
Distributed by URANUS COMPANY LIMITED

KONICA MINOLTA
No. 1 A3 Color MFP Worldwide



ULTIMATE BUSINESS SOLUTION

bizhub C227/C287
Color Solution Copier
bizhub 287
Black & White Solution Copier
bizhub 164 / 206
Black & white Mutifunction Copier
Starting at $ 710

အရစ်ကျ ငွေချေစနစ်နှင့်
အဌားမှ အပိုင်ဝယ်စနစ်

(၄)နှစ်ဆက်တိုက်
အကောင်းဆုံး Copier ဆုရ

Wireless Printing | Touchscreen | Security | Low Total Cost Ownership | Super Low Cost Per Print



Your personal sales consultant
Su Myat Aye
enterprise.teams3@gandamar-mm.com
Direct Tel: 09 253 547 980
09 253 547 981

Authorized Distributer
Gandamar
O.A. & Business Solutions
No. 18-24, Kun Gyan Rd.,
Aung San Stadium, South Wing, Yangon
Branches in Yangon, Naypyidaw, Mandalay and dealers all over the country
www.gandamarbusinesssolutions.com www.facebook.com/gandamar.mm hq@gandamar-mm.com

ဇီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

# တိုက်ကြီးငလျင်ကြောင့် ငမိုးရိပ်ရေလှောင်တမံ ပျက်စီးမှုမရှိဘဲ ပုံမှန်အတိုင်း ရေပေးဝေလျက်ရှိကြောင်း သိရ

**ရန်ကုန်　မတ်　၁၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့အနီး၌ မတ် ၁၃ ရက် ညပိုင်းက အင်အားအသင့်အတင့်ရှိသော မြေငလျင်နှင့် အင်အားအနည်းငယ်ရှိသော မြေငလျင် နှစ်ကြိမ် လှုပ်ခတ်ခဲ့မှုဖြစ်စဉ်အတွင်း ငမိုးရိပ်ရေလှောင်တမံမှာ ပျက်စီးထိခိုက်မှုမရှိဘဲ ပုံမှန်အတိုင်းရေပေးဝေနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်မြို့ကို ရေပေးဝေနေသည့် လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီးရှိ ငမိုးရိပ်ရေလှောင်တမံမှာ ရေဝင်ဆံ့ ဧကပေ ၁၈၀၀၀၀ ခန့်ရှိပြီး လက်ရှိတွင် ဧကပေ တစ်သိန်း ရေထည့်သွင်း သိုလှောင်ထားကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❖




**ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၁၆ ရက် သတင်းစာတွင် ပါရှိမည်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၁၆ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။

(ကြေးမုံ)


# အာရှဖလားခြေစစ်ပွဲအတွက် မြန်မာအသင်း စတင်လေ့ကျင့်

**ရန်ကုန်　မတ်　၁၄**

မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှားနှင့် ကစားမည့် နိုင်ငံတကာခြေစမ်းပွဲ၊ အိန္ဒိယနှင့်ကစားမည့် အာရှဖလား ခြေစစ်ပွဲတို့အတွက် ယနေ့ညနေပိုင်းတွင် လေ့ကျင့်ပြင်ဆင်မှုများ စတင်ပြုလုပ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံးလေ့ကျင့်ခန်းအစီအစဉ်တွင် ကစားသမားစုံလင်ခြင်းမရှိဘဲ ကလပ်အသင်း ပွဲစဉ်များရှိနေသောကြောင့် ၁၇ ဦးသာ လေ့ကျင့်နိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ရတနာပုံအသင်းမှ အောင်သူ၊ မျိုးကိုထွန်း၊ သက်နိုင်၊ သိန်းသန်းဝင်း၊ စည်သူအောင်နှင့် ရန်အောင်လင်း(ဂိုး)၊ မကွေးအသင်းမှ ကျော်ဇင်လွင်၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○



မြန်မာ့လက်ရွေးစင်အသင်း မတ် ၁၄ ရက်က လေ့ကျင့်နေစဉ်။

# လက်ရှိချန်ပီယံ ရတနာပုံအသင်း ဟံသာဝတီကို အိမ်ကွင်း၌ အနိုင်ယူ

**မန္တလေး　မတ်　၁၄**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) လက်ကျန်ပွဲကို ယနေ့ညနေပိုင်းက မန္တလာသီရိကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ရတနာပုံအသင်း အနိုင်ရခဲ့သည်။

**ရတနာပုံ - သုံးဂိုး**
**ဟံသာဝတီ - နှစ်ဂိုး**

ထိပ်ဆုံးနေရာအတွက် အပြိုင်ဖြစ်နေသည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ အနိုင်ရခဲ့သောကြောင့် လက်ရှိချန်ပီယံရတနာပုံအသင်းမှာလည်း အိမ်ကွင်း၌ အမှားအယွင်းမရှိ နိုင်ပွဲရယူကာ ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ရတနာပုံအသင်းသည် ထိပ်ဆုံးမှ ရန်ကုန်အသင်းကို လေးမှတ်အကွာမှ ဖိအားပေးထားဆဲဖြစ်သည်။

လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် အသင်းခေါင်းဆောင် ရန်ပိုင်အပါအဝင် အောင်သူ၊ ရဲကိုဦး၊ သိန်းသန်းဝင်းတို့ဖြင့် လူစုံပွဲထွက်ခဲ့ပြီး ဟံသာဝတီအသင်းမှာမူ နိုင်ငံခြားသားကစားသမားနှစ်ဦးအပါအဝင် လူစုံခဲ့သည်။ ပွဲအစ ၁၀ မိနစ်တွင် တိုက်စစ်မှူး မာစီယိုက ဟံသာဝတီအတွက် ဂိုးစတင်သွင်းယူခဲ့သောကြောင့် ရတနာပုံအသင်း နောက်မှ လိုက်ကစားခဲ့ရသည်။ ရတနာပုံအသင်းသည်

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✷


ကောင်းထက်ကျော်
တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း
အဆင့်မြင့်စာသင်ဝိုင်းများ
ခန်းသွင်းဘော်ဒါ

ရန်ကုန်တိုင်းအတွင်းရှိ အစိုးရအထက်တန်းကျောင်း၊ကိုယ်ပိုင်ကျောင်းများအနက် အောင်ချက်အကောင်းဆုံး Top Ten စာရင်းတွင် ဤကျောင်းသည် အောင်ချက် ၉၄.၀၅% ဖြင့် အဆင့်(၇)၊ ကိုယ်ပိုင်ကျောင်းများအားလုံးတွင် အဆင့်(၂)
HOT LINE - 09 421 168127, 09 420 700008, 01 548339, 01 552348 　ဌာနမှတ် - ၃၃ (ဗီ - ၂)၊ နတ်မောက်လမ်းသွယ် (၁) မြန်မာ့အလင်းသတင်းစာတိုက်လမ်း၊ ဗိုလ်စိန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။





APOLO®
ကျောင်းသုံး၊ ရုံးသုံး နှင့် လုပ်ငန်းသုံး စာအုပ် အမျိုးမျိုး ဖြန့်ချိရေး
Hot Line : 01 684292
School Stationery
EXERCISE BOOKS
SCHOOL BOOKS
Office Stationery
LEDGERS
VOUCHERS
PAPER FILES
ENVELOPES
No.3-C,U Tun Nyo Street,Ward (9),Hlaing Thar Yar Ind.,Zone (6),Hlaing Thar Yar Township,Yangon

ကြေးမုံ
အထူးကဏ္ဍ
၁၅ - ၃ - ၂၀၁၇ (ဗုဒ္ဓဟူးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# စစ်ဆေးခြင်းဖြင့် ပြည့်အကျိုးဆောင်အံ့ ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

သတင်းဆောင်းပါး - သူရဇော်(သတင်းစဉ်)
ဓာတ်ပုံ - ကျော်ဇင်ထိုက်(သတင်းစဉ်)


ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း

လုပ်ငန်းဆောင်ရွက်မှုကြောင့် စာရင်းဟူ၍ ပေါက်ဖွားလာပါသည်။ စာရင်း၏ ဖြစ်ပေါ်ရာ အခြေခံမှာလည်း လုပ်ငန်းဖြစ်ပါသည်။ စာရင်းကို အဓိကထား၍ စစ်ဆေးနေလျှင် အကျိုးသက်ရောက်မှုနည်းရာမှ ပဓာနကျသည့်လုပ်ငန်းကို ဇောင်းပေး၍ စစ်ဆေးဖော်ထုတ် အစီရင်ခံမည့်ဦးတည်ချက်ဖြင့် ဆောင်ရွက်သည့်အတွက် အကျိုးသက်ရောက်မှုများစွာ ရရှိလာခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကြီးမားဆုံးသော ပြောင်းလဲမှုဖြစ်ပါသည်။

အစိုးရအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများသည် နိုင်ငံတော်နှင့်ပြည်သူအတွက် မည်သည့်အတိုင်းအတာပမာဏအထိ အကျိုးသက်ရောက်မှုရှိသည်ကို စိစစ်သုံးသပ်နိုင်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးအစီရင်ခံလျက်ရှိသည်။

အစိုးရ၏ သယံဇာတအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ၊ ပြည်သူ့ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှုများ၊ လုပ်ငန်းစီမံကိန်းများသည် ပြည်သူလူထုမျှော်မှန်းချက်များ၊ ဆန္ဒသဘောထားများနှင့် ကိုက်ညီမှု ရှိ၊ မရှိကို အစိုးရအဖွဲ့အစည်းနှင့် လွတ်ကင်း၍ သမာသမတ်ရှိသော အကဲဖြတ်လုပ်ဆောင်မှု ပြုလုပ်ရန်လိုအပ်သဖြင့် အမြင့်မားဆုံးစာရင်းစစ်အဖွဲ့အစည်း (Supreme Audit Institution - SAI)အဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအား ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် တိုင်းပြည်နှင့် ပြည်သူလူထု၏အကျိုးကို စစ်ဆေးခြင်းလုပ်ငန်းဖြင့် ဖော်ဆောင်လျက်ရှိသည်။

ယခုတစ်နှစ်အတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဆောင်ရွက်ချက်များသည် ကုန်လွန်ခဲ့သည့် နှစ်များနှင့်နှိုင်းယှဉ်ပါက ထူးခြားသိသာစွာ တိုးတက်ပြောင်းလဲလာခဲ့ပါသည်ဟု အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးက ဆိုသည်။

ထိုသို့သုံးသပ်ရခြင်းမှာ ၈၀/၂၀ ဥပဒေသ (Pareto Rule)အရ ရှိသမျှအလုပ် သိမ်းကျုံးလုပ်ပြီး အလုပ်၏ကျေးကျွန်အဖြစ် လုပ်ကိုင်ကြိုးစားခြင်း ၈၀ ရာခိုင်နှုန်းအနက်မှ ၂၀ ရာခိုင်နှုန်းသာ အကျိုးရလဒ်ရရှိနေသည့် Work hard မှ လုပ်သင့်လုပ်ထိုက်သည့် အလုပ်များအနက် အရေးကြီးပြီး ပဓာနကျသည့် အလုပ်များကို ၂၀ ရာခိုင်နှုန်းလုပ်၍ ၈၀ ရာခိုင်နှုန်း အကျိုးရလဒ်ရရှိမည့် Work smart သို့ ပြုပြင်ပြောင်းလဲဆောင်ရွက်ခြင်းကြောင့်ဟု ၎င်းကဆိုသည်။

**ကောင်းမွန်သော အလေ့အထ**

ပြည်ထောင်စုစာရင်းစစ်ချုပ်သည် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအပါအဝင် ရုံးပေါင်း ၃၈၆ ရုံးဖွဲ့စည်း၍ ဝန်ထမ်းအင်အား ၆၅၀၀ ကျော်ဖြင့် စစ်ဆေးရမည့်အဖွဲ့အစည်းပေါင်း ၁၅၂၄၀ အား စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စစ်ဆေးခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ပထမ ၆ လ၊ ဒုတိယ ၆ လခွဲခြား၍ တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သာမန်အားဖြင့် ဌာနအဖွဲ့အစည်းများအား ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် တစ်ကြိမ်သာ စစ်ဆေးမည်ဖြစ်သော်လည်း အချို့ဌာန/အဖွဲ့အစည်းများသည် ယင်းတို့၏ လုပ်ငန်းသဘောသဘာဝ ရှုပ်ထွေးမှု၊ လုပ်ငန်းအရွယ်အစားပမာဏကြီးမားမှုနှင့် အန္တရာယ်အခြေပြုသော စိစစ်သုံးသပ်မှုတို့အရ လိုအပ်ပါက အဆိုပါဌာန/အဖွဲ့အစည်းများအား ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးဆောင်ရွက်မည်ကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သိရသည်။

နိုင်ငံတကာတွင် ဘဏ္ဍာရေး စာရင်းစစ်ဆေးခြင်းကို တစ်နှစ်လျှင် တစ်ကြိမ်သာ ပြုလုပ်ပြီး ကောင်းမွန်သောအလေ့အထအဖြစ် လက်ခံကျင့်သုံးလျက်ရှိခြင်းကြောင့် လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားပြည့်ဆောင်ရွက်ရန် ဘဏ္ဍာငွေကြေးခွင့်ပြုမိန့်၊

**အထူးကဏ္ဍ (ခ) သို့ »»**



နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

**အထူးကဏ္ဍ (က) မှ »»**
ဘတ်ဂျက်အကန့်အသတ်ကြောင့် လည်းကောင်း၊ လစ်လပ်သွားသည့်နေရာများတွင် ဖြည့်စွက်ခန့်ထားရန် ခွင့်ပြုမိန့်မရသည့်အတွက်ကြောင့်လည်းကောင်း ရှိသည့်ဝန်ထမ်းအင်အားနှင့် အရည်အသွေးပြည့်မီသည့် စစ်ဆေးတွေ့ရှိချက်များရရှိစေရန် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုစာရင်းစစ်ဆေးခြင်း ပေါင်းစပ်ဆောင်ရွက်ပြီး တစ်နှစ်တစ်ကြိမ်သာ စစ်ဆေးခြင်းကြောင့် ပေါ်ထွက်လာမည့် စစ်ဆေးရေးသွင်းအားစုများကို လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းဖြင့် စီမံကိန်းအကောင်အထည်ဖော်မှုစစ်ဆေးရာတွင် ပိုမိုဖောင်းပေးစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း စာရင်းစစ်ချုပ်ရုံးမှ ဝါရင့်ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

စစ်ဆေးခြင်း အမျိုးအစားများကိုလည်း ယခင်က ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှုစစ်ဆေးခြင်းတို့ဖြင့် စစ်ဆေးရာမှ ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်အောင်မြင်မှု အကျိုးသက်ရောက်မှုများကို တိုင်းတာစစ်ဆေးရသည့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း (Performance Audit) ကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဌာနအဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲသုံးစွဲမှု၊ လုပ်ငန်းဆောင်ရွက်မှုများကို ထိထိရောက်ရောက် စစ်ဆေးနိုင်ရန်အတွက် စစ်ဆေးရေးအမျိုးအစားများ တိုးချဲ့ဆောင်ရွက်ခြင်း၊ အရည်အသွေးပြည့်မီသည့် စစ်ဆေးတွေ့ရှိချက်များ ဖော်ထုတ်နိုင်ရန်ဆောင်ရွက်ခြင်းတို့ကိုလည်း ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။

နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့အနက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နိုင်ငံပိုင်ကဏ္ဍစာရင်းများကို စစ်ဆေးရသည့်အဖွဲ့အစည်းဖြစ်၍ နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများ လိုက်နာဆောင်ရွက်သည့် လီမာကြေညာချက်၊ မက္ကဆီကိုကြေညာချက်နှင့်အညီ စစ်ဆေးရာ၌ ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း (Financial Audit)၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှုစစ်ဆေးခြင်း(Compliance Audit)၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း (Performance Audit)များကို အဓိကထားဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း၌ ပြည်သူများထံမှကောက်ခံရရှိသည့် အခွန်အကောက်ဖြင့် သုံးစွဲသည့် အစိုးရဌာနများ၏ သုံးစွဲငွေများသည် တန်ရာတန်ဖိုးရရှိမှု ရှုထောင့် (Value for Money) ဖြင့် စစ်ဆေးခြင်း၊ ခြိုးခြံချွေတာမှု၊ ထိရောက်အောင်မြင်မှု၊ စွမ်းဆောင်ရည်ရှိမှု စသည့်အမြင်များဖြင့် စစ်ဆေးလျက်ရှိသည်။



လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပစဉ်။

**နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့အနက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နိုင်ငံပိုင်ကဏ္ဍ စာရင်းများကို စစ်ဆေးရသည့်အဖွဲ့အစည်းဖြစ်၍ နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများ လိုက်နာဆောင်ရွက်သည့် လီမာကြေညာချက်၊ မက္ကဆီကိုကြေညာချက်နှင့်အညီ စစ်ဆေးရာ၌ ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း (Financial Audit)၊ စည်းမျဉ်းစည်းကမ်း လိုက်နာမှုစစ်ဆေးခြင်း (Compliance Audit)၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း(Performance Audit)များကို အဓိကထားဆောင်ရွက်လျက်ရှိ**

### ချဉ်းကပ်စစ်ဆေး

ထို့ပြင် Risk Based Audit ဖြစ်သည့် စာရင်းစစ်များထံတင်ပြလာသည့် ဘဏ္ဍာရေးရှင်းတမ်းထဲတွင် ကွဲလွဲစွာဖော်ပြမှု၊ လွဲမှားစွာဖော်ပြမှု၊ သတ်မှတ်ချက်များကို မလိုက်နာမှုများသည် မသမာမှုများကြောင့် လွဲမှားမှုများရှိနိုင်ကြောင်း စာရင်းစစ်အန္တရာယ်ရှိနိုင်ကြောင်း အမြင်ဖြင့်လည်း ချဉ်းကပ်စစ်ဆေးလျက်ရှိသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် စစ်ဆေးရမည့်အဖွဲ့အစည်းအားလုံးကို တစ်နှစ် တစ်ကြိမ် ပြီးမြောက်အောင်စစ်ဆေးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ စစ်ဆေးနိုင်ခဲ့သော်လည်း ဌာနအဖွဲ့အစည်းတစ်ခုချင်းစီ၏ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ဆောင်ရွက်သည့်လုပ်ငန်းများ၊ စာရင်းများအားလုံးကို စစ်ဆေးရန် ရရှိသည့်အချိန်နှင့် ဝန်ထမ်းအင်အား အကန့်အသတ်တို့ကြောင့် ရာနှုန်းပြည့် မစစ်ဆေးနိုင်သဖြင့် စစ်ဆေးရမည့်အဖွဲ့အစည်း၏ ဌာနတွင်း ကြီးကြပ်ကွပ်ကဲမှုစနစ်အား လေ့လာ၍ စစ်ဆေးရန်လိုအပ်သည့် အတိုင်းအတာပမာဏကို ကောက်နုတ်ရွေးချယ်ပြီး စစ်ဆေးကြောင်း စာရင်းစစ်ပညာရှင်တစ်ဦးက ရှင်းပြသည်။

တိုးတက်ပြောင်းလဲလာနေသည့် နိုင်ငံတကာ စစ်ဆေးမှုများကို သိရှိနားလည်နိုင်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများရေးထိုးခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်းတို့ကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### အော်စလိုမြို့၌ လက်မှတ်ရေးထိုး

မြန်မာနိုင်ငံရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ စစ်ဆေးခြင်းများကို ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ စစ်ဆေးခြင်း စသည့် စစ်ဆေးရေးနည်းမျိုးစုံဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများပြုလုပ်ပေးသွားရန် ရည်ရွယ်၍ နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံးနှင့် နားလည်မှုစာချွန်လွှာကို နော်ဝေနိုင်ငံ အော်စလိုမြို့၌ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ထို့ပြင် နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံးနှင့်ပူးပေါင်း၍ ရေနံကဏ္ဍစစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်၌ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၌ အဓိကပါဝင်ပတ်သက်သူများ၏အခန်းကဏ္ဍနှင့် တာဝန်ရှိမှုများ၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် သဘောတူစာချုပ်ဆိုင်ရာ ကိစ္စရပ်များ၊ အန္တရာယ် နယ်ပယ်ဆိုင်ရာဆန်းစစ်မှု စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံ၏ အမွေအနှစ် သဘာဝသယံဇာတများအနက် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်သုံးစွဲရာ၌ ခွဲဝေခံစားသည့် သဘောတူစာချုပ်များ ရေးထိုးရာတွင်လည်း နိုင်ငံ့အတွက် နစ်နာမှုများမရှိစေရန်နှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရန် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် သဘောတူစာချုပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည်။

### လုပ်ငန်းဆက်နွှယ်

ထိုသို့ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသား စာရင်းစစ်များအနေဖြင့် စာချုပ်ပါအကြောင်းအရာများ၊ နိုင်ငံတကာ အတွေ့အကြုံများ၊ အလေးထားဂရုပြုသင့်သည့် နယ်ပယ်များ၊ အစိုးရဌာနအဖွဲ့အစည်းအချင်းချင်း လုပ်ငန်းဆက်နွှယ်ဆောင်ရွက်ပုံများကို သိရှိရခြင်းဖြင့် လက်တွေ့စစ်ဆေးရေးလုပ်ငန်းတွင် အထောက်အကူရရှိစေမည်ဖြစ်သည်။

“ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ သတ္တုကဏ္ဍများမှာရှိတဲ့ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲသုံးစွဲမှုနဲ့စပ်လျဉ်းလို့ စွမ်းဆောင်ရည်ပြည့်ဝမှုမရှိခြင်း၊ လေလွင့်ဆုံးရှုံးခြင်းတွေကို စစ်ဆေးဖော်ထုတ်လာနိုင်စေခြင်း၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍ၊ သတ္တုကဏ္ဍတွေကို လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းဖြင့် အရေးပါတဲ့

**အထူးကဏ္ဍ (ဂ) သို့ »»**




နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း အဆောက်အအုံ။

အထူးကဏ္ဍ (ခ) မှ »»

လူမှုရေး၊ နိုင်ငံရေးနဲ့စီးပွားရေးရာ ကိစ္စရပ်တွေကိုပါ အာရုံစူးစိုက်ဆောင်ရွက်ရတဲ့အတွက် အများပြည်သူအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်မှာဖြစ်ပါတယ်”ဟု အငြိမ်းစား စာရင်းစစ်တစ်ဦးက ၎င်း၏အမြင်ကိုထုတ်ဖော်ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အာဆီယံ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ အစိုးရကဏ္ဍဝယ်ယူမှုအတွက် စာရင်းစစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်၌ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

**မီးမောင်းထိုးပြ**

“ဒီလိုအလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ပေးတဲ့အတွက် အစိုးရကဏ္ဍဝယ်ယူမှုအပိုင်းကို Pilot Audit ဆောင်ရွက်ခြင်းဖြင့် ပစ္စည်းဝယ်ယူမှုလုပ်ငန်းစဉ်တစ်ခုလုံးကို ပွင့်လင်းမြင်သာမှုရှိစေဖို့အတွက် မီးမောင်းထိုးပြနိုင်ပြီး တင်ဒါခေါ်ယူမှု၊ တင်ဒါရွေးချယ်မှု၊ စာချုပ်ချုပ်ဆိုမှု၊ ငွေပေးချေမှု၊ ပစ္စည်းအရည်အသွေးမှန်ကန်မှု စိစစ်ခြင်းစတဲ့ လုပ်ငန်းစဉ်အားလုံးကို စနစ်တကျစစ်ဆေးနိုင်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများ အားကောင်းလာစေနိုင်မှာဖြစ်ပါတယ်”ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးက ပြောသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးမြင့်စေရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) နှင့်ပူးပေါင်း၍ ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်၌ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၅ ရက်အထိ ပြုလုပ်ခဲ့ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၌ ADB အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းနှစ်ခုကို လက်တွေ့စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံးတို့ပူးပေါင်း၍ Production Sharing Contract ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

“ဒီလို ADB Project တွေကို ADB Guideline နဲ့ Pilot Audit စစ်ဆေးဆောင်ရွက်မှုတွေဟာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ ပုံမှန်လုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ ကွဲပြားစွာပြောင်းလဲဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်များဖြစ်တဲ့အတွက် နိုင်ငံတကာစာရင်းစစ်စံနဲ့အညီ စစ်ဆေးခြင်းအတွေ့အကြုံများနဲ့ ရင်းနှီးကျွမ်းဝင်မှုကို ဖြစ်ပေါ်လာစေပါတယ်။ စာရင်းစစ်များရဲ့ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုက်နာကျင့်သုံးစေဖို့ ပိုမိုဂရုပြုလာစေနိုင်သလိုပဲ ကျိုးကြောင်းဆီလျော်တဲ့ စစ်ဆေးရေးအစီအစဉ်တွေကို ရေးဆွဲလာနိုင်ခြင်း၊ စစ်ဆေးတွေ့ရှိချက်တွေကို ရှုထောင့်စုံမှနေပြီး စိစစ်အကဲဖြတ်မှုများပါဝင်တဲ့ ဝေဖန်သုံးသပ်မှု အားကောင်းလာခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းတွေအပေါ်မှာ ချိုင့်သုံးသပ်မှုပြုလုပ်လာနိုင်ခြင်းစတဲ့ အလေ့အကျင့်ကောင်းတွေနဲ့ စစ်ဆေးရေးလုပ်ငန်းကို စွမ်းဆောင်ရည်မြှင့်တင်သွားနိုင်မှာ ဖြစ်ပါတယ်”ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စန်းဦးက ပြောသည်။

**ပြုပြင်ပြောင်းလဲ**

တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုများကြောင့် တိုးတက်လာမည့်အခြေအနေကို မျှော်မှန်းပြီး စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ များစွာလိုအပ်လာမည့် အခြေအနေရှိသဖြင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း၊ ဝင်ပေါက်များ၏ ကန့်သတ်ချက်များဖြေလျှော့၍ ဝင်ပေါက်များတိုးချဲ့ကာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိသည်။

ယခင်လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းသို့ စီးပွားရေးတက္ကသိုလ်များမှ B.com ဘွဲ့ရ၊ အမှတ်များသူ Fresh Graduate များကိုသာ တက်ခွင့်ပြုသည့်စနစ်မှ ဝင်ပေါက်ချဲ့ထွင်ပေးသည့်အနေဖြင့် သင်တန်းအမှတ်စဉ်(၄၂)တွင် B.com, B.Act, BBA ဘွဲ့ နောက်ဆုံးနှစ်စာမေးပွဲတွင် မဟာတန်းတက်ခွင့်ရသူ Fresh Graduate များနှင့် ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) ထူးချွန်စွာအောင်မြင်သူများကို တိုက်ရိုက်တက်ရောက်ခွင့်ပေးခဲ့ပြီး ဘွဲ့တစ်ခုခုရရှိသူများကို ဝင်ခွင့်စာမေးပွဲဖြင့်ရွေးချယ်ပြီး သင်တန်းတက်ရောက်ခွင့်ပြုခဲ့သည်။

**ရွေးချယ်တက်ရောက်**

မကြာမီဖွင့်လှစ်မည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းအမှတ်စဉ်(၄၃)တွင် နှစ်ကန့်သတ်ချက်မရှိဘဲ B.com, B.Act, BBA ဘွဲ့ရများ ဒီပလိုမာစာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများ၊ ဘွဲ့တစ်ခုခုရရှိပြီး ACCA Fundamental Skills Level ပြီးစီးသူများနှင့် CIMA Mangement Level ပြီးစီးသူများအား တိုက်ရိုက်တက်ရောက်ခွင့်ပြုမည့်အပြင် မည်သည့်နှစ်မှာမဆို အောင်မြင်ထားသည့် ဘွဲ့တစ်ခုခုရရှိသူများကိုလည်း ဝင်ခွင့်ဖြေဆိုပြီး တက်ရောက်ခွင့်ပြုရန် စီစဉ်ထားကြောင်း သိရသည်။

ယခင်က ဒီပလိုမာစာရင်းကိုင်သင်တန်းအတွက် ဝင်ခွင့်စာမေးပွဲဖြင့်ရွေးချယ်တက်ရောက်ခဲ့သော်လည်း လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ ဝင်ခွင့်စာမေးပွဲ ကျင်းပခြင်းမပြုလုပ်တော့ဘဲ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူများသည် ဒီပလိုမာစာရင်းကိုင်သင်တန်းသို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ဒီပလိုမာစာရင်းကိုင်သင်တန်းများ ဖွင့်လှစ်သည့် သင်တန်းကျောင်းများ၌ မြန်မာနိုင်ငံစာရင်းကောင်စီမှဖွင့်လှစ်သည့် ကျောင်းများသာ ယခင်ကရှိသော်လည်း ပြောင်းလဲမှုအရ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများကိုလည်း မြန်မာနိုင်ငံစာရင်း ကောင်စီဥပဒေအရ ဖွင့်လှစ်ခွင့်ပြုသွားရန် စီစဉ်လျက်ရှိသည်။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများနှင့် သင်တန်းဆရာများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ပြုရန် စီမံဆောင်ရွက်လျက်ရှိသည်။

“ဒီသင်တန်းတွေကို အရင်က မြန်မာနိုင်ငံစာရင်းကောင်စီကဖွင့်လှစ်တဲ့ သင်တန်းကျောင်းတွေမှာပဲ တက်ရောက်ခွင့်ရရှိခဲ့ပေမယ့် အခု မြန်မာနိုင်ငံစာရင်းကောင်စီက ဖွင့် လှစ်

အထူးကဏ္ဍ (ဃ) သို့ »»




ဘဏ်များတွင် နိုင်ငံတကာစာရင်းစစ်ပြောင်းလဲကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲ-၂၀၁၆ ကျင်းပစဉ်။

**တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုများကြောင့် တိုးတက်လာမည့်အခြေအနေကို မျှော်မှန်းပြီး စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ များစွာလိုအပ်လာမည့် အခြေအနေရှိသဖြင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း၊ ဝင်ပေါက်များ၏ ကန့်သတ်ချက်များ ဖြေလျှော့၍ ဝင်ပေါက်များတိုးချဲ့ကာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိ**




ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့တွင် အာဆီယံစာရင်းစစ်ချုပ်ရုံးများ သဘောတူညီချက်ပြင်ဆင်ရေး ညှိနှိုင်းချက်အခမ်းအနားတွင် လက်မှတ်ရေးထိုးစဉ်။

**အထူးကဏ္ဍ (၁) မှ »»**

ခွင့်ပြုတဲ့ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွေမှာ တက်ရောက်နိုင်တဲ့ အခွင့်အလမ်းတွေရရှိလာသလို နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမယ့် အရည်အချင်းပြည့်မီတဲ့ စာရင်းပညာရှင်တွေနဲ့ စာရင်းကျွမ်းကျင်သူတွေ ပိုမိုတိုးပွားလာတဲ့အတွက်ရော၊ ပြောင်းလဲလာတဲ့ နိုင်ငံတော်အုပ်ချုပ်ပုံစနစ်နဲ့အညီ စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေကြေးပြုပြင်ပြောင်းလဲမှုတွေမှာ ကျရာကဏ္ဍမှ အလုပ် အကျွေးပြုနိုင်မှာဖြစ်တဲ့အတွက်ရော လွန်စွာဝမ်းမြောက်မိပါတယ်”ဟု စာရင်းကိုင်တစ်ဦးက ပြောသည်။

**အမှန်မြင်ရ**

နိုင်ငံတွင်လုပ်ဆောင်သည့် ဆောင်ရွက်ချက်များသည် စာရင်းများ၌ မှန်တစ်ချပ်သဖွယ် ထင်ဟပ်ပေါ်လွင်နေသဖြင့် စာရင်းပညာရပ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးပါသည်။ တိုင်းပြည်တွင် စာရင်းရှိရန်၊ စာရင်းမှန်ရန် အရေးကြီးသည်။ နိုင်ငံ့စာရင်းမှန်မှ တိုင်းပြည်မည်မျှ ဖွံ့ဖြိုးတိုးတက်သည်ကို အမှန်မြင်ရမည်ဖြစ်သည်။

စာရင်းမှန်မှ ရသင့်ရထိုက်သည့်အခွန်များရပြီး တိုင်းပြည်တိုးတက်မည်ဖြစ်သည်။ အစိုးရကဏ္ဍ စာရင်းမှန်ကန်ရေးကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အဓိကထားစစ်ဆေး၍ ပုဂ္ဂလိကကဏ္ဍ စာရင်းများမှန်ကန်ရေးကို မြန်မာနိုင်ငံ စာရင်းကောင်စီကလည်း ကိုယ်ပိုင်စာရင်းလုပ်ငန်း လုပ်ကိုင်သူများကို ကြီးကြပ်ခြင်းမှတစ်ဆင့် ဆောင်ရွက်လျက်ရှိသည်။ ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းပြီး နိုင်ငံတကာစံများနှင့်အညီ လိုက်နာဆောင်ရွက်သည့် စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ ပိုမိုပေါ်ထွန်းလာရန်လည်း လိုအပ်သည်။

ပုဂ္ဂလိကကဏ္ဍတွင် နိုင်ငံတကာစာရင်းစံနှင့်အညီ လိုက်နာပြီး အစီရင်ခံနိုင်ရန် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနှင့် ဝါဏိဇ္ဇဘွဲ့ရသူများအသင်းတို့ကလည်း စဉ်ဆက်မပြတ် ပညာရည်တိုးတက်မှုလစဉ် ဟောပြောပွဲများ၌ နိုင်ငံတကာစာရင်းစံများ၊ နိုင်ငံတကာစာရင်းစစ်စံများကိုလည်း တင်ပြလျက်ရှိသည်။

**စမ်းသပ်ကျင့်သုံး**

ဂျာမန်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)နှင့်ပူးပေါင်း၍ ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံတကာစာရင်းစံများ ကျင့်သုံးနိုင်ရေးအတွက် လေ့လာမှုများပြုလုပ်လျက်ရှိသည်။ လေ့လာမှုပြုရာမှာ Pilot Bank (အစမ်းဘဏ် သုံးခု) ရွေးချယ်ပြီး စမ်းသပ်ကျင့်သုံးနေသည်။ ပုဂ္ဂလိကကဏ္ဍတွင် နိုင်ငံတကာ စာရင်းစံများ ကျင့်သုံးမှုနှင့်ပတ်သက်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကလည်း ကနဦးဆန်းစစ်လေ့လာမှု (Survey) ပြုလုပ်ခဲ့ရာမှာ ကုမ္ပဏီများ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများကို Sampling Method ဖြင့် ရွေးချယ်ကာ ဆန်းစစ်လေ့လာ၍ စိစစ်သုံးသပ်မှုများ ပြုလုပ်ခဲ့ပါသည်။ လေ့လာမှုများအရ နိုင်ငံတကာစာရင်းစံကို ၆၀ ရာခိုင်နှုန်းအထိ လိုက်နာဆောင်ရွက်နေကြောင်း တွေ့ရှိရသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် နိုင်ငံပိုင်ကဏ္ဍ၌ နိုင်ငံတကာစာရင်းစံများ IPSAS နှင့်အညီ ဆောင်ရွက်ရန်အတွက် ကြီးမားသည်။ ပြုပြင်ပြောင်းလဲမှုတစ်ခု ပြုလုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

အခြေခံအားဖြင့် အစိုးရငွေစာရင်းထားနည်းစနစ်အား ငွေသားစီးဆင်းမှု အခြေခံ Cash Basis ဖြင့် စာရင်းပြုစုနေခြင်းမှ စေ့ရောက်မှုအခြေခံ Accrual Basis သို့ ပြောင်းနိုင်ရန်အတွက် ကနဦးဆောင်ရွက်ရန်လိုသည့်အချက်များအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ဆောင်ရွက်နေပါသည်။

အဆိုပါလုပ်ငန်းသည် အခြားနိုင်ငံများတွင် ကျင့်သုံးအကောင်အထည်ဖော်မှု အတွေ့အကြုံများကို လေ့လာတွေ့ရှိမှုအရ အချိန်ယူဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ကြိုးပမ်းဆောင်ရွက်မှုများသည် IPSAS နိုင်ငံတကာစာရင်းစံနှင့်အညီ အစိုးရငွေစာရင်းထားနည်းစနစ်အား ငွေသားစီးဆင်းမှုအခြေခံ Cash Basis ဖြင့် စာရင်းပြုစုနေခြင်းမှ စေ့ရောက်မှုအခြေခံ Accrual Basis သို့ ပြောင်းနိုင်မည့် လမ်းကြောင်းပေါ်သို့ရောက်ရှိအောင် တစ်စတစ်စ အချိန်ယူဆောင်ရွက်သွားရမည်ဖြစ်သည်။

**လက်တွေ့မျှဝေ**

အစိုးရဌာန၊ အဖွဲ့အစည်းများတွင် ဌာနတွင်းစာရင်းစစ်ရာထူးနေရာများကို တီထွင်ထားပြီး ၎င်းရာထူးနေရာများတွင် ခန့်ထားသည့် ဌာနတွင်းစာရင်းစစ်များအား စာရင်းစစ်ပညာများ တတ်မြောက်ကျွမ်းကျင်၍ စစ်ဆေးရေးလုပ်ငန်းကျွမ်းကျင်မှုရှိစေရန် နေပြည်တော်သင်တန်းကျောင်းတွင် စာတွေ့အနေဖြင့် သင်တန်းများဖွင့်လှစ်သင်ကြားပေးကာ စစ်ဆေးရေးလုပ်ငန်းစဉ်အဆင့်ဆင့်အား လုပ်ငန်းခွင်တွင် လက်တွေ့သင်ကြားခြင်းအနေဖြင့် စစ်ဆေးရေးလုပ်ငန်း အတွေ့အကြုံများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်စစ်ဆေးရာတွင် လက်တွေ့မျှဝေသင်ကြားပေးခဲ့ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်၊ အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်းများသည် ပြည်ပအစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြပြီး အရာထမ်းများနှင့် ဝန်ထမ်းများကိုလည်း အစည်းအဝေး၊ ဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများအပြင် သင်တန်းများသို့ပါ စဉ်ဆက်မပြတ် စေလွှတ်လျက်ရှိပါသည်။ ဝန်ထမ်းသုံးဦးတို့အား ပြည်ပတက္ကသိုလ် နှစ်ခုသို့ ဘွဲ့လွန်သင်တန်းများတက်ရောက်ရန် စေလွှတ်ထားရှိပါသည်။

**အကျိုးကျေးဇူး**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများသည် စစ်ဆေးရေးလုပ်ငန်းများတွင် ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများ ပိုမိုပေါ်ပေါက်လာစေရန်ဆောင်ရွက်ခြင်း၊ စစ်ဆေးရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံပြီး ပိုမိုတိုးတက်ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းကြောင့် စစ်ဆေးရေးကဏ္ဍ၊ စာရင်းကဏ္ဍတို့တွင် အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများနှင့်အညီ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှုအပေါ် ပြည်သူများ၏မျှော်မှန်းချက်သည် ကြီးမားလာသည်။ ဌာနအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှုရှိစေရေးနှင့် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု ကောင်းမွန်လာစေရေးတို့အတွက် “စစ်ဆေးခြင်းဖြင့် ပြည့်အကျိုးဆောင်အံ့”ဆောင်ပုဒ်နှင့်အညီ ထိရောက်စွာ စစ်ဆေးဖော်ထုတ်နိုင်ခြင်းဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများအပေါ် ပြည်သူတို့၏ ယုံကြည်ကိုးစားမှုများ ပိုမိုဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**အစိုးရကဏ္ဍ စာရင်းမှန်ကန်ရေးကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက အဓိကထားစစ်ဆေး၍ ပုဂ္ဂလိကကဏ္ဍ စာရင်းများမှန်ကန်ရေးကို မြန်မာနိုင်ငံ စာရင်းကောင်စီကလည်း ကိုယ်ပိုင်စာရင်းလုပ်ငန်းလုပ်ကိုင်သူများကို ကြီးကြပ်ခြင်းမှ တစ်ဆင့် ဆောင်ရွက်လျက်ရှိသည်။ ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းပြီး နိုင်ငံတကာစံများနှင့်အညီ လိုက်နာဆောင်ရွက်သည့် စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ ပိုမိုပေါ်ထွန်းလာရန်လည်း လိုအပ်**




ဘဏ်များတွင် နိုင်ငံတကာစာရင်းစံပြောင်းလဲကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၆ သို့ တက်ရောက်သူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဒီမိုကရေစီကျင့်စဉ်များ ရှင်သန်ရင့်ကျက်ပြီး ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်သွားရန် အသင့်ဖြစ်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

ဖိုးသက်

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုများကို သိရှိနိုင်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ တစ်နှစ်တာအတွင်း ကြုံတွေ့ခဲ့ရတဲ့အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို သိချင်ပါတယ်။

ဖြေ။ ။ ကျွန်တော်တို့အစိုးရအဖွဲ့ စတင်တာဝန်ထမ်းဆောင်စမှာပဲ လေပြင်းတိုက်၊ မိုးသီးကြွေ၊ ရေကြီးရေလျှံ စတဲ့ ဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ငလျင်လှုပ်တော့လည်း နည်းနည်းပါလိုက်သေးတယ်။ တစ်နိုင်ငံလုံးက သတိထားစောင့်ကြည့်ခဲ့ရတဲ့ မုံရွာမြို့ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကိုလည်း စည်းရုံးစွမ်းဆောင်မှုတွေနဲ့ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပါတယ်။

**ပြင်းထန်ဝက်သက်နှင့် ရေယာဉ်တိမ်းမှောက်မှု**

နာဂဒေသမှာဖြစ်ပွားခဲ့တဲ့ ပြင်းထန်ဝက်သက်ရောဂါဟာလည်း ကျွန်တော်တို့အတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ အဲဒီနောက် ချင်းတွင်းမြစ်ကြောင်းမှာ ပြေးဆွဲနေတဲ့ ခရီးသည်တင်အမြန်ရေယာဉ်တိမ်းမှောက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။ ဒီလို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုတွေနဲ့ တိုင်းဒေသကြီးမှာရှိတဲ့ ဌာနဆိုင်ရာ/အဖွဲ့အစည်းတွေမှ ကျွမ်းကျင်ဝန်ထမ်းတွေနဲ့ စေတနာရှင်ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုတွေကြောင့် ပုံမှန်အခြေအနေကို အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါတွေကို ပြောပြနေတာက ကျွန်တော်တို့အစိုးရတက်လာပြီး စစ်ကိုင်းတိုင်းဒေသကြီးမှာ ဘာတွေပြောင်းလဲလာပြီလဲ၊ ဘာတွေလုပ်ပြီးပြီလဲလို့ သိချင်နေကြတာတွေကို ရှင်းပြဖို့ ပဏာမ အကြမ်းဖျင်းအခြေအနေတွေပဲ ဖြစ်ပါတယ်။ ပြောင်းလဲချိန်တန်ပြီလို့ ကြွေးကြော်ပြီး ပြည်သူတစ်ရပ်လုံးကဝန်းရံပြီး တင်မြှောက်ပေးလိုက်တဲ့ အစိုးရတစ်ရပ်အနေနဲ့ နိုင်ငံတော်ကို ဘက်စုံတိုးတက်အောင် ပြုပြင်ပြောင်းလဲဖို့ Vision, Mission, Plan တွေ ရှိထားပါတယ်။ သို့သော်လည်း တကယ့်လက်တွေ့ ပြုပြင်ပြောင်းလဲရာမှာ ပကတိတွေ့ကြုံရတဲ့ အခြေအနေတွေအပေါ်မှာ အကောင်းဆုံးဖြစ်အောင် ဝေဖန်သုံးသပ်ပြီး အများစုဆန္ဒနဲ့ ကိုက်ညီအောင် ကြိုးပမ်းဆောင်ရွက်ရတာတွေ၊ ပြုပြင်ပြောင်းလဲရတာတွေ ရှိပါတယ်။



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်

**တွန်းတွန်းတိုက်တိုက်**

မေး။ ။ အခုအချိန်အထိ ကျော်ဖြတ်ခဲ့တဲ့ အတွေ့အကြုံတွေအပေါ် ဝန်ကြီးချုပ်ရဲ့အမြင်ကို သိချင်ပါတယ်။

ဖြေ။ ။ ပြောင်းလဲမှုဆိုရာမှာ အလိုက်သင့် လိုက်ပါပြောင်းလဲရတာရှိသလို တော်လှန်တဲ့သဘော ဆန့်ကျင်ဘက်ပြောင်းလဲရတာတွေ၊ တွန်းတွန်းတိုက်တိုက် လုပ်ယူရတာတွေ ကိုယ်တိုင်စံနမူနာပြလုပ်ရတာတွေ စသည်ဖြင့် ဆောင်ရွက်ရတာရှိသလို အခြားသူတွေကိုလည်း ပြောင်းလဲမှုမှာ ပူးပေါင်းပါဝင်လာအောင် စိတ်ရှည်ရှည်နဲ့ စည်းရုံးဆောင်ရွက်ရတာတွေ ရှိပါတယ်။ လက်ရှိအခြေအနေမှာ ပြုပြင်ပြောင်းလဲမှုနဲ့စပ်လျဉ်းပြီး ခြုံငုံသုံးသပ်ပြောရမယ်ဆိုရင် စစ်ကိုင်းတိုင်းဒေသကြီးမှာ အကောင်းဘက်ကိုရှေးရှုတဲ့ ပြောင်းလဲမှုတွေ ရှိသလို ဘေးထွက်ဆိုးကျိုးတွေလည်း ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ကိုယ့်သမိုင်းကိုယ် ရေးကြတာဖြစ်တယ်လို့ပဲ ပြောချင်ပါတယ်။

**ဘေးထွက်ဆိုးကျိုး**

မေး။ ။ ဘေးထွက်ဆိုးကျိုးဆိုတာကို ဥပမာလေးနဲ့ နည်းနည်းလောက် ရှင်းပြနိုင်မလား ခင်ဗျာ။

ဖြေ။ ။ ဘေးထွက်ဆိုးကျိုးဆိုတာက ကျွန်တော်တို့အစိုးရက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းချင်တယ်။ ပြည်သူလူထုရဲ့

အထူးကဏ္ဍ (စ) သို့ »»



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် လွှတ်တော်အဆောက်အအုံကို ဝေဟင်မှတွေ့မြင်ရစဉ်။

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

**နိုင်ငံပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဦးတည်ချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နယ်မြေတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးဟာ အဓိက အရေးအကြီးဆုံး ဦးစားပေးကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုက်ပွဲသံတွေမကြားရလို့ နယ်မြေတည်ငြိမ်အေးချမ်းတယ်လို့ ယူဆနိုင်သော်လည်း မူးယစ်ဆေးဝါးမှု၊ တရားမဝင်သစ်ထုတ်လုပ်မှု၊ တရားမဝင်သတ္တုသယံဇာတရှာဖွေတူးဖော်မှုတွေဟာ နယ်မြေတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်တွေအပေါ်မှာ စိန်ခေါ်မှုတွေဖြစ်ပါတယ်။**



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ၂၀၁၆ ခုနှစ် ဧပြီလက ကလေးမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွားပြီးနောက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

**အထူးကဏ္ဍ (င) မှ »»**

ရေရှည်အကျိုးစီးပွားနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို စနစ်တကျနဲ့လုပ်ပေးချင်တယ်။ ဒီတော့ သစ်တောတွေကို ပိတ်တယ်။ တရားမဝင် ရွှေတူးနေတာတွေကို ပိတ်တယ်။ ဒီအခါမှာ ပြည်သူလူထုတွေ အလုပ်လက်မဲ့ဖြစ်ကုန်ပါပြီ၊ ငတ်ကုန်ပါပြီလို့ အော်ကြတယ်။ တကယ်တော့ ကျွန်တော်တို့က ပြည်သူ့အစိုးရ၊ ပြည်သူ့အခြေအနေကို မပြတ်ကြည့်တယ်။ ကျွန်တော်တို့ကို အားပေးတဲ့လူတွေ အောက်ခြေပြည်သူလူထုထဲမှာ အများကြီးရှိတယ်။ တရားခံကတော့ ဝိသမလောဘသမားတွေပါပဲ။ သူတို့အကျိုးစီးပွားအတွက် ဥပဒေကိုချိုးဖောက်ဖို့ နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားရင်း ဘေးထွက်ဆိုးကျိုးတွေဖြစ်ပေါ်လာရတာပါ။ ဒါက ဥပမာတစ်ခုပါပဲ။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မြေယာစီမံခန့်ခွဲရေး၊ ဝန်ထမ်းရေးရာစသည်ဖြင့် ကဏ္ဍတိုင်းမှာ ပြုပြင်ပြောင်းလဲမှုတွေနဲ့အတူ ဘေးထွက်ဆိုးကျိုးတွေနဲ့လည်း တွေ့ကြုံရပါတယ်။ ဒါတွေကို စနစ်တကျဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့ စီမံဆောင်ရွက်လျက်ရှိတယ်။

**စိန်ခေါ်မှုများ**

မေး။ ။ အခြားစိန်ခေါ်မှုတွေရှိတယ်ဆိုရင်လည်း သိချင်ပါတယ်ခင်ဗျာ။

ဖြေ။ ။ နိုင်ငံပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဦးတည်ချက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နယ်မြေတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးဟာ အဓိက အရေးအကြီးဆုံး ဦးစားပေးကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တိုက်ပွဲသံတွေမကြားရလို့ နယ်မြေတည်ငြိမ်အေးချမ်းတယ်လို့ ယူဆနိုင်သော်လည်း မူးယစ်ဆေးဝါးမှု၊ တရားမဝင်သစ်ထုတ်လုပ်မှု၊ တရားမဝင်သတ္တုသယံဇာတရှာဖွေတူးဖော်မှုတွေဟာ နယ်မြေတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်တွေအပေါ်မှာ စိန်ခေါ်မှုတွေဖြစ်ပါတယ်။

**ခွင့်ပြုချက်မဲ့ ငါးမွေးကန်**

မေး။ ။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးစီမံခန့်ခွဲမှုနဲ့စပ်လျဉ်းလို့ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ ပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ ။ သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုတွေကို လေ့လာကြည့်မယ်ဆိုရင် သဘာဝတရားကြောင့် မလွှဲမရှောင်သာဖြစ်ပွားရသလို လူတို့ရဲ့ဆင်ခြင်မှုကင်းမဲ့မှုတွေကြောင့်လည်း ဖြစ်ပွားရတာကို တွေ့ရမှာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုတွေကို လေ့လာကြည့်မယ်ဆိုရင် ရေဝပ်ဧရိယာဧက မြောက်မြားစွာကို ခွင့်ပြုချက်မဲ့ ငါးမွေးကန်တွေအဖြစ် တရားမဝင် ဆောင်ရွက်ထားတာကြောင့်ဖြစ်တယ်ဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။

ရာသီဥတု ဖောက်ပြန်မှုတွေဟာလည်း သစ်တောတွေကို စည်းကမ်းမဲ့စွာ တရားမဝင်ခုတ်ယူကြတာကြောင့်ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ မြစ်ချောင်းတွေ တိမ်ကောရတဲ့ အကြောင်းရင်းတွေကို လေ့လာကြည့်ရင် တရားမဝင်သတ္တုတူးဖော်မှုတွေကနေ စွန့်ပစ်မြေစာတွေကြောင့်ဖြစ်တယ်ဆိုတာကို တွေ့မြင်ကြမှာဖြစ်ပါတယ်။ ဒါတွင်မက သတ္တုသန့်စင်ရာမှာ အသုံးပြုတဲ့ ပြဒါး/အက်စစ်တွေကို စည်းကမ်းမဲ့သုံးစွဲမှုတွေကြောင့် သဘာဝမြေဆီလွှာပျက်စီးတဲ့အပြင် ရေနေသတ္တဝါတွေ သေကျေပျက်စီးရပြီး ရေကောင်းရေသန့်ရရှိနိုင်မှုကိုလည်း များစွာထိခိုက်နေရပြီ ဖြစ်ပါတယ်။

**ရေဝပ်ဧရိယာများ**

ဒါကြောင့် ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်တွေကို အဓိကဦးစားပေးလုပ်ငန်းတွေအဖြစ် ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ တရားမဝင်ငါးကန်တွေ ဖျက်သိမ်းပြီး ရေဝပ်ဧရိယာတွေ ပြန်ပေးရပါမယ်။ သစ်တောတွေ ထိန်းသိမ်းရေးကိုဆောင်ရွက်ဖို့အတွက် နိုင်ငံတော်ရဲ့မူဝါဒအရ သစ်ထုတ်လုပ်မှုတွေကို ရပ်ဆိုင်းထားပါတယ်။ လက်ကိုင်စက်လွှထိန်းချုပ်ရေးအဖွဲ့တွေကို ဖွဲ့စည်းပြီး စစ်ဆေးအရေးယူမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။

တရားမဝင်သစ် သယ်ယူပို့ဆောင်မှုတွေကို ထိထိရောက်ရောက်ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ပြည်သူလူထုက သတင်းပေးတိုင်ကြားမှုတွေလည်း ပိုမိုများပြားလာသလို ဖမ်းဆီးရမိမှုတွေလည်း ရှိခဲ့ပါတယ်။ တရားမဝင်သစ်ဖမ်းဆီးမှုမှာ ဝန်ထမ်းတွေ အသက်ဆုံးရှုံးမှုရှိခဲ့ကြောင်း ဝမ်းနည်းဖွယ်တွေ့ရှိရပါတယ်။ ဒီလို အသက်စွန့်လွှတ်ပြီး တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ထမ်းတွေရှိသလို မှောင်ခိုစီးပွားရေးသမားတွေနဲ့ပေါင်းပြီး သစ္စာမဲ့စွာဆောင်ရွက်နေသူတွေလည်း ရှိနေသေးတာကြောင့် သတင်းအတိအကျ ပေးသော်လည်း ဖမ်းဆီးရမိနိုင်ခြင်းမရှိတဲ့ အခြေအနေတွေလည်း တွေ့နေရပါတယ်။

**သတ္တုကုမ္ပဏီများ**

ဒီလို မသမာမှုတွေကို ထိထိရောက်ရောက်နဲ့ ပြင်းပြင်းထန်ထန် အရေးယူသွားမှာဖြစ်ပါတယ်။ သတ္တုတူးဖော်မှုတွေကို ဥပဒေစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လိုက်နာဆောင်ရွက်စေရေး စောင့်ကြပ်ကြည့်ရှုလျက်ရှိသလို EIA/SIA နဲ့ စပ်လျဉ်းပြီးတော့လည်း ဆန်းစစ်ဆောင်ရွက်လျက်ရှိပါတယ်။ သတ္တုကုမ္ပဏီတွေရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ CSR ဆောင်ရွက်ပေးမှုအခြေအနေတွေကိုလည်း ပြန်လည်စိစစ်သုံးသပ်သွားမှာဖြစ်ပါတယ်။

**ရွှံ့ညွန်များဖုံးလွှမ်း**

ကျွန်တော်တို့အစိုးရအဖွဲ့ တာဝန်ယူခါစမှာ သဘာဝဘေးတွေဖြစ်ပွားခဲ့လို့ ထူးခြားဆောင်ရွက်ပေးမှုအခြေအနေတွေကို အနည်းငယ် တင်ပြလိုပါတယ်။ အဲဒါတွေက ၂၀၁၆ ခုနှစ် ဧပြီလနဲ့ ဇွန်လအတွင်း မိုးများသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် တောင်ကျချောင်းများမှတစ်ဆင့် ရွှံ့ညွန်များဖုံးလွှမ်းသွားပြီး လယ်ယာ၊ ချောင်းမြောင်း၊ ရေတွင်းရေကန် ပျက်စီးဆုံးရှုံးမှုတွေ ကလေးဒေသမှာ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီအခြေအနေမှာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းတွေအပြင် အဓိကပြန်လည်ထူထောင်ရေးလုပ်ငန်းတွေဖြစ်တဲ့ လယ်ယာမြေပြုပြင်ခြင်း(၆၁၆၈)ဧက၊ မြောင်းများပြုပြင်ခြင်းမှာ မြေကျင်းပေါင်း တစ်သိန်းခွဲကျော်နဲ့ ချောင်းများ ရေစီးရေလာကောင်းမွန်အောင်



နာဂဒေသတွင် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

**အထူးကဏ္ဍ (ဆ) သို့ »»**


စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် နိုင်လွန်ကတ္တရာလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အထူးကဏ္ဍ (၈) မှ »»

ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ INGO များ၊ NGO များ၊ စေတနာရှင်များအကူအညီနဲ့ အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**ရေကြီးရေလျှံ**

နောက် ၂၀၁၆ ခုနှစ် မေလမှ ဇွန်လအတွင်း မိုးသီးကြွေ၊ လေပြင်းတိုက်လို့ ပျက်စီးဆုံးရှုံးမှုများနဲ့ ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုတွေအတွက် နိုင်ငံတော်က ထောက်ပံ့ပေးတဲ့ ငွေကျပ် ၁၆၅၂ ဒသမ ၄၆၁ သန်းကို ပြည်သူလူထုထံ မှန်မှန်ကန်ကန်နဲ့ အမြန်ဆုံးရောက်ရှိစေရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၆ ခုနှစ် မေလအတွင်း မုံရွာမြို့မှာ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ နစ်နာခဲ့တဲ့ မွေးမြူရေးလုပ်ငန်းရှင် ၉၈ ဦးအတွက် ငွေကျပ် ၆၆၁ ဒသမ ၉၂၂ သန်းကို နိုင်ငံတော်မှပံ့ပိုးကူညီမှုအပေါ် စနစ်တကျရှိစေရေး စီမံဆောင်ရွက်ပေးခဲ့ပါတယ်။

**မြေငလျင်လှုပ်ခတ်**

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ ညနေ ၅ နာရီ ၅ မိနစ်ခန့်မှာ အင်အား ၆ ဒသမ ၈ ခန့်ရှိတဲ့ မြေငလျင်တစ်ခုဟာ ချောက်မြို့ရဲ့ အနောက်ဘက် ၁၆ မိုင်အကွာကို ဗဟိုပြုပြီး လှုပ်ခတ်သွားတဲ့အတွက်ကြောင့် မြောင်မြို့နယ်ရှိ ရှေးဟောင်းစေတီတော်များ အနည်းငယ် ထိခိုက်ပျက်စီးမှုကိုလည်း အမြန်ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန် တပ်မတော်နဲ့ စေတနာရှင်များနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

နောက်ပြီး မြစ်ချောင်းများ ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကိုကာကွယ်နိုင်ဖို့ ပြည်ထောင်စုက ထောက်ပံ့မှုတွေအပြင် တိုင်းဒေသကြီးရန်ပုံငွေမှ ငွေကျပ် ၅ ဒသမ ၁၁၀ ဘီလီယံကျော် ကျခံသုံးစွဲပြီး မြေထိန်းနံရံများ၊ ရေကာတန်းများ ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**ပညာပေးစခန်း**

ဒီလို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်တွေကို ဆောင်ရွက်နေသလို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကိုလည်း ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ထမံသီ၊ ပင်လည်ဘူး၊ မဟာမြိုင်၊ ချပ်သင်း၊ အလောင်းတော်ကဿပ စတဲ့ သစ်တောကြီးများနဲ့ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းတွေကို စီမံချက်ချ ဆောင်ရွက်နေပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်ပြီး စနစ်တကျထိန်းသိမ်းတတ်တဲ့ အလေ့အကျင့်တွေရရှိအောင် ပညာပေးစခန်းများ တည်ဆောက်ခြင်းများအပြင် သဘာဝခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးအောင်လည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ အရင်အစိုးရထံကနေ လွှဲပြောင်းလက်ခံခဲ့တဲ့ စီမံကိန်းလုပ်ငန်းတွေနဲ့ ရန်ပုံငွေတွေအပေါ် ဆက်လက်စီမံခန့်ခွဲတဲ့ အခြေအနေတွေကိုလည်း သိလိုပါတယ်။

ဖြေ။ ။ ကျွန်တော်တို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ အရင်အစိုးရထံကနေ လွှဲပြောင်းလက်ခံတဲ့ ရန်ပုံငွေအစီအစဉ်မှာပါရှိတဲ့လုပ်ငန်းများကို စီမံကိန်းတွေကို ပြန်လည်သုံးသပ်စိစစ်ပြီး လတ်တလော မလိုအပ်သေးတဲ့လုပ်ငန်းများကို ရပ်ဆိုင်းလိုက်တဲ့အတွက် ငွေကျပ် ၈၃၅၂ ဒသမ ၁၈၉ သန်း ပြန်ရလာပါတယ်။ ဒါ့အပြင် တင်ဒါတွေ စနစ်တကျ ခေါ်ယူခဲ့ရာမှာ ပိုလျှံငွေကျပ် ၄၂၈၄ ဒသမ ၉၄၃ သန်း ထွက်ရှိလာပါတယ်။ ဌာနအသီးသီးရဲ့ စိစစ်သုံးစွဲမှုများကြောင့် ပထမအကြိမ်ပိုလျှံရန်ပုံငွေပြန်အပ်သည့် ၁၄၃၃ ဒသမ ၁၂၅ သန်းဖြစ်လို့ စုစုပေါင်းကျပ် ၁၄ ဘီလီယံကျော်ကို ဒေသဖွံ့ဖြိုးရေးအတွက် အမြန်ဆုံးနဲ့ ထိထိရောက်ရောက်အကျိုးပြုနိုင်တဲ့လုပ်ငန်းများကို ပြောင်းလဲဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**လမ်းတံတားတွေအသစ်ဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ပြည်ထောင်စုမှရန်ပုံငွေ ၄၀ ဒသမ ၉၉၂ ဘီလီယံကျော်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေ ၈၁ ဒသမ ၈၁၁ ဘီလီယံကျော် စုစုပေါင်း ကျပ် ၁၂၂ ဘီလီယံကျော် အကုန်အကျခံဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။**


ဝန်းသို-အင်းတော်လမ်းပေါ်ရှိ မဲဇာချောင်းတံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။

**အဆင့်မြှင့်လယ်ဧက ၅၀၀ နှင့် မြေလွတ်မြေရိုင်း လယ်ဧက ၁၀၀၀ ဖော်ထုတ်**

ဒီလိုဆောင်ရွက်ခဲ့တဲ့ စီမံကိန်းတွေထဲမှာ စိုက်ပျိုးရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ပြည်ထောင်စုမှရန်ပုံငွေကျပ် ၁ ဒသမ ၇၈၈ ဘီလီယံနဲ့ တိုင်းဒေသကြီး ရန်ပုံငွေ ကျပ် ၅ ဒသမ ၆၁၉ ဘီလီယံ၊ စုစုပေါင်း ကျပ် ၇ ဒသမ ၄၂၇ ဘီလီယံသုံးစွဲပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီနေရာမှာ အဆင့်မြှင့် လယ်ဧက ၅၀၀ နဲ့ မြေလွတ်မြေရိုင်းမှ လယ်ဧက ၁၀၀၀ ကို ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။

လမ်းတံတားတွေအသစ်ဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ပြည်ထောင်စုမှရန်ပုံငွေ ၄၀ ဒသမ ၉၉၂ ဘီလီယံကျော်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေ ၈၁ ဒသမ ၈၁၁ ဘီလီယံကျော် စုစုပေါင်း ကျပ် ၁၂၂ ဘီလီယံကျော် အကုန်အကျခံဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ချင်းတွင်းမြစ်အထက်ပိုင်းဒေသတွေအနေနဲ့ ရေလမ်းကြောင်းကိုသာ အဓိကအားထားပြီးသွားလာနေရာကနေ ကားလမ်းနဲ့ ရာသီမရွေးသွားလာနိုင်ဖို့ ဖောင်းပြင်-ပင်လည်ဘူးလမ်းအသစ်ပိုင်း ၂၉ မိုင်ကို အဆင့်မြှင့်တင်ဖို့ နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေကနေ ကျပ် ၅ ဒသမ ၅၇၅ ဘီလီယံ ထောက်ပံ့ငွေရရှိရေး တင်ပြဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ပြည်သူတွေ လျှပ်စစ်မီးရရှိသုံးစွဲနိုင်မှသာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစတဲ့ အဘက်ဘက်က ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ဖို့ဆောင်ရွက်ရာမှာ တိုင်း

အထူးကဏ္ဍ (၉) သို့ »»

အထူးကဏ္ဍ (ဆ) မှ »»

ဒေသကြီးရန်ပုံငွေကနေ ကျပ် ၁၀ ဒသမ ၅၆၆ ဘီလီယံ သုံးစွဲနိုင်ခဲ့ပါတယ်။

**ကျေးဇူးဆပ်နိုင်**

ဒီလို လယ်ယာမြေတွေဖော်ထုတ်ပေးခြင်း၊ လမ်းကွန်ရက်တွေကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခြင်း၊ လျှပ်စစ်မီးများရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းတို့ကြောင့် ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ထူးခြားတဲ့ အကျိုးကျေးဇူးတွေကို ခံစားရရှိနိုင်တယ်လို့ ယုံကြည်ပါတယ်။ ဒ့ါအပြင် အခြားစီမံကိန်းတွေကြောင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနိုင်တာကြောင့် ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ပြည်သူလူထုကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျေးဇူးဆပ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့ဟာ ပြည်သူ့အကျိုးစီးပွားကိုဖော်ဆောင်ဖို့၊ ပြည်သူကိုအလုပ်အကျွေးပြုဖို့ စိတ်အားအလွန်ထက်သန်တာနဲ့အညီ တိုင်ကြားစာစိစစ်ရေးကော်မတီကိုလည်း စနစ်တကျဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ပြောင်းလဲမှုကို လိုလားတောင့်တနေတဲ့ ပြည်သူလူထုအနေနဲ့လည်း သတင်းပေးပို့မှုများစွာကို နည်းလမ်းပေါင်းစုံမှ ဆောင်ရွက်ခွင့်ရရှိနေခြင်းသည်ပင်လျှင် ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကြွေးကြော်သံအတိုင်း ပြောင်းလဲမှုရဲ့ ထင်သာမြင်သာတဲ့ ပြယုဂ်တစ်ခုပင်ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

**မြေယာကိစ္စ အလေးထား**

မေး။ ။ လယ်ယာမြေနဲ့ အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရုံးဖွင့်ထားတာကိုတွေ့ရတဲ့အတွက် ဒီက မြေယာကိစ္စများနဲ့စပ်လျဉ်းပြီးတော့ အကြမ်းဖျင်းအခြေအနေလေး ပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ။ ။ တိုင်ကြားစာတွေထဲမှာ အများဆုံး တိုင်ကြားတဲ့ အကြောင်းအရာကတော့ မြေယာကိစ္စတွေပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ခေတ်စနစ်တစ်ခုမှာ မြေဧရိယာမြောက်မြားစွာကို လက်ဦးမှုရယူသိမ်းပိုက်ထားပြီး ဘယ်လုပ်ငန်းကိုမှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိတာကြောင့် နိုင်ငံတော်အတွက်သော်လည်းကောင်း၊ မူလပိုင်ရှင်များ အတွက်သော်လည်းကောင်း၊ အခြားလုပ်ကိုင်လိုသူများအတွက်သော်လည်းကောင်း ဆုံးရှုံးနစ်နာနေရတဲ့ မြေနေရာများ မြောက်မြားစွာရှိပါတယ်။

လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်နဲ့ မြေလွတ်မြေလပ်မြေရိုင်းများကို ရယူထားတဲ့ နည်းလမ်းအတိုင်း အသုံးမပြုခြင်းများဟာ ဥပဒေအရ အရေးယူဆောင်ရွက်ရမယ့်ကိစ္စတွေ ဖြစ်ပါတယ်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ အလွန်အလေးထားပါတယ်။ အမှုတွဲတွေ မှန်မှန်ကန်ကန်နဲ့ မြန်မြန်ဆန်ဆန်ပြီးပြတ်အောင် စနစ်တကျစီမံဆောင်ရွက်နေပါတယ်။

မေး။ ဖြည့်စွက်ပြောချင်တာရှိရင် ပြောနိုင်ပါတယ်ခင်ဗျာ။


ဖြေ။ ။ ဒီမိုကရေစီရေချိန်နဲ့အတူ မီဒီယာကလည်း ထောက်ပြဝေဖန်မှုတွေ ပိုမိုရှိလာတဲ့အတွက် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုစတဲ့ ဒီမိုကရေစီကျင့်စဉ်များ ရှင်သန်ရင့်ကျက်ပြီး ကျွန်တော်တို့ရဲ့ ပြောင်းလဲမှုတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ဆင်အင်တိုက်နယ်ဆေးရုံဆောက်လုပ်နေမှုကို တွေ့ရစဉ်။

ပြောင်းလဲမှုကို လိုလားတောင့်တနေတဲ့ ပြည်သူလူထုအနေနဲ့လည်း သတင်းပေးပို့မှုများစွာကို နည်းလမ်းပေါင်းစုံမှ ဆောင်ရွက်ခွင့်ရရှိနေခြင်းသည် ပင်လျှင် ပြောင်းလဲချိန်တန်ပြီ ဆိုတဲ့ ကြွေးကြော်သံအတိုင်း ပြောင်းလဲမှုရဲ့ ထင်သာမြင်သာတဲ့ ပြယုဂ်တစ်ခုပင်ဖြစ်တယ်လို့ ဆိုချင်ပါတယ်။



သိမ်းဆည်းရမိထားသည့် တရားမဝင်သစ်များ။



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် တည်ဆောက်နေသော နန္ဒဝန်အိမ်ရာစီမံကိန်း။